# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ တန်ဆောင်မုန်းလပြည့်ကျော် (၃) ရက် ၊ ကြာသပတေးနေ့ ၊ (10-11-2022) ၊ အတွဲ (၃၁) ၊ အမှတ် (၁၉၄)


ဒို့တာဝန်အရေးသုံးပါး

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

(၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

(၂) လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

(၃) ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့်စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

(၄) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

(၅) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# Naypyitaw State Academy ဖွင့်ပွဲအခမ်းအနားကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Naypyitaw State Academy ဆိုင်းဘုတ်ကို ဂေါ်လျော့ကာ ဖွင့်လှစ်ပေးစဉ်။

**နေပြည်တော် နိုဝင်ဘာ ၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပညာရေးဝန်ကြီးဌာန **Naypyitaw State Academy** ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒေါ်အေးနုစိန်၊ **Jeng Phang** နော်တောင်၊ ဦးမောင်းဟာနှင့် ဦးစိုင်းလုံးဆိုင်၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဖိတ်ကြားထားသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါ်အေးနုစိန်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊


**စာမျက်နှာ ၁၆ ကော်လံ ၁ ☞**


တိုင်းဒေသကြီးပြည်နယ်တစ်ခုစီမှ အနည်းဆုံး တက္ကသိုလ်တစ်ခုတွင် ပါရဂူဘွဲ့ချီးမြှင့်သည့် သင်တန်းတစ်ခု အနည်းဆုံး ဖွင့်လှစ်ရန်နှင့် ယင်းပါရဂူဘွဲ့သင်တန်းဖွင့်လှစ်သည့်တက္ကသိုလ်တစ်ခုစီကိုလည်း တက္ကသိုလ်အင်္ဂါရပ်များ ပြည့်စုံအောင် နိုင်ငံတော်မှ ဖြည့်ဆည်းပေးသွားမည်...




ရတနာပုံ
၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၀ ရက်
အယ်ဒီတာ့အာဘော်

# ဘဝအဆင့်အတန်းတိုးတက်မြင့်မားစေမည့် စာဖတ်ခြင်း

စာပေဖတ်ရှုခြင်းသည် ဘဝအတွက် အဆိုး၊ အကောင်းကို ဝေဖန်ပိုင်းခြားနိုင်သော အသိကို ရရှိစေသည်။ ခန္ဓာကိုယ်အင်အားပြည့်ဖြိုးရန် အစာစားကြသကဲ့သို့ ဦးနှောက်အသိဉာဏ်ဖွံ့ဖြိုးရန် အတွက်လည်း စာဖတ်ကြရန်လိုသည်။ စာဖတ်ခြင်းသည် ဦးနှောက်ကို အစာကျွေးခြင်းပင်ဖြစ်သည်။ မိမိတို့ဘဝ တိုးတက်ရန်အတွက် စာဖတ်ရန်လိုသည်။

စာပေထဲတွင် လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးနှင့် ပန်းချီ၊ ဂီတ၊ ဆေးပညာ၊ သုတ၊ ရသ စသည့် အကြောင်းအရာများ သစ်ပင်သစ်တောအကြောင်း၊ စိန်ရွှေရတနာအကြောင်းနှင့် ရေမြေတောတောင် ရာသီဥတုအကြောင်းများ အစုံအလင်ရှိသည်။ မိမိသိလိုသည်များကို နားလည်တတ်ကျွမ်းရန် ဖတ်ရှု လေ့လာနိုင်သည်။ လူ့ဘဝတွင် လိုအပ်သော အသိပညာများကို ပေးစွမ်းနိုင်သည်မှာ စာအုပ်စာပေ ပင်ဖြစ်သည်။ ထို့ကြောင့် စာအုပ်စာပေ လူ့မိတ်ဆွေဟု ဆိုထားသည်။ စာဖတ်ခြင်းသည် အသိအမြင် ကွယ်ဝကာ တွေးခေါ်မြော်မြင်မှုကို ရင့်ကျက်စေသည်။ ထို့ပြင် အောင်မြင်မှုနှင့် ကောင်းသော အကျိုးကျေးဇူးများရရှိနိုင်သည်။

မြန်မာနိုင်ငံတွင် စာရေးဆရာအသင်းက စာဆိုတော်နေ့အထိမ်းအမှတ်အဖြစ် သက်ကြီးစာပေ ပညာရှင်များကန်တော့ပွဲကို ယခုနှစ် ဒီဇင်ဘာလအတွင်း ရန်ကုန်မြို့တော်ခန်းမ၌ (၃၅)ကြိမ်မြောက် ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံစာရေးဆရာအသင်းမှ သိရသည်။ သက်ကြီးစာပေပညာရှင် များအား ရိုသေလေးစားစွာ ကန်တော့သည့်အခမ်းအနားပွဲသည် မိမိတို့ နိုင်ငံတစ်နိုင်ငံတည်း၌သာရှိပြီး အလေးအမြတ်ထားကျင်းပသည်မှာ ဂုဏ်ယူဖွယ်ဖြစ်သည်။

စာဖတ်ခြင်းသည် ဗဟုသုတတိုးပွားရုံသာမက မိမိမသိသေးသည့် အခြားကောင်းမွန်သော အကျိုးကျေးဇူးများစွာရှိသည်။ ထို့ကြောင့် အားလပ်သောအချိန်များတွင် စာဖတ်ရန်လိုသည်။ စာဖတ် ခြင်းသည် ဦးနှောက်ကို ပိုမိုလှုံ့ဆော်ပေးနိုင်ခြင်း၊ အာရုံစိုက်မှုအားကောင်းစေခြင်း၊ ဗဟုသုတများ ကြွယ်ဝစေခြင်း၊ စိတ်ဖိစီးမှုလျော့ကျစေခြင်း စသည့်အကျိုးကျေးဇူးများရရှိနိုင်ပေသည်။

လူတစ်ဦး၏ တိုးတက်မှု၊ ဆုတ်ယုတ်မှုဟူသည် အသိဉာဏ်ရှိခြင်း၊ မရှိခြင်းအပေါ် လုံးဝတည်မှီ နေသည်။ အသိဉာဏ်ကျယ်ပြန့်လေ တိုးတက်လေဖြစ်ပြီး အသိဉာဏ်နည်းလေ ဆုတ်ယုတ်လေဖြစ် သည်။ အသိဉာဏ်ကျယ်ပြန့်ရေးအတွက် စာဖတ်ရပေမည်။ လူကိုစိတ်ကဦးဆောင်သည်။ စိတ်ကို ဉာဏ်ပညာက ဦးဆောင်သည်။ ဉာဏ်ပညာကို ဗဟုသုတကဦးဆောင်သည်။ ထိုကြောင့် ဗဟုသုတ ရှိရန် စာများများဖတ်ရန်လိုသည်။

လူမှုဘဝကျင်လည်ရာတွင် စာပေနှင့်မကင်းကွာသူသည် စာရိတ္တကိုထိန်းကျောင်းနိုင်၏။ မေတ္တာ တရားနှင့်ပြည့်ဝ၏။ စာဖတ်ခြင်းသည် အဆိုးမှအကောင်းကို ပြောင်းလဲစေနိုင်သည်။ ထို့ကြောင့် 'အလိမ္မာစာမှာရှိ'ဟူသောစကားအတိုင်း လိမ္မာယဉ်ကျေးစေရန် စာဖတ်ရန်လိုသည်။ စာဖတ်ခြင်းသည် အချိန်ကြာလေ အကျိုးကျေးဇူးများလေဖြစ်သည်။

သို့ဖြစ်ရာ စာဖတ်ခြင်းအကျိုးကို ပြည့်ပြည့်ဝဝရရှိရန် စာကောင်းပေကောင်းများကို ရွေးချယ် ဖတ်ရန်လိုသည်။ စာဖတ်ခြင်းဖြင့် စာပေမှပေးသော အသိဉာဏ်ဗဟုသုတများရရှိစေသကဲ့သို့ မိမိ ဘဝအဆင့်အတန်းတိုးတက်မြင့်မားလာစေမှုကိုလည်း အထောက်အကူပြုစေမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

# မန္တလေးတိုင်းဒေသကြီးတွင် ယခုဘဏ္ဍာနှစ်အတွင်း အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ကာလတိုသင်တန်း ၅၃ ကြိမ်ဖွင့်လှစ်ပြီးဖြစ်



မန္တလေး နိုဝင်ဘာ ၉

မန္တလေးတိုင်းဒေသကြီးတွင် ပြည်သူများ တစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေးထူထောင်နိုင် ရန်အတွက် ယခုဘဏ္ဍာနှစ်အတွင်း အသက်မွေးဝမ်းကျောင်းအထောက် အကူပြု ကာလတိုသင်တန်း ၅၃ ကြိမ်ဖွင့်လှစ်ပြီးဖြစ်ကြောင်း မန္တလေး တိုင်းဒေသကြီး အသေးစားစက်မှု လက်မှုလုပ်ငန်းဦးစီးဌာနမှသိရသည်။

မြို့ပေါ်နှင့် ကျေးလက်နေ လူငယ်၊ လူရွယ်များ အလုပ်အကိုင် အခွင့်အလမ်းရရှိရန် ရည်ရွယ်၍ ကာလတို အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများ ကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိ ကြောင်း၊ အဆိုပါ သင်တန်းများကို ယခုဘဏ္ဍာနှစ်တွင် ၇၅ ကြိမ်ဖွင့် လှစ်သင်ကြားပေးရန် လျာထားခဲ့ ရာ ယနေ့ထိ ကာလတိုသင်တန်း ၅၃ ကြိမ်ဖွင့်လှစ်ပြီးဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး အသေး စားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်က ပြောပြသည်။

"ဘဏ္ဍာနှစ်အလိုက် အသက် မွေးဝမ်းကျောင်းအထောက်အကူပြု ကာလတိုသင်တန်းတွေကို မြို့ပေါ် နဲ့ ကျေးလက်နေပြည်သူတွေအတွက် သင်ကြားပေးနေတာပါ။ အခုလို သင်ကြားပေးခြင်းဖြင့် မိသားစု အိုးမကွာအိမ်မကွာနဲ့ နေနိုင်ပြီး တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်း တွေကို ထူထောင်လာနိုင်မှာပါ။ ပြည်သူတွေလဲအလုပ်အကိုင်အခွင့် အလမ်းတွေရရှိပြီး ထုတ်ကုန်တွေ ထုတ်လုပ်ရောင်းချနိုင်တာကြောင့် ဝင်ငွေတွေလဲ တိုးတက်လာမှာပါ။ မိတ်ဖက်ဌာနတွေနဲ့ ပူးပေါင်း ဖွင့်လှစ်ပေးတဲ့ သင်တန်းတွေလဲ ရှိပါတယ်။ ဒီဘဏ္ဍာနှစ်မှာ လျာ ထားတာက ၇၅ ကြိမ်ပါ။ လက်ရှိမှာ တော့ ကာလတိုသင်တန်းက ၅၃ ကြိမ်ဖွင့်ပြီးပါပြီ။ ဆက်လက်ပြီး တော့လဲ ဖွင့်လှစ်သင်ကြားပေး နေပါတယ်"ဟု ဦးဝင်းဗိုလ်က ပြောပြသည်။

အဆိုပါ သင်တန်းများမှာ လူသုံးကုန်နှင့် အလှကုန်ထုတ်လုပ် မှုနည်းပညာသင်တန်း၊ တန်ဖိုးမြင့် စားသောက်ကုန်ထုတ်လုပ်မှုနည်း ပညာသင်တန်း၊ လျှပ်စစ်သံဂဟေ ဆက်သင်တန်း၊ အခြေခံမော်တော် ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်း သင်တန်းများဖြစ်ပြီး စာတွေ့၊ လက် တွေ့ဖြင့် အခမဲ့သင်ကြားပေးလျက် ရှိကြောင်း သိရသည်။ (၁၈၅)

# မန္တလေးဈေးကွက်တွင် ပဲပုပ်(ရှမ်း)အရောင်းအဝယ်ကောင်းလာပြီး ၅၃ ပိဿာဝင်တစ်အိတ်လျှင် ငွေကျပ် ၁၅၈၀၀၀ ထိပေါက်ဈေးရှိနေ

မန္တလေး နိုဝင်ဘာ ၉

မန္တလေးဈေးကွက်တွင် ပဲပုပ် (ရှမ်း) အရောင်းအဝယ်ကောင်း လာပြီး ၅၃ ပိဿာဝင်တစ်အိတ် လျှင် ငွေကျပ် ၁၅၈၀၀၀ ထိပေါက် ဈေးရှိနေကြောင်း ပွဲစားကုန်သည် စက်ပိုင်များ မဟာကထိန်တော် အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေ က ပြောပြ၍ သိရသည်။

ပြည်တွင်းမှထွက်ရှိသည့် ပဲပုပ် (ရှမ်း)များကို ယခုလက်ရှိတွင် ပြည်ပမှ ပြန်လည်ဝယ်ယူမှုများရှိ လာကြောင်း၊ မန္တလေးဈေးကွက် အတွင်း၌ စက်တင်ဘာလ ပထမ ပတ်က ပဲပုပ်(ရှမ်း)များ အရောင်း အဝယ်အေးနေခဲ့သော်လည်း ယခု အခါ ပဲပုပ်(ရှမ်း)များ အရောင်း အဝယ် ကောင်းလျက်ရှိကြောင်း သိရသည်။

"အခုလက်ရှိမှာ ပဲပုပ် (ရှမ်း) တွေကို ပြည်ပကကော ပြည်တွင်း ကပါ ဝယ်ယူမှုအားကောင်းလာတာ ကြောင့် အရောင်းအဝယ်ကောင်း လာပြီး မန္တလေးဈေးကွက်ထဲမှာ ဈေးကောင်းရနေပါတယ်။ ပဲပုပ် (ရှမ်း)ကတော့ မန္တလေးဈေးကွက် အတွင်းကော အခြားမြို့တွေက ပါ တော်တော်လေး အဝယ်လိုက် လာတာကြောင့် ဈေးကောင်း ရနေတယ်။ နောက်ပိုင်း မန္တလေး ဈေးကွက်ထဲ ပဲပုပ်(ရှမ်း)တွေ အခုထက်ပိုပြီး ဈေးကောင်းရလာ နိုင်ပါတယ်"ဟု ပွဲစားကုန်သည် စက်ပိုင်များ မဟာကထိန်တော် အသင်း(မန္တလေးကုန်စည်ဒိုင်)အတွင်း ရေးမှူး ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်တွင် အောက် တိုဘာလ နောက်ဆုံးပတ်အတွင်း က ပဲပုပ်(ရှမ်း)ဈေးနှုန်းမှာ ၅၃ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၁၅၀၀၀၀ သာပေါက်ဈေးရှိခဲ့သော် လည်း ယနေ့ပေါက်ဈေးအရ ပဲပုပ် (ရှမ်း)ဈေးနှုန်းမှာ ၅၃ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၁၅၈၀၀၀ ထိပေါက်ဈေးရှိလာပြီး ဈေးကောင်း ရရှိနေကြောင်း သိရသည်။ (၁၈၄)

# ဗန်းမော်ဆိပ်ကမ်းမှ မန္တလေးချော်ဆိပ်ကမ်းသို့ အဝတ်အထည်နှင့် လူသုံးကုန်ပစ္စည်းများတင်ပို့သည့်သင်္ဘော များပြားလာ

မန္တလေး နိုဝင်ဘာ ၉

ဗန်းမော်ဆိပ်ကမ်းမှ မန္တလေး ချော်ဆိပ်ကမ်းသို့ အဝတ်အထည် နှင့်လူသုံးကုန်ပစ္စည်းများ တင်ပို့ သည့်သင်္ဘော များပြားလာကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိက ရေယာဉ်များ စည်းကမ်းထိန်းသိမ်း ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမောင် က ပြောပြ၍ သိရသည်။

ဧရာဝတီမြစ်ရေလမ်းကြောင်း ဗန်းမော်ဆိပ်ကမ်းမှ ချော်ဆိပ်ကမ်း သို့ စားသောက်ကုန်၊အဝတ်အထည် နှင့် လူသုံးကုန်ပစ္စည်းများ တင်ပို့ လျက်ရှိရာ ယခုလက်ရှိ ၎င်းကုန် စည်များထဲမှ အဝတ်အထည်နှင့် လူသုံးကုန်ပစ္စည်းတင်ပို့မှု များ ပြားနေကြောင်း သိရသည်။

"အခုဧရာဝတီမြစ်အတွင်း ရေ နည်းချိန်ကာလဖြစ်ပေမဲ့ကုန်စည် စီးဆင်းမှုကတော့ ပုံမှန်အတိုင်းပဲ လည်ပတ်နေတယ်။ ဧရာဝတီမြစ် ရေလမ်းကြောင်း ဗန်းမော်ဘက် ကနေအဝတ်အထည်၊ လူသုံးကုန် ပစ္စည်းတွေနဲ့ ပရိဘောဂပစ္စည်းတွေ ဖြစ်တဲ့ ထိုင်ခုံတွေ၊ ဗီရိုတွေ စတဲ့ ကုန်စည်တွေ ချော်ဆိပ်ကမ်းကို တင်ပို့တဲ့ကုန်တင်သင်္ဘောတွေ အခု တော်တော်လေး များလာတယ်"ဟု ဦးဝင်းမောင်က ပြောပြသည်။

ဗန်းမော်ဘက်မှ ချော်ဆိပ်ကမ်း သို့ အဝတ်အထည်နဲ့ ပရိဘောဂ အပါအဝင် အခြားလူသုံးကုန်ပစ္စည်း တင်ပို့သည့် ကုန်တင်သင်္ဘောများမှာ အောက်တိုဘာလ နောက်ဆုံးပတ် က ၁၀ စီးကျော်သာ ရှိခဲ့သော် လည်း ယနေ့မှစ၍ ကုန်ပစ္စည်း တင်ပို့သည့် သင်္ဘောအစီးရေ ၃၀ ကျော်ထိ ရှိလာကြောင်း၊ အလား တူ မန္တလေးဆိပ်ကမ်းမှ ရန်ကုန်၊ ကသာ၊ ထီးချိုင့်နှင့် ဗန်းမော် စသည့်မြို့များသို့ ကုန်ပစ္စည်းများ တင်ပို့သည့် ကုန်တင်သင်္ဘောအစီး ရေ စုစုပေါင်း ၃၀၀ ကျော်ရှိလာ ကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စည်းကမ်း ထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ဦးဝင်းမောင်က ပြောပြ၍ သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ဖြင့်လုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ချောင်းဆုံမြို့နယ် ကျေးရွာနှစ်ရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

**ချောင်းဆုံ နိုဝင်ဘာ ၉**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ချောင်းဆုံမြို့နယ်၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကဒါကျေးရွာနှင့် ကွမ်းရိုက်ကျေးရွာတို့တွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မွန်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ဝေထွန်း၊ မော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်နွယ်ဦး၊ ချောင်းဆုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန်းစန်းမော်နှင့် ဝန်ထမ်းများက သက်ဆိုင်ရာကျေးရွာလမ်းကော်မတီဝင်များနှင့်အတူ ကဒါကျေးရွာနှင့် ကွမ်းရိုက်ကျေးရွာတို့၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူးက လိုအပ်သည်များ မှာကြားခဲ့သည်။

ကဒါကျေးရွာတွင် အရှည်ပေ ၁၂၂၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ငွေ့နှလစတုတ္ထပတ်က ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေကျပ် ၃၈ ဒသမ ၉ သန်းဖြင့် ပြည့်ဇာနည်ကုမ္ပဏီကလည်းကောင်း၊ ကွမ်းရိုက်ကျေးရွာတွင် အရှည် ၁၁၇၆ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ငွေ့နှလစတုတ္ထပတ်က ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေကျပ် ၃၃ ဒသမ ၅ သန်းဖြင့် Hin Thar Min ကုမ္ပဏီကလည်းကောင်း ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်းခန့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးရွာနှစ်ရွာတွင် ကုန်ထုတ်လမ်းလုပ်ငန်းများ ဆောင်ရွက်ပြီးပါက ကျေးရွာနေပြည်သူများ ယခင်ကထက် လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ကျေးရွာမှထွက်ရှိလာသော ထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်သို့ ကုန်ကျစရိတ် သက်သာစွာဖြင့် သယ်ယူပို့ဆောင်နိုင်တော့မည်ဖြစ်ကြောင်း ချောင်းဆုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စန်းစန်းမော်က ပြောပြ၍ သိရသည်။ **သုတ**

# လက်ပံတန်းမြို့နယ် ငါးကျိုးအင်းကျေးရွာ၌ အခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲကျင်းပ

**လက်ပံတန်း နိုဝင်ဘာ ၉**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၈ ရက်က ငါးကျိုးအင်းကျေးရွာ ဘုန်းတော်ကြီးကျောင်း မဏ္ဍပ်၌ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ လက်ပံတန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်စိုးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သင်တန်းနည်းပြဆရာမ ဒေါ်မိမိအောင်က သင်တန်းတွင်လိုက်နာရမည့်စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော ဌာနဆိုင်ရာတာဝန်ရှိသူများက သင်တန်းသားများကို သင်ထောက်ကူပစ္စည်းများ ပေးအပ်သည်။

အဆိုပါသင်တန်းသို့ သင်တန်းသူ ၂၅ ဦး တက်ရောက်ကြပြီး သင်တန်းတွင် လုံချည်ပတ်လည်ဒေါက်ချုပ်နည်း၊ ဘောင်းဘီချုပ်နည်း၊ အမျိုးသမီးအင်္ကျီချုပ်နည်း၊ ချိတ်စကပ်ချုပ်နည်း အစရှိသော ဘာသာရပ်များကို သင်တန်းနည်းပြဆရာမက စာတွေ့၊လက်တွေ့ဖြင့် နိုဝင်ဘာ ၈ ရက်မှ ဒီဇင်ဘာ ၇ ရက်ထိ ရက် ၃၀ ရက်ကြာအခမဲ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**အေးမြတ်**

# ကျုံပျော်မြို့နယ်တွင် ယခုနှစ်စိုက်ပျိုးခဲ့သော မိုးစပါး ၁၁၅၄၀၈ ဧက ရိတ်သိမ်းနေပြီး တစ်ဧကလျှင် ၉၇ တင်းထွက်ရှိ



**ကျုံပျော် နိုဝင်ဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့တွင် ယခုနှစ်၌ မိုးစပါး ၁၁၅၄၀၈ ဧကကို စိုက်ပျိုးခဲ့ရာ ယခုအခါ ပြန်လည်ရိတ်သိမ်းနေပြီး တစ်ဧကလျှင် ၉၇ တင်း ထွက်ရှိကြောင်း ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြသည်။

ကျုံပျော်မြို့နယ်တွင် ယခုနှစ်မိုးစပါး ၁၁၅၄၀၈ ဧကကို ဇူလိုင်လ ဒုတိယပတ်က စိုက်ပျိုးခဲ့ပြီး နိုဝင်ဘာလ ပထမပတ်က စတင်ရိတ်သိမ်းနေပြီဖြစ်ကြောင်း၊ ယခုနှစ် မိုးစပါးများ ပြန်လည်ရိတ်သိမ်းခဲ့ရာ စပါးတစ်ဧကလျှင် ၉၇ တင်း ထွက်ရှိကြောင်း သိရသည်။

"အခုနှစ်အတွက် မိုးစပါးကို လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ခဲ့တယ်။ အခုနှစ် တောင်သူတွေ မိုးစပါးကိုအခက်အခဲမရှိစိုက်ပျိုးနိုင်ဖို့အတွက် စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ သွင်းအားစုတွေကို ပံ့ပိုးပေးခဲ့တယ်။ ဒါ့ပြင် မိုးစပါးတစ်ဧကကို တင်း ၁၀၀ ထိထွက်ရှိစေဖို့အတွက် စီမံချက်ချမှတ်ဆောင်ရွက်ခဲ့ပါတယ်။ ဆောင်ရွက်ခဲ့တဲ့အတိုင်း အခု ပြန်လည်ရိတ်သိမ်းတဲ့အခါ အထွက်နှုန်းကောင်းပါတယ်။ အရင်နှစ်က စပါးတစ်ဧက ၉၂ တင်းထွက်ရှိခဲ့ပေမဲ့ ဒီနှစ်မှာ စပါးတစ်ဧက ၉၇ တင်း ထွက်ရှိပါတယ်"ဟု ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြသည်။

ကျုံပျော်မြို့နယ်တွင် ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် မိုးစပါး ၁၁၅၄၀၈ ဧကကို အခက်အခဲမရှိ စိုက်ပျိုးရန်အတွက် ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၊ ကျုံပျော်မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်စိုက်ပျိုးခဲ့ကြောင်း၊ ယခုအခါပြန်လည် ရိတ်သိမ်းရာတွင် ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၊ ကျုံပျော်မြို့နယ် စက်မှုလယ်ယာ ဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ရိတ်သိမ်းနေကြောင်း၊ အဆိုပါ ပြန်လည်ရိတ်သိမ်းနေသည့် မိုးစပါးများသည် အရည်အသွေးလည်း ကောင်းမွန်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်က ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

# စလင်းမြို့နယ် ပျိုးခင်းကုန်းကျေးရွာတွင် ကုန်ထုတ်လမ်းဆောင်ရွက်နိုင်ရေးကွင်းဆင်းတိုင်းတာ

**စလင်း နိုဝင်ဘာ ၉**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်နှင့်မြို့ပြကွာဟမှုကျဉ်းမြောင်းစေရေးအတွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ပျိုးခင်းကုန်းကျေးရွာ၌ ကုန်ထုတ်လမ်းဆောင်ရွက်နိုင်ရေးအတွက် နိုဝင်ဘာ ၈ ရက် နံနက် ၁၀ နာရီက တာဝန်ရှိသူများ ကွင်းဆင်းတိုင်းတာခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းတိုင်းတာရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးခိုင်နှင့် အင်ဂျင်နီယာများသည် ပျိုးခင်းကုန်းကျေးရွာ အုပ်ချုပ်ရေးမှူး၊ ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ကျေးရွာအတွက် လိုအပ်နေသော ကုန်ထုတ်လမ်း၏ လက်ရှိ လမ်းအရှည်၊ လမ်းအကျယ်နှင့် မြေပြင်အခြေအနေအရ တံတားနှင့် ရေပြွန်များဆောင်ရွက်ရန်လိုအပ်မှု၊ လမ်းအကြောင်းအခြေအနေနှင့် မြေနေရာရရှိနိုင်မှုအခြေအနေများကို စနစ်တကျတိုင်းတာပြီး လုပ်ငန်းမဆောင်ရွက်မီ အကြိုကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကုန်ထုတ်လမ်းသည် ပျိုးခင်းကုန်း၊ စဉ့်တူကန်ကျေးရွာ ကုန်းတဲကျေးရွာနှင့် နတ်စဉ်ကုန်းကျေးရွာတို့ရှိ ဒေသခံတောင်သူများ၏ အဓိကအားထားရာလမ်းဖြစ်ကြောင်း သိရသည်။

**အထွေး**

# တောင်ကြီးမြို့နယ် ဘန့်ကွဲကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေးသင်တန်းဖွင့်လှစ်

**တောင်ကြီး နိုဝင်ဘာ ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် တောင်ကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနတို့နှင့် ပူးပေါင်းဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု စိုက်ပျိုးရေး၊ မွေးမြူရေးသင်တန်းကို နိုဝင်ဘာ ၈ ရက် နံနက်ပိုင်းက ဘန့်ကွဲကျေးရွာ ခန်းမ၌ ဖွင့်လှစ်ကြောင်း သိရသည်။

ရှေးဦးစွာ တောင်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဝင်းစန္ဒာက အသက်မွေးဝမ်းကျောင်းအထောက်အကူပြု စိုက်ပျိုးရေး၊ မွေးမြူရေးကို ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ဖွင့်လှစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်နိုင်ဝင်းက ဦးစီးဌာနမှ ရှေ့ဆက်လက်ဖွင့်လှစ်သွားမည့် သင်တန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနတို့မှ သင်တန်းနည်းပြဆရာ၊ ဆရာမများက သင်တန်းတွင် ပို့ချမည့်ဘာသာရပ်များ၊ သင်တန်းတက်ရောက်ရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော ဌာနဆိုင်ရာတာဝန်ရှိသူများက သင်ထောက်ကူပစ္စည်းများကို သင်တန်းသူ၊ သင်တန်းသားများထံ လွှဲပြောင်းပေးအပ်သည်။

အဆိုပါသင်တန်းသို့ တောင်ကြီးမြို့နယ်အတွင်းရှိ ကျောင်းတောရွာကျေးရွာ၊ ထိတပြေကျေးရွာ၊ ဘန့်ကွဲကျေးရွာတို့မှ သင်တန်းသူ၊ သင်တန်းသားဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များ၊ သိပ္ပံနည်းကျစိုက်ပျိုးနည်းအမျိုးမျိုး၊ သီးနှံအထွက်နှုန်းတိုးတက်စေရန် ဆောင်ရန်၊ ရှောင်ရန်နည်းလမ်းများနှင့် ကောင်းမွန်သော တိရစ္ဆာန်မွေးမြူရေးကျင့်စဉ်များ စသည့် ဘာသာရပ်များကို ကျွမ်းကျင်နည်းပြဆရာများက စာတွေ့၊ လက်တွေ့ဖြင့် နိုဝင်ဘာ ၈ ရက်မှ နိုဝင်ဘာ ၁၅ ရက်ထိ အခမဲ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်နိုင်ဝင်းက ပြောပြ၍ သိရသည်။ **ချိုသန်းညွန့်**



# ဘဝထဲက အချိန် အချိန်ထဲက ရတနာ

ဘုန်းရဲနိုင်(ဂန့်ဂေါ)

အချိန်၏တန်ဖိုးအကြောင်းကို လူတိုင်း ချီးမွမ်းတင်စားပြောဆိုတတ်ကြသော်လည်း တလေးတစား တန်ဖိုးထားသူနည်းပါးလှ၏။ လွတ်လပ်ပေါ့ပါးစွာ နေတတ်ကြသည့် မိမိတို့နိုင်ငံသား တချို့သည် အချိန်၏တန်ဖိုးကိုသိပါလျက် ပေါ့လျော့စွာ နေထိုင်ဖြုတ်သန်းတတ်ကြသည်။ မြန်မာရာဇဝင်၌ အချိန်ကို စနစ်တကျတန်ဖိုးရှိရှိ အသုံးချနိုင်မှုကြောင့် အထွတ်အထိပ်ထိ အောင်မြင်ခဲ့ကြသူများလည်းရှိ၏။

မြန်မာရာဇဝင်၌ ပုဂံပြည်မှ ရှင်ဒိသာပါမောက္ခသည် ထင်ရှားသော ကျမ်းပြုအကျော်အမော် ဆရာတော်ဖြစ်သည့်အပြင် တရုတ်ပြည်သို့ ချစ်ကြည်ရေးသွားရောက်ခဲ့သည့် သံအဖွဲ့ကိုဦးဆောင်ခဲ့သူ နှလုံးရည်ပြည့်ဝသောဆရာတော်လည်းဖြစ်သည်။ ဆရာတော်၏ သတိသံဝေဂဆင်ခြင်နိုင်ခြင်းနှင့် ဥာဏ်၊ လုံ့လ၊ ဝီရိယအားထုတ်မှု ကောင်းလွန်းခြင်းတို့ကြောင့်လည်း လေးစားရပေသည်။ ဆရာကြီး ဦးဖေမောင်တင်၏ အမှာစာဖြင့် ဆရာမောင်သုတပြုစုထုတ်ဝေသော စာဆိုတော်များအတ္ထုပ္ပတ္တိစာအုပ်တွင် အနန္တသူရိယအမတ်ကြီးပြီးလျှင် ဒုတိယမြောက် မြန်မာစာဆိုတော် (သက္ကရာဇ် ၅၂၀-၅၉၀)အဖြစ် တခမ်းတနားမှတ်တမ်းတင်ဂုဏ်ပြုဖော်ပြခံခဲ့ရသူ ရဟန်းစာဆိုပညာရှိလည်းဖြစ်သည်။

သက္ကရာဇ် ၅၀၁ ခုနှစ်တွင် ပုဂံထီးနန်းကိုစိုးစံသော ကျစွာမင်းလက်ထက်တွင် ရှင်ဒိသာပါမောက္ခ ဆရာတော်မှာ အသက် ၆၀ အရွယ်ထိ စာပေသင်ကြားခြင်းမရှိဘဲ ပေါ့လျော့စွာအချိန်ကုန်လွန်ခဲ့၏။ တစ်နေ့တွင် လေးတောင်မျှအနက်ရှိသည့်ကျင်းကြီးသည် ဆရာတော်နေ့စဉ် တံပူတစ်ချောင်းစီပစ်ချခဲ့သဖြင့် ပြည့်နေသည်ကိုတွေ့မြင်ခဲ့သည်။ "ငါသည် အနှစ် ၆၀ ကာလပတ်လုံး မေ့လျော့စွာနေခဲ့သည်။ အယုတ်သဖြင့် တစ်နေ့လျှင် တံပူတစ်ချောင်းခန့်မျှ ကျမ်းဂန်တို့ကို ကျက်မှတ်သင်ကြားခဲ့လျှင် တတ်မြောက်လိမ္မာရပြီ"ဟု ဆင်ခြင်မိပြီးလျှင် နန်းတော်သို့ဝင်၍ "ငါသည် နိရုတ္တိကျမ်းကို သင်မည်၊ ကံ့ကူဆံ အလိုရှိ၏"ဟု အလှူခံလေ၏။

ထိုအခါ ကျစွာမင်းကြီးက "အရှင်ဘုရား အရွယ်ကြီးရင့်လှပြီ။ ဆံကျည်ပွေ့တို့သည် အညွန့်အခက်ပေါက်ရာ၏။ ကျမ်းဂန်မတတ်နိုင်ရာ"ဟု ဆိုလျက် ကံ့ကူဆံကိုမှ လှူလိုက်၏။ ရဟန်းကြီးသည် ကျစွာမင်း၏စကားကိုအဖြေမဆိုခဲ့ဘဲ ကျောင်းသို့ပြန်လာခဲ့၏။ ထိုအချိန်ကတည်းက အချိန်ကို အကျိုးရှိစွာ နေ့ညဥ့်ပတ်လုံး အပတ်တကုတ်ကြိုးပမ်းအားထုတ်သည့် ရဟန်းကြီး၏ ဝီရိယ၊ ဥာဏ်၊ လုံ့လစွမ်းအားကြောင့်ပင် ကျမ်းဂန်ကို အပြီးတိုင်တတ်မြောက်လေသည်။ ထိုအခါတွင်မှ ရဟန်းကြီးသည် ကျစွာမင်းကြီး၏စကားကို ဖြေလိုသောကြောင့် ဆံနှင့် ကျည်ပွေ့တို့ကိုစုပေါင်း၍ သစ်ခက်စိမ်းတို့ကိုစည်းနှောင်ပြီး ကျစွာမင်းကြီးထံ ဝင်လေ၏။ မင်းကြီးလည်း ထိုသို့လာသည်ကိုမြင်လေသော် ရယ်တော်မူ၏။ ရဟန်းကြီးက "မင်းကြီး ဆံကျည်ပွေ့တို့လည်း အတက်ပေါက်ပြီ။ ငါလည်း နိရုတ္တိကျမ်းကိုတတ်ပြီ"ဟုဆို၏။ ကျစွာမင်းက ကျမ်းဂန်များ မေးမြန်းသည်ကို ကျေလည်ကျနစွာဖြေဆိုနိုင်၏။ မင်းကြီးက အာလာပ သလ္လာပစကားဆိုပြီးသော် ပစ္စည်းလေးပါးတို့ဖြင့်ဖိတ်ကြားကာ "ကျမ်းဂန်ပြုတော်မူပါ"ဟု လျှောက်ထားတောင်းပန်၏။

ရဟန်းကြီးလည်း "သင်ပုန်းကြီးနိ္ဒကာ"ကို စီရင်တော်မူခဲ့၏။ သို့ဖြင့် "ရှင်ဒိသာပါမောက္ခ"အမည်ဖြင့် ထင်ရှားကျော်ကြားလာသည်။ ထိုခေတ်အခါက ပုဂံပြည်တွင် ကျမ်းဂန်နှံ့စပ်ကြ၏ဟု ကျော်ကြားသော ခြောက်ကျောင်းသားရဟန်းတို့က အမေးပုစ္ဆာအသီးသီး လှည့်ပတ်မေးမြန်းကြသည်ကို ကောင်းစွာဖြေဆိုနိုင်ခဲ့၏။ ဆရာတော်က ခြောက်ကျောင်းသားရဟန်းတို့ကို တစ်လှည့်တစ်ဖန်မေးမြန်းသည်တွင်ကား မဖြေဆိုနိုင်ရှိကြသည်ဟု ဆိုပေသည်။ တစ်ခါသော် ခြောက်ကျောင်းသားရဟန်းတို့က ရဟန်းကြီး ရေငုပ်နေရာမှ အပေါ်တွင် အမေးပုစ္ဆာမေးမြန်းမည့်အကြံဖြင့် "အဟမ်း. . . အဟမ်း"ဟု ချောင်းသံပြုသည်ကို"အဟံ" ဟူသောပုဒ်ကို ရုပ်မေးသည်ထင်၍ "အဟံ-ကား အမှ-သဒ္ဒါတည်း"စသည်ဖြင့် ရုပ်တွက်လေ၏။ ထိုရေကန်မှာ ယခုတိုင် ပုဂံမြို့ရှိ စူဠာမဏိဘုရားအနီး ကျောင်းတိုက်အတွင်း၌ရှိပြီး "ရုပ်တွက်ရေကန်"ဟု ခေါ်ဆိုကြဆဲဟု သိရသည်။

မြန်မာရာဇဝင်မှ အချိန်ကိုတန်ဖိုးရှိရှိအသုံးချနိုင်သည့် ဒုတိယတစ်ဦးအဖြစ် မင်းရာဇာကိုဖော်ပြလို၏။ နောင်အခါတွင် မြန်မာပညာရှိအမတ်ကြီးဘိုးရာဇာဟု ထင်ရှားခဲ့သည်ထိ အောင်မြင်မှုမှတ်တိုင်စိုက်ထူနိုင်ခဲ့သည်။ ဘိုးရာဇာမှာ စာတတ်ပေတတ် မင်းမျိုးမင်းနွယ်မဟုတ်သည့် အသည်သားခေါ် သာမန်အရပ်သားဖြစ်၏။ သာမန်အရပ်သားဘဝတွင်ရှိနေစဉ် လယ်ယာလုပ်ငန်းကို ဆင်းဆင်းရဲရဲလုပ်ကိုင်နေရသော်လည်း အချိန်ရသမျှ စာပေဗဟုသုတလေ့လာလိုက်စားခြင်းကို ဝီရိယကြီးစွာထားသူဖြစ်၏။ ထို့ကြောင့်ပင် စာပေကပေးသော ဗဟုသုတတို့အပြင် အတွေးအခေါ် ဉာဏ်ပညာတို့လည်း ကြီးမားလာခဲ့သည်။

တစ်ခါသော် မင်းကြီးစွာစော်ကဲလက်ထက် မိတ္ထီလာကန်တော်ကျိုးပေါက်သဖြင့် မင်းကြီးကိုယ်တိုင် ကြွချီကန်ဆယ်တော်မူ၏။ တစ်ခုသောနေရာတွင် နတ်နန်းတစ်ခုအောက် ကန်ပေါင်ရိုးအတွင်းမှ ရွှေရုပ်၊ ငွေရုပ်များ တွေ့ရှိလေ၏။ အရုပ်များ၏ အကြောင်းအချက်ကို အမတ်မင်းများက မလျှောက်တင်နိုင်ရှိကြခိုက်တွင် ဝန်ဇင်းရွာသူကြီး၏ လျှောက်ထားချက်အရ ဘိုးရာဇာအမတ်လောင်း အသည်သားကို မင်းကြီးကိုယ်တိုင် ခေါ်ယူမေးမြန်းလေ၏။ ဘိုးရာဇာအလောင်းလျာ အသည်သားက "အရှင်မင်းကြီး၏ ဘေးလောင်းတော်၊ ဘိုးလောင်းတော်ဖြစ်သော နရပတိစည်သူမင်းကြီးသည် ဤနေရာသို့ ကြွချီလာစဉ် လင်းဇင်း(ယခု လာအို)ပြည်က ဆက်သလိုက်သော မိဖုရားနှင့် မင်းသမီးတစ်ပါး ကွယ်လွန်သည့်အခါ အမှတ်တရရှိလွန်းသောကြောင့် ရွှေရုပ်၊ ငွေရုပ်များ ထုလုပ်မြှုပ်နှံထားခဲ့ခြင်းဖြစ်ကြောင်းပါဘုရား"ဟု လျှောက်တင်သည်ဟူ၏။

မင်းကြီးစွာစော်ကဲမှာ အမြင့်မြို့စားဘဝမှ ယောက်ဖတော် သတိုးမင်းဖျား၏ ထီးမွေနန်းမွေကို ဆက်ခံခဲ့သူဖြစ်၏။ "မရွယ်ဘဲ စော်ကဲမင်းဖြစ်"ဟု ကွယ်ရာက အတင်းအဖျင်းပြောသည်ကို ခံနေရချိန်တွင် မြန်မာရာဇဝင်၌ ဘုန်းတန်ခိုးကြီးသော ပုဂံမင်းဆက်အနွယ်ဖြစ်သည်ဟု မင်းပရိသတ်အလယ်တွင် လျှောက်ထားခဲ့ခြင်းက လွန်စွာပင်အကြိုက်တွေ့စေခဲ့သည်။ ဤသည်မှာ နေရာတကျအချိန်ကိုက် အခါကိုက်ဆိုနိုင်စွမ်းရှိသော လိမ္မာပါးနပ်လှသည့် စကားစွမ်းရည်ပင်ဖြစ်သည်။ စကားအပြောအဆိုကို လွန်စွာနှစ်သက်သဖြင့်လည်းကောင်း၊ လိမ္မာနှံ့စပ်သည့် ကိုယ်ရည်ကိုယ်သွေးကို ခန့်မှန်းမိသဖြင့်လည်းကောင်း မင်းကြီးစွာစော်ကဲက အသည်သား မောင်ဥက္ကာခေါ် မောင်ညိုကို နန်းတော်သို့ ခေါ်ဆောင်စေခဲ့၏။

နန်းတော်တွင် ဝန်ဇင်းသားက တိုင်းပြည်ရေးအတွက် အကျိုးကျေးဇူးများမည့်အကြံကို ပေးနိုင်ခဲ့သဖြင့် နေရာလစ်လပ်နေသည့် စည်းတပစ်အမတ်အဖြစ် ချီးမြှင့်ဂုဏ်ပြုမြှောက်စားခြင်းခံရသည်။ နောင်အခါတွင် အင်းဝဘုရင်မင်းခေါင်က စည်းတပစ်အမတ်အား အသိအလိမ္မာတို့ကို လျှောက်ထားဆုံးမစေခဲ့၏။ ၎င်းလျှောက်ထားချက်များ၌ မင်းကျင့်တရား ၁၀ ပါး၊ ရာဇဂုဏ် ကိုးပါး၊ တိုင်းပြည်၏ရတနာနဝရတ် ကိုးသွယ်ဟူသည့် အသုံးအနှုန်းအကြောင်းအရာများမှာ ယခုခေတ်တိုင် အသုံးဝင်ဆဲဖြစ်သည်။ အသိအလိမ္မာအကြောင်းအချက်များစွာကို လျှောက်ထားပေးနိုင်ခဲ့သဖြင့် မင်းခေါင်က စည်းတပစ်အမတ်ကို ရာဇာဟူသောဘွဲ့ပေးပြီး ချီးမြှင့်မြှောက်စားခဲ့၏။ အင်းဝဘုရင်မင်းခေါင်လက်ထက် မွန်မြန်မာအရေးအခင်းများ၌လည်း ဘိုးရာဇာမှာ ထူးချွန်ပြောင်မြောက်သော အရည်အချင်းဖြင့် တာဝန်ထမ်းဆောင်ခဲ့၏။ မွန်ဘုရင်ရာဇာဓိရာဇ်က ဘိုးရာဇာ၏ အဆုံးအမကိုရသည်တွင် ကျေနပ်လွန်း၍ မွန်အမတ်တစ်ဦး၏သမီးဖြင့် ထိမ်းမြားစေခဲ့ရာ သားတစ်ယောက်ပင် ထွန်းကားခဲ့သေးသည်ဟု ဆိုပေသည်။

မိတ္ထီလာအနီးဝန်ဇင်းရွာမှ အမည်ရင်းမောင်ဥက္ကာ၊ အသားညိုသဖြင့် မောင်ညိုဟုအခေါ်ခံရသည့် သာမန်အရပ်သားလေးမှာ အောက်ခြေအဆင့်တွင် လယ်သမားဘဝဖြင့် နေထိုင်ဖြတ်သန်းခဲ့ရသူဖြစ်၏။ သို့သော် တန်ဖိုးရှိလှသည့်အချိန်ကို စာပေဗဟုသုတရှာဖွေခြင်းဖြင့် အကျိုးရှိရှိအသုံးချခဲ့၏။ ထို့ကြောင့် မြန်မာရာဇဝင်၌ အသိအလိမ္မာအရာတွင် နေတစ်ဆူလတစ်ဆူပမာ ထင်ရှားကျော်ကြားလှသည့် ဝန်ဇင်းမင်းရာဇာဟူသည့် ဘွဲ့ထူးဂုဏ်ထူးချီးမြှင့် အပ်နှင်းမြှောက်စားခံခဲ့ရ၏။ ၎င်းမှာ လွန်စွာပင် အတုယူဖွယ်၊ အားကျဖွယ်ရာကောင်းလွန်းလှပေသည်။

ကမ္ဘာ့သမိုင်းဖြစ်စဉ်များ၌လည်း အချိန်၏တန်ဖိုးကိုပေါ်လွင်စေသည့် ဖြစ်စဉ်ဖြစ်ရပ်များစွာရှိ၏။ ၎င်းတို့အနက် အများစုရင်းနှီးကျွမ်းဝင်ကြမည့် ပြင်သစ်စစ်ဘုရင် နပိုလီယန်ဘိုနာပတ်(၁၇၆၉-၁၈၂၁) အကြောင်းကို တင်ပြလို၏။ နပိုလီယန်က "အချိန်ကို နေ့တစ်ဝက်လောက်သာ နောက်ပြန်ဆုတ်လို့ရရင် ရတနာအပြည့်စီပြီးပေးနိုင်ပါရဲ့"ဟူ၍ ပြောဆိုခဲ့သည်ဟုဆိုပေ၏။ ဖြစ်စဉ်ဖြစ်ရပ်မှာ ဤသို့ဖြစ်သည်။ ပြင်သစ်နယ်စပ်အနီး ရှာလကူမြို့တိုက်ပွဲတွင် ဂျာမန်တပ်များ အကျအဆုံးများစွာဖြင့်ဆုတ်ခွာရ၏။ ထပ်မံ၍ ဂျာမန်စစ်ဗိုလ်ချုပ်ကြီး ဘလူးချား၏တပ်များကို နပိုလီယန်၏ပြင်သစ်တပ်နှင့် ဗိုလ်ချုပ်ကြီး နေးလ်၏ ပြင်သစ်တပ်တို့က နမားမြို့အနီးတွင် ညှပ်ပူးတိုက်ခိုက်ရန် စီမံထားခဲ့၏။ နပိုလီယန်၏တပ်က အနိုင်တိုက်နိုင်ခဲ့သော်လည်း နောက်ဘက်မှ ပူးညှပ်တိုက်ခိုက်မည့် ဗိုလ်ချုပ်ကြီးနေးလ်၏ တပ်များက အချိန်မီရောက်မလာခဲ့ချေ။ ထို့အတွက် ဂျာမန်တပ်များ စုစည်းဆုတ်ခွာသွားနိုင်ခဲ့၏။ ထို့ကြောင့်ပင် ဗြိတိသျှစစ်ဗိုလ်ချုပ်ကြီး ဝယ်လင်တန်၏တပ်များနှင့် ဂျာမန်တပ်များ ဝါ့တာလူရက်စ်မြို့တွင် ပေါင်းမိသွားခဲ့သည်။ ဗိုလ်ချုပ်ကြီး နေးလ်က သူ၏တပ်သားများမှာ မိုးထဲလေထဲတွင် မနားတမ်းချီတက်လာခဲ့ရာ ညရောက်ချိန်တွင် ပင်ပန်းလွန်းသဖြင့် နောက်နေ့မနက်မှ မြို့ကိုတိုက်တော့မည်ဟု ဆုံးဖြတ်ရပ်နားလိုက်ခြင်းဖြစ်၏။ ၎င်းမှာ ဝါတာလူးစစ်ပွဲဖြစ်ပွားစေခဲ့ပြီး နပိုလီယန်ကို စစ်ရှုံးစေခဲ့၏။

အချိန်ဟူသည့်အရာမှာ လောကသဘာဝရတနာများစွာအနက်မှ တန်ဖိုးအထိုက်ဆုံး ရတနာတစ်ပါးဆိုသည်မှာ သံသယဖြစ်ဖွယ်မရှိသည့် အကြောင်းတရားပင်ဖြစ်၏။ ကုန်ဆုံးပြီးဖြစ်သည့်အချိန်တည်းဟူသော ရတနာကို မည်သို့သောအရာနှင့်မျှ အလဲအထပ်လုပ်၍ ရနိုင်မည်မဟုတ်ချေ။ အချိန်ကို မိမိတို့အလိုရှိရာ အသုံးပြုခွင့်၊ အောင်မြင်မှုဖန်တီးခွင့် လူသားတိုင်းကိုယ်စီ အညီအမျှရရှိထားကြ၏။ ထို့ကြောင့် တန်ဖိုးရှိသောအချိန်ကို တန်ဖိုးရှိအောင် အသုံးချနိုင်ကြရန်သာလိုပေသည်။

သို့ပါ၍ မိမိတို့ဘဝများထဲက အချိန်တည်းဟူသော ရတနာကို တန်ဖိုးသိလျက် တန်ဖိုးရှိအောင်အသုံးချရန်ဖြစ်သည်။ တန်ဖိုးရှိလှသည့်အချိန်ကို ရင်းနှီးအသုံးပြုလျက် မိမိတို့အလိုရှိရာ လောကီလောကုတ်နှစ်ထွေသော အောင်မြင်မှုပန်းတိုင်အသီးသီးကို ရယူပိုင်ဆိုင်နိုင်ကြပါစေကြောင်း ရေးသားလိုက်ရပါသည်။

❖ အချိန်ဟူသည့်အရာမှာ လောကသဘာဝရတနာများစွာအနက်မှ တန်ဖိုးအထိုက်ဆုံး ရတနာတစ်ပါးဆိုသည်မှာ သံသယဖြစ်ဖွယ်မရှိသည့် အကြောင်းတရားပင်ဖြစ်၏။ ကုန်ဆုံးပြီးဖြစ်သည့် အချိန်တည်းဟူသော ရတနာကို မည်သို့သောအရာနှင့်မျှ အလဲအထပ်လုပ်၍ ရနိုင်မည်မဟုတ်ချေ။ အချိန်ကို မိမိတို့အလိုရှိရာ အသုံးပြုခွင့်၊ အောင်မြင်မှုဖန်တီးခွင့် လူသားတိုင်းကိုယ်စီ အညီအမျှရရှိထားကြ၏။ ထို့ကြောင့် တန်ဖိုးရှိသောအချိန်ကို တန်ဖိုးရှိအောင် အသုံးချနိုင်ကြရန်သာလိုပေသည်။ သို့ပါ၍ မိမိတို့ ဘဝများထဲက အချိန်တည်းဟူသောရတနာကို တန်ဖိုးသိလျက် တန်ဖိုးရှိအောင်အသုံးချရန်ဖြစ်သည်။ ❖

**ကိုးကား**

- **မောင်သုတအမည်ခံ ဗိုလ်မှူးဘသောင်း၏ "စာဆိုတော်များ အတ္ထုပ္ပတ္တိ" ရှမဝစာအုပ် အမှတ်(၁၄၇)၊ ၁၉၆၂ ဇွန်လ**
- **ဒေါက်တာမတင်ဝင်း၏ "မင်းယောကျ်ား၊ မင်းမိန်းမများ"**
- **ကောင်းထက်၏ "ဥရောပတစ်တိုက်လုံးကို ဖိမ့်ဖိမ့်တုန်စေခဲ့သူ"**

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# မုံရွာမြို့ Mine Site ရှိ ကက်သုတ်ကြေးနီတန်ချိန် ၂၀၀ ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးသွားမည်

**နေပြည်တော် နိုဝင်ဘာ ၉**

မုံရွာမြို့ Mine Site ရှိ ကက်သုတ်ကြေးနီ တန်ချိန် ၂၀၀ ကို နိုဝင်ဘာလအတွင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၏ သတင်းများအရ သိရသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သတ္တုတွင်းဦးစီးဌာနက မုံရွာမြို့ Mine Site ရှိ ကက်သုတ်ကြေးနီတန်ချိန် ၂၀၀ ကို နိုဝင်ဘာ ၂၃ ရက် ညနေ ၃ နာရီတွင် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါကက်သုတ်ကြေးနီများကို ၁၀ တန်စီခွဲ၍ ပြည်တွင်းရှိ ကြေးနီကုန်ကြမ်းသုံး စက်မှုလက်မှုလုပ်ငန်းရှင်များကို ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ရောင်းချပေးရာတွင် အဆိုပါကက်သုတ်ကြေးနီများ၏ ကြမ်းခင်းဈေးနှုန်းမှာ တင်ဒါဖွင့်လှစ်ရောင်းချပေးမည့်ရက်တွင် ဖြစ်ပေါ်နေသည့် ကမ္ဘာ့သတ္တုပေါက်ဈေးနှုန်းပါ ကက်သုတ်ကြေးနီတစ်တန်ဈေးနှုန်းတွင် အခြေခံ၍ သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါဈေးနှုန်းကို ဖော်ပြရာတွင် အမေရိကန်ဒေါ်လာဖြင့် ရေးသားဖော်ပြရမည်ဖြစ်ပြီး Premium ကြေး အများဆုံးပေးသွင်းနိုင်သည့် အဆိုပြုလွှာတင်သွင်းသူကို တင်ဒါအောင်မြင်သူအဖြစ် သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

တင်ဒါအောင်မြင်သည့် ကက်သုတ်ကြေးနီတန်ဖိုးငွေများကို ပေးချေရာတွင် မြန်မာကျပ်ငွေဖြင့် ပေးချေရမည်ဖြစ်ကြောင်း၊ အဆိုပါ အိတ်ဖွင့်တင်ဒါစနစ်ကို နိုဝင်ဘာ ၂၃ ရက် မွန်းလွဲ ၂ နာရီတွင် တင်ဒါပိတ်သိမ်းမည်ဖြစ်ပြီး ညနေ ၃ နာရီတွင် တင်ဒါဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ သိရသည်။

SKL



# နွားထိုးကြီးမြို့နယ် အောင်သာကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုစစ်ဆေး

**နွားထိုးကြီး နိုဝင်ဘာ ၉**

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် Cash for Work (CFW) စီမံကိန်းပံ့ပိုးရန်ပုံငွေဖြင့် ညောင်ကုန်းကျေးရွာအုပ်စု အောင်သာကျေးရွာ၌ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နွားထိုးကြီးမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးသိန်းက စီမံကိန်း တာဝန်ခံများနှင့်အတူ အောင်သာကျေးရွာ၌ CFW စီမံကိန်းပံ့ပိုးရန်ပုံငွေဖြင့် အရှည်ပေ ၇၀၀၊ အကျယ် ၁၇ ပေနှင့် အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းချင်းမြောင်းခြင်းလုပ်ငန်း၊ အရှည်ပေ ၁၄၀၀၊ အကျယ် နှစ်ပေနှင့် အနက် နှစ်ပေ ခြောက်လက်မရှိ ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်း၊ အရှည်ပေ ၁၁၀၀၊ အကျယ် ကိုးလက်မ၊ အနက် နှစ်ပေရှိ အုတ်စီရေမြောင်း ပြုလုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီးစီးသည့် စီမံကိန်းလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲရေး ထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားသည်။

နွားထိုးကြီးမြို့နယ် အောင်သာကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများကို Cash For Work စီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၀၀ ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ဩဂုတ်လ ဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ ထို့ကြောင့် အောင်သာကျေးရွာရှိ အိမ်ခြေ ၂၁၆ အိမ်၊ လူဦးရေ ၉၆၀ တို့အတွက် သွားလာရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးသိန်းက ပြောပြ၍ သိရသည်။ **ရှမ်းဦးကို**

# အသိမြတ် မွေးမြူပါ

\- တွေးကြံရာ သတိကပ်လို့
အသိမြတ် မွေးမြူပါ၊
ကောင်းမှုဆောင် စိတ်ကိုမြှင့်
ဂုဏ်တင့်စေကာ၊
မကောင်းမှု ရှောင်ကြဉ်ခွာ
နောင်အစဉ်သာ ချမ်းသာမနေ့း၊
ရိုးသားစွာ ဘဝလမ်းကို
ဖြတ်သန်းမယ်လေး။

\- ဖြူစင်ဖွယ် စိတ်အတွေးနဲ့
ဘဝအရေး လှစေကွယ်၊
အများကျိုးကို ဆောင်သယ်ပိုး
ကိုယ်ကျိုးရှောင်ဖယ်၊
အမုန်းကင်း ချစ်ခြင်းသွယ်
လူ့ဘဝဝယ် လျှောက်လှမ်းသွား၊
လောကဓံကို ဘယ်မမှုကွယ်
အန်တုကျော်လွှား။

\- မေတ္တာကို လက်ကိုင်ထားလို့
နှလုံးသား ဖွေးသန့်စင်၊
ဒေါသမာန် အမျက်မထား
ဖယ်ရှားရှောင်ကြဉ်၊
ကိုယ့်တန်ဖိုး အမြဲမြှင့်တင်
လူ့ဘဝတွင် အောင်နိုင်ဖို့၊
ပျော်ရွှင်စွာ အပြုံးပန်းရယ်နဲ့
လှမ်းလျှောက်ပါစို့။ ။

**ရဲသွေးနီ(တက်ဝန်)**

# သရက်မြို့နယ်၌ သီးနှံအခြေခံတန်ဖိုးမြင့် စားသောက်ကုန်ထုတ်လုပ်နည်းသင်တန်းဖွင့်

**သရက် နိုဝင်ဘာ ၉**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သီးနှံအခြေခံတန်ဖိုးမြင့် စားသောက်ကုန် ထုတ်လုပ်နည်း သင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၈ရက် မွန်းလွဲ ၂ နာရီက အဆိုပါဦးစီးဌာန၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ သရက်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းဋ္ဌေးက အမှာစကားပြောကြားသည်။

ဆက်လက်၍ သရက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဇော်ဟန်က သင်တန်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး သင်တန်းသား၊ သင်တန်းသူများ အနေဖြင့် သင်တန်းတွင် သင်ကြားမည့်သင်ခန်းစာများကို မိသားစုဝင်ငွေတိုးပွားရေး၊ တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းရှင်များဖြစ်အောင် ကြိုးစားသင်ယူ လေ့လာသွားကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူများကို သင်ထောက်ကူပစ္စည်းများ ပေးအပ်ကြပြီး တက်ရောက်လာသော သင်တန်းသား၊ သင်တန်းသူများက တစ်ဦးချင်း မိတ်ဆက်ကြသည်။

အဆိုပါသင်တန်းသို့ သရက်မြို့နယ်အတွင်းရှိ စမ်းအိုင့်၊ လက်ပံဆိပ်၊ ညောင်ပင်သာ၊ သီးကုန်း၊ ဘန်းကုန်း၊ စခန်းကြီး၊ သဲဖြူ ရွာသစ်ကျေးရွာမှ သင်တန်းသား၊ သင်တန်းသူဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် သင်တန်းနည်းပြများက စာတွေ့လက်တွေ့ဖြင့် နိုဝင်ဘာ ၈ ရက်မှ နိုဝင်ဘာ ၁၄ ရက်ထိ ခုနစ်ရက်ကြာ အခမဲ့ဖွင့်လှစ်သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**ကိုလှိုင်**

## နိုင်ငံတကာ သတင်းများ

# တရုတ်လေတပ်၏ ဂျေ-၂၀ တိုက်လေယာဉ်များ ကျူးဟိုင်းလေကြောင်းပြပွဲ၌ သရုပ်ပြပျံသန်း



**ပေကျင်း နိုဝင်ဘာ ၉**

နိုဝင်ဘာ ၈ ရက်တွင် စတင်ကျင်းပခဲ့သော ကျူးဟိုင်းနိုင်ငံတကာလေကြောင်းပြပွဲတွင် တရုတ်နိုင်ငံသည် ၎င်း၏ရေဒါကိုယ်ယောင်ဖျောက် တိုက်လေယာဉ်များဖြစ်သော ဂျေ-၂၀ အမျိုးအစားတိုက်လေယာဉ်များကို ပထမဆုံးအကြိမ်အဖြစ် ကမ္ဘာသိထုတ်ပြခဲ့ကြောင်း စင်ကိုးနယူးစ်သတင်းဌာနက ဖော်ပြခဲ့သည်။

ဂျေ-၂၀ ရေဒါကိုယ်ယောင်ဖျောက်တိုက်လေယာဉ်လေးစင်းသည်နိုဝင်ဘာ ၈ ရက် ကျူးဟိုင်းလေကြောင်းပြပွဲဖွင့်ပွဲနေ့၌ သရုပ်ပြပျံသန်းခဲ့ကြကြောင်း သိရသည်။

ကျူးဟိုင်းနိုင်ငံတကာလေကြောင်းပြပွဲတွင် တရုတ်နိုင်ငံသည် ဂျေ-၂၀ တိုက်လေယာဉ်များအပြင် လျှပ်စစ်သံလိုက်လှိုင်း နည်းပညာသုံးလေကြောင်းရန်ကာကွယ်ရေးစနစ်အပါအဝင် နောက်ဆုံးပေါ်လက်နက်များကိုလည်းထုတ်ဖော်ပြသခဲ့သည်။

ကျူးဟိုင်းနိုင်ငံတကာလေကြောင်းပြပွဲဖွင့်ပွဲနေ့တွင် အနောက်အုပ်စုလေယာဉ်ကုမ္ပဏီကြီးများ ဖြစ်ကြသော အဲဘတ်စ်နှင့်ဘိုးအင်းကုမ္ပဏီတို့မှ လေယာဉ်များလည်း ပါဝင်သရုပ်ပြပျံသန်းခဲ့ကြသည်။

ကျူးဟိုင်းနိုင်ငံတကာလေကြောင်းပြပွဲတွင် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (ပီအယ်လ်အေ)သည် ဂျေ-၁၆ တိုက်လေယာဉ်များ၊ ဝိုင်ယူ-၂၀ ဝေဟင်ဆီဖြည့်လေယာဉ်များကိုလည်း ပြသခဲ့သည်။

ကျူးဟိုင်းနိုင်ငံတကာလေကြောင်းပြပွဲ၌ တရုတ်နိုင်ငံက ပြသခဲ့သော စစ်လေယာဉ်အမျိုးအစားများအနက် အများအပြားမှာ တရုတ်(တိုင်ပေ)ကျွန်းဝန်းကျင် စစ်ရေးလေ့ကျင့်မှုများတွင် ပါဝင်နေသော လေယာဉ်အမျိုးအစားများ ဖြစ်ကြကြောင်း သိရသည်။ KKO

# အာဆီယံနှင့် ဂျီ-၂၀ ထိပ်သီးညီလာခံများသို့ တောင်ကိုရီးယားသမ္မတယွန်ဆွတ်ယိုး တက်ရောက်မည်

**ဆိုးလ် နိုဝင်ဘာ ၉**

တောင်ကိုရီးယားသမ္မတယွန်ဆွတ်ယိုးသည် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံထိပ်သီးဆွေးနွေးပွဲများနှင့် ဂျီ-၂၀ အုပ်စုထိပ်သီးဆွေးနွေးပွဲများသို့ တက်ရောက်မည်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အာဆီယံထိပ်သီးဆွေးနွေးပွဲများကို နိုဝင်ဘာ ၁၀ ရက်မှ ၁၃ ရက်ထိ ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့၌ကျင်းပမည်ဖြစ်ပြီး ဂျီ-၂၀ ထိပ်သီးညီလာခံကို နိုဝင်ဘာ ၁၅ ရက်မှ ၁၆ရက်ထိအင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါထိပ်သီးညီလာခံများ၌ သမ္မတ ယွန်ဆွတ်ယိုး အနေဖြင့် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် သီးခြားတွေ့ဆုံ ဆွေးနွေးနိုင်ရေး အတွက် တောင်ကိုရီးယားတာဝန်ရှိသူများက စီစဉ်လျက်ရှိသည်။

ထို့ပြင် အာဆီယံထိပ်သီးညီလာခံနှင့် ဂျီ-၂၀ ထိပ်သီးညီလာခံများ၌ အမေရိကန်၊ဂျပန်၊တောင်ကိုရီးယား သုံးနိုင်ငံ ထိပ်သီးဆွေးနွေးပွဲ ကျင်းပနိုင်ရေးအတွက် တောင်ကိုရီးယားတာဝန်ရှိသူများကစီစဉ်နေကြောင်း သိရသည်။

သို့သော် အဆိုပါထိပ်သီးညီလာခံကာလများ၌ သမ္မတ ယွန်ဆွတ်ယိုး အနေဖြင့် ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှိဒါနှင့် တစ်ဦးချင်းတွေ့ဆုံဆွေးနွေးရေးအတွက် အစီအစဉ်ရှိ၊ မရှိ မသိရသေးကြောင်း တောင်ကိုရီးယားအခြေစိုက် ယွန်ဟက်သတင်းဌာနက သတင်းထုတ်ပြန်ထားသည်။

ယခုနှစ်မေလအတွင်း အာဏာရခဲ့သော သမ္မတ ယွန်ဆွတ်ယိုးသည် မြောက်ကိုရီးယားစစ်ရေးခြိမ်းခြောက်မှုနှင့် ရင်ဆိုင်နေရချိန်တွင် ဂျပန်နိုင်ငံနှင့် ဆက်ဆံရေးမြှင့်တင်ရန် ဆန္ဒရှိကြောင်း သိရသည်။ KKO

# မြောက်ကိုရီးယားက ပင်လယ်ရေပြင်အတွင်းသို့ တာတိုပစ်ဒုံးကျည်တစ်စင်း ထပ်မံပစ်လွှတ်

**တိုကျို နိုဝင်ဘာ ၉**

မြောက်ကိုရီးယား နိုင်ငံသည် ယနေ့တွင် ပင်လယ်ရေပြင်အတွင်းသို့ အနည်းဆုံး တာတိုပစ်ဒုံးကျည်တစ်စင်းပစ်လွှတ်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

မြောက်ကိုရီးယား ပစ်လွှတ်ခဲ့သည့် အဆိုပါဒုံးကျည်သည်ပစ်လွှတ်ပြီးနောက် မိနစ်အနည်းငယ်အကြာတွင် ပင်လယ်ရေပြင်အတွင်း ကျရောက်ခဲ့ကြောင်း ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့၏အဆိုအရ သိရသည်။

အဆိုပါဒုံးကျည်သည် အမြင့်ကီလိုမီတာ ၅၀ ထိ ပျံတက်ခဲ့ပြီး ကီလိုမီတာ ၂၅၀ အကွာအဝေးထိ ပျံသန်းခဲ့ကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီးဌာန တာဝန်ရှိသူများက ပြောကြားခဲ့သည်။

မြောက်ကိုရီးယား နိုင်ငံ၏ အဆိုပါဒုံးကျည်ပစ်လွှတ်မှုကို ဂျပန်အစိုးရက တရုတ်နိုင်ငံကို ကြားခံထား၍ သံတမန်လမ်းကြောင်းမှ တစ်ဆင့် ကန့်ကွက်လွှာပေးပို့ထားကြောင်း သိရသည်။

မြောက်ကိုရီးယားနိုင်ငံ၏ ယနေ့ဒုံးကျည်ပစ်လွှတ်မှုကို တောင်ကိုရီးယားစစ်ဘက်ကလည်း အတည်ပြုခဲ့သည်။

မြောက်ကိုရီးယား နိုင်ငံသည် ပြီးခဲ့သည့်ရက်သတ္တပတ်များအတွင်း အမေရိကန်နိုင်ငံနှင့်တောင်ကိုရီးယားတို့၏ ပူးတွဲစစ်ရေးလေ့ကျင့်မှုများကို တုံ့ပြန်သည့်အနေဖြင့် ဒုံးကျည်ပစ်လွှတ်မှုများ ဆက်တိုက်ပြုလုပ်ခဲ့ကြောင်း သိရသည်။ KKO



# ဘင်္ဂလားဒေ့ရှ်ကို အကူအညီပေးရန် အိုင်အမ်အက်ဖ်အဖွဲ့ မူအားဖြင့်သဘောတူ

**ဝါရှင်တန် နိုဝင်ဘာ ၉**

ဘင်္ဂလားဒေ့ရှ် နိုင်ငံအတွက် ဘဏ္ဍာရေးအကူအညီအဖြစ် အမေရိကန်ဒေါ်လာ ၄ ဒသမ ၅ ဘီလီယံ ထုတ်ပေးရန် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့(အိုင်အမ်အက်ဖ်)က ယနေ့တွင် မူအားဖြင့် သဘောတူထားကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။



ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွက် ၄၂လ တာကာလအတွင်း ဘဏ္ဍာရေးအကူအညီ အမေရိကန်ဒေါ်လာ ၄ ဒသမ ၅ ဘီလီယံ ထုတ်ပေးရန် နှစ်ဖက်တာဝန်ရှိသူများအဆင့် သဘောတူညီချက် တစ်ရပ်ကို ပဏာမရယူထားနိုင်ပြီဖြစ်ကြောင်း အိုင်အမ်အက်ဖ်က သတင်းထုတ်ပြန်ထားသည်။

ဘင်္ဂလားဒေ့ရှ် နိုင်ငံသည် အိုင်အမ်အက်ဖ်ထံမှ ဘဏ္ဍာရေးအကူအညီရယူရေးအတွက်ယခုနှစ်အတွင်း နှစ်ဖက်တာဝန်ရှိသူများအဆင့် သဘောတူညီချက်ရယူနိုင်ခဲ့သော တတိယမြောက် တောင်အာရှနိုင်ငံဖြစ်သည်။

ပါကစ္စတန်နှင့် သီရိလင်္ကာနိုင်ငံများသည်လည်း ဘဏ္ဍာရေးအကူအညီရယူရေးအတွက်နှစ်ဖက်တာဝန်ရှိသူများအဆင့် သဘောတူညီချက်များ ရယူထားကြပြီးဖြစ်သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ကမ္ဘာပေါ်၌ စီးပွားရေးဖွံ့ဖြိုးမှုနှုန်းအမြန်ဆုံးနိုင်ငံတစ်နိုင်ငံအဖြစ် နှစ်အတန်ကြာရပ်တည်ခဲ့သော်လည်း လက်ရှိအချိန်တွင် ကမ္ဘာတစ်ဝန်းငွေကြေးဖောင်းပွမှုပြဿနာ၊ အထည်ချုပ်လုပ်ငန်း ပို့ကုန်များကျဆင်းလာမှုပြဿနာတို့ကြောင့် စီးပွားရေးအရတည်ငြိမ်မှု ထိခိုက်မည့်အရေး စိုးရိမ်ရသည်။

ထို့ပြင် ယူကရိန်းပြဿနာနောက်ဆက်တွဲအဖြစ် စွမ်းအင်ဈေးနှုန်းများနှင့် စားနပ်ရိက္ခာဈေးနှုန်းများမြင့်တက်လာမှုကြောင့်လည်း သွင်းကုန်များအတွက် စိုက်ထုတ်သုံးစွဲရမှုပမာဏ မြင့်မားလာမှုနှင့်လည်း ရင်ဆိုင်နေရကြောင်း သိရသည်။ KKO

# တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့်ဆွေးနွေးပွဲကျင်းပရန် ဩစတြေးလျဝန်ကြီးချုပ် မျှော်လင့်

**ကင်ဘာရာ နိုဝင်ဘာ ၉**

နိုင်ငံတကာထိပ်သီးညီလာခံတစ်ခုအတွင်းတရုတ်သမ္မတရှီကျင့်ဖျင်နှင့်တွေ့ဆုံဆွေးနွေးနိုင်ရန်ဩစတြေးလျဝန်ကြီးချုပ် အယ်လ်ဘာနီစီက မျှော်လင့်ထားကြောင်းအေပီသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဩစတြေးလျ ဝန်ကြီးချုပ် အယ်လ်ဘာနီစီသည် အင်ဒိုနီးရှားနိုင်ငံဘာလီကျွန်း၌ကျင်းပမည့် ဂျီ-၂၀ ထိပ်သီးညီလာခံ၊ ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့၌ ကျင်းပမည့် အရှေ့အာရှ ထိပ်သီးညီလာခံနှင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပမည့် အာရှ-ပစိဖိတ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအဖွဲ့(အေပက်) ထိပ်သီးညီလာခံများကိုတက်ရောက်ရန် စီစဉ်ထားသည်။

အဆိုပါ နိုင်ငံတကာညီလာခံများ၌ တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ဆွေးနွေးပွဲ ကျင်းပနိုင်မည်ဆိုလျှင် တရုတ်-ဩစတြေးလျ နှစ်နိုင်ငံ ဆက်ဆံရေးအတွက် အပြုသဘောဆောင်သည့်ကိစ္စဖြစ်လာလိမ့်မည်ဖြစ်ကြောင်း အယ်လ်ဘာနီစီက သတင်းထောက်များနှင့် ယနေ့တွင် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

တရုတ်နှင့် ဩစတြေးလျနိုင်ငံတို့ကြား နှစ်နိုင်ငံဆက်ဆံရေးသည် ကုန်သွယ်ရေးပြဿနာ၊ ကိုဗစ်-၁၉ ရောဂါမူလအစပြဿနာအပါအဝင် ပြဿနာအမျိုးမျိုးကို အကြောင်းပြု၍ ပြီးခဲ့သည့်နှစ်အတွင်း တင်းမာလာခဲ့ရသည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် ဂျီ-၂၀ ထိပ်သီးညီလာခံသို့ တက်ရောက်ရန် စီစဉ်ထားသော်လည်း ဩစတြေးလျဝန်ကြီးချုပ်တက်ရောက်မည့် အခြားညီလာခံများသို့ တက်ရောက်ရန်အစီအစဉ် ရှိ၊ မရှိ မသိရသေးကြောင်း သိရသည်။

ဩစတြေးလျ ဝန်ကြီးချုပ် အယ်လ်ဘာနီစီသည် အရှေ့အာရှ ထိပ်သီးညီလာခံအတွက် နိုဝင်ဘာ ၁၁ ရက်တွင် ကမ္ဘောဒီးယားနိုင်ငံသို့ သွားရောက်မည်ဖြစ်ကြောင်း သိရသည်။ KKO

# SCIENCE AND TECHNOLOGY

## နာဆာက နှစ်ကိုးလ်အပူပိုင်းမုန်တိုင်းအန္တရာယ်ကြောင့် အားတီးမစ် မစ်ရှင် လွှတ်တင်ရေးအစီအစဉ် ထပ်မံနောက်ဆုတ်



**ဝါရှင်တန် နိုဝင်ဘာ ၉**

နှစ်ကိုးလ်အမည်ရှိ အပူပိုင်းမုန်တိုင်း၏အန္တရာယ်ကြောင့် အမေရိကန်အစိုးရအမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) သည် အားတီးမစ်မစ်ရှင်လွှတ်တင်ရေးအစီအစဉ်ကို နိုဝင်ဘာ ၁၆ ရက်သို့ ထပ်မံနောက်ဆုတ်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၈ ရက်က ရေးသားတင်ပြထားသည်။

နာဆာအဖွဲ့သည် အားတီးမစ်-၁ မစ်ရှင်ကို နိုဝင်ဘာ ၁၄ ရက်တွင် ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ်လ် အာကာသစခန်းမှ တစ်ဆင့် လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

သို့ရာတွင် ထိုကာလအပိုင်းအခြားအတွင်း ဖလော်ရီဒါပြည်နယ် ကမ်းရိုးတန်း၌ နှစ်ကိုးလ်မုန်တိုင်းဝင်ရောက်တိုက်ခတ်နိုင်မှုကြောင့် လွှတ်တင်ချိန်ကို နှစ်ရက်နောက်ဆုတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နာဆာအဖွဲ့သည် အားတီးမစ်-၁ မစ်ရှင်ကို လွှတ်တင်ရေးအတွက် ယခုနှစ် ဩဂုတ်လကပင် ကြိုးစားခဲ့သော်လည်း ရာသီဥတုပြဿနာ၊ နည်းပညာပြဿနာများကြောင့် လွှတ်တင်ရေး အစီအစဉ်များ အကြိမ်ကြိမ် ရွှေ့ဆိုင်းခဲ့ရကြောင်း သိရသည်။

အားတီးမစ်-၁ မစ်ရှင်အရ နာဆာအဖွဲ့သည် SLS ဒုံးပျံနှင့် အိုရီယွန် အာကာသယာဉ်တို့ကို ပထမဆုံးအကြိမ် စမ်းသပ်လွှတ်တင်မည်ဖြစ်ကြောင်း သိရသည်။

နာဆာသည် လကမ္ဘာပေါ်သို့ လူသားများပြန်လည်စေလွှတ်ရန် စီစဉ်ထားရာ အားတီးမစ်-၁ မစ်ရှင်သည် ၎င်းအစီအစဉ်၏ ပထမဆုံးခြေလှမ်းဖြစ်ကြောင်း သိရသည်။

KKO


## နာဆာ၏ ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်က နေအဖွဲ့အစည်းပြင်ပဂြိုဟ်များ၏ လေထုလွှာအတွင်းရှိ နိုက်ထရပ်စ်အောက်ဆိုက်ကို ရှာဖွေနိုင်

**ဝါရှင်တန် နိုဝင်ဘာ ၉**

အမေရိကန်အစိုးရအမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ) ၏ ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်သည် နေအဖွဲ့အစည်းပြင်ပဂြိုဟ်များ၏ လေထုလွှာအတွင်းရှိ ရယ်မောဓာတ်ငွေ့ (Laughing Gas) ခေါ် နိုက်ထရပ်စ်အောက်ဆိုက်ကို ရှာဖွေနိုင်ကြောင်း သိပ္ပံပညာရှင်များ၏အဆိုကို ကိုးကား၍ Space.com သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၈ ရက်က ရေးသားတင်ပြထားသည်။

နိုက်ထရပ်စ်အောက်ဆိုက်ဓာတ်ငွေ့သည် နေအဖွဲ့အစည်းပြင်ပဂြိုဟ်များ၏ လေထုလွှာများအတွင်း သိပ္ပံပညာရှင်များ ရှာဖွေနေသော ဇီဝလက္ခဏာတစ်မျိုးဖြစ်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ နာဆာ၏ ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်သည် နေအဖွဲ့အစည်းပြင်ပဂြိုဟ်များ၏ လေထုလွှာအတွင်းရှိ နိုက်ထရပ်စ်အောက်ဆိုက် ဓာတ်ငွေ့များကို ရှာဖွေပေးနိုင်စွမ်းရှိကြောင်း အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားတက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားသည်။



ကမ္ဘာမြေပြင်ပေါ်၌ နိုက်ထရပ်စ်အောက်ဆိုက်သည် အဏုဇီဝသက်ရှိများ၏ သဘာဝစွန့်ပစ်ပစ္စည်းတစ်မျိုးဖြစ်သည်။

လက်ရှိအချိန်တွင် အမေရိကန်သိပ္ပံပညာရှင်များသည် ထရက်ပစ်-၁ အမည်ရှိ ကြယ်စနစ်အတွင်းရှိ ဂြိုဟ်များ၏ လေထုလွှာများအတွင်း နိုက်ထရပ်စ်အောက်ဆိုက်များရှိ၊ မရှိကို ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်ဖြင့် လေ့လာရန် ရည်ရွယ်ထားသည်။

ထရက်ပစ်-၁ ကြယ်စနစ်သည် ကမ္ဘာမြေနှင့် အလင်းနှစ် ၃၉ နှစ်အကွာတွင် တည်ရှိပြီး ကမ္ဘာမြေအရွယ်အစားရှိ ဂြိုဟ်ခုနစ်စင်း ပိုင်ဆိုင်ထားကြောင်း သိရသည်။

KKO

## တရုတ်နိုင်ငံက ဝိုင်အက်ဖ်-၁၃၀ ဒုံးအင်ဂျင်သစ်ကို ပထမဆုံးအကြိမ် စက်နှိုးစမ်းသပ်လည်ပတ်ခဲ့

**ပေကျင်း နိုဝင်ဘာ ၉**

တရုတ်နိုင်ငံသည် ဝိုင်အက်ဖ်-၁၃၀ အမည်ရှိ ဒုံးအင်ဂျင်သစ်ကို ပထမဆုံးအကြိမ်အဖြစ် စက်နှိုးစမ်းသပ်လည်ပတ်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၈ ရက်က ရေးသားတင်ပြထားသည်။

တရုတ်အမျိုးသားအာကာသအေဂျင်စီ၏ ဒုံးပျံယာဉ်သစ်များအတွက် အသုံးပြုမည့် ဝိုင်အက်ဖ်-၁၃၀ ဒုံးအင်ဂျင်ကို နိုဝင်ဘာ ၅ ရက်က စက်နှိုးစမ်းသပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အင်ဂျင်အပြည့်အဝလည်ပတ်ချိန်တွင် ဝိုင်အက်ဖ်-၁၃၀ ဒုံးအင်ဂျင်သည် တွန်းပင့်အား တန် ၅၀၀ ထိထုတ်ပေးနိုင်ကြောင်း သိရသည်။

ဝိုင်အက်ဖ်-၁၃၀ ဒုံးအင်ဂျင်သည် လောင်းမတ်ချ်-၅၊ ၆၊ ၇ ဒုံးပျံများ၌ အသုံးပြုနေသောဝိုင်အက်ဖ်-၁၀၀ ဒုံးအင်ဂျင်များထက် စွမ်းဆောင်ရည် လေးဆကျော်ပိုမြင့်မားကြောင်း တရုတ်သိပ္ပံပညာရှင်များက ပြောကြားထားသည်။

ဝိုင်အက်ဖ်-၁၀၀ ဒုံးအင်ဂျင်များမှာ အင်ဂျင်အပြည့်အဝလည်ပတ်ချိန်တွင် တွန်းပင့်အား တန် ၁၂၀ ထိသာ ထုတ်ပေးနိုင်ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် ဝိုင်အက်ဖ်-၁၃၀ ဒုံးအင်ဂျင်များကို လောင်းမတ်ချ်-၉ အကြီးစားဝန်သယ်ဒုံးပျံယာဉ်များ၌ တပ်ဆင်ရန်ရည်မှန်းထားကြောင်း သိရသည်။

KKO

# HEALTH

## ကုသရန်ခက်ခဲသော သွေးတိုးရောဂါများကို စမ်းသပ်ဆဲဆေးဝါးသစ်တစ်မျိုးဖြင့် ကုသနိုင်ဖွယ်ရှိ

**လန်ဒန် နိုဝင်ဘာ ၉**

ကုသရန်ခက်ခဲသော သွေးတိုးရောဂါများကို ကုသရာတွင် စမ်းသပ်ဆဲ ဆေးဝါးသစ်တစ်မျိုးက အထောက်အကူ ပေးနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၈ ရက်က ရေးသားတင်ပြထားသည်။

Aldosterone ခေါ် ဟော်မုန်းတစ်မျိုးကြောင့် ဖြစ်ပွားသော သွေးတိုးရောဂါသည် လူနာများ၏ သွေးဖိအားအဆင့်ကို ထိန်းချုပ်ရန် အလွန်ခက်သည့် သွေးတိုးရောဂါမျိုးဖြစ်ကြောင်း သိရသည်။

သို့ရာတွင် ဗြိတိန်နိုင်ငံ ကွင်းမေရီတက္ကသိုလ်မှ သုတေသနပညာရှင်များ၏အဆိုအရ Baxdrostat အမည်ရှိ စမ်းသပ်ဆဲဆေးတစ်မျိုးသည် Aldosterone ကြောင့် ဖြစ်ပွားရသည့်သွေးတိုးရောဂါကို ကုသပေးနိုင်ဖွယ်ရှိကြောင်း သိရသည်။

Baxdrostat ဆေးသည် Aldosterone ဟော်မုန်းများထွက်ပေါ်ရေးအတွက် လိုအပ်သည့် အင်ဇိုင်းတစ်မျိုးကို ပိတ်ပင်ပေးနိုင်ကြောင်း သိရသည်။

ဗြိတိန် သုတေသနပညာရှင်များသည် Baxdrostat ဆေးကို သွေးတိုးရောဂါလူနာ ၂၇၄ ဦးတို့ဖြင့် လက်တွေ့စမ်းသပ်မှုများ ပြုလုပ်ခဲ့ကြသည်။

ထွက်ပေါ်လာသောရလဒ်များအရ Baxdrostat ဆေးကို ဆေးချိန်ဆေးဆ အမြင့်ဆုံးရယူခဲ့သော လူနာများ၌ သွေးဖိအားကို ထိန်းချုပ်နိုင်စွမ်း ပို၍အားကောင်းလာကြောင်း သိရသည်။

KKO

## အမြင်အာရုံချို့ယွင်းမှုရောဂါဖြစ်နိုင်ခြေကို စတာတင်ဆေးများက လျှော့ချပေးနိုင်ဖွယ်ရှိ

**ဘာလင် နိုဝင်ဘာ ၉**

စတာတင် (Statins) ဆေးများသည် အသက်အရွယ်နှင့်ဆက်စပ်သည့် အမြင်အာရုံချို့ယွင်းမှုရောဂါ (AMD) ဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ The Daily Mail သတင်းစာက နိုဝင်ဘာ ၈ ရက်က ရေးသားတင်ပြထားသည်။

AMD မျက်လုံးရောဂါသည် သက်ကြီးပိုင်းများ အမြင်အာရုံချို့ယွင်းမှု၏ အဓိကအကြောင်းတရားတစ်ရပ်ဖြစ်သည်။

သို့ရာတွင် သွေးအတွင်း ကိုလက်စထရောပါဝင်မှုကို လျှော့ချပေးမည့် စတာတင်ဆေးများ ပုံမှန်သုံးစွဲပါက သက်ကြီးပိုင်းများ၌ AMD မျက်လုံးရောဂါဖြစ်နိုင်ခြေကို ၁၅ ရာခိုင်နှုန်းကျော် လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း ဂျာမနီ သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

ဂျာမနီ သုတေသနပညာရှင်များသည် အသက် ၅၀ အထက် လူပေါင်း ၄၀၀၀၀ ကျော်တို့၏ ဆေးကုသမှုမှတ်တမ်းများကို လေ့လာခဲ့ကြသည်။

လေ့လာချက်ရလဒ်များအရ သွေးအတွင်း ကိုလက်စထရောပါဝင်မှု လျှော့ချရေးဆေးများ ပုံမှန်သုံးစွဲနေသူများကြားတွင် AMD ဖြစ်နိုင်ခြေမှာ ပုံမှန်ထက် ၁၅ ရာခိုင်နှုန်းနည်းပါးသွားပြီး အင်ဆူလင်အပါအဝင် သွေးအတွင်း သကြားဓာတ်ပါဝင်နှုန်း ထိန်းချုပ်ရေးဆေးများ သုံးစွဲနေသူများတွင်မူ AMD ဖြစ်နိုင်ခြေမှာ ၂၂ ရာခိုင်နှုန်းထိပင် နည်းပါးသွားကြောင်း သိရသည်။

AMD ရောဂါ ဖြစ်ပွားပါက မျက်လုံးအမြင် လုံးဝကွယ်သွားခြင်း မရှိသည့်တိုင် စာဖတ်ရခက်ခဲခြင်း၊ မျက်နှာများကို မှတ်မိရန်ခက်ခဲလာခြင်းအပါအဝင် နေ့စဉ်နေမှုထိုင်မှုများအတွက် ပြဿနာများပေါ်လာတတ်ကြောင်း သိရသည်။ KKO



## နိုင်ငံတကာ အားကစားသတင်းများ

# Women's World Boxing Championships ပြိုင်ပွဲကို အိန္ဒိယနိုင်ငံတွင် ကျင်းပသွားမည်

**ဒေလီ နိုဝင်ဘာ ၉**

Women's World Boxing Championships လက်ဝှေ့ပြိုင်ပွဲကို အိန္ဒိယနိုင်ငံတွင်ကျင်းပသွားမည်ဟု အိန္ဒိယလက်ဝှေ့ဖက်ဒရေးရှင်းက ထုတ်ပြန်ကြေညာခဲ့ကြောင်း Telegraph သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အိန္ဒိယလက်ဝှေ့ဖက်ဒရေးရှင်းက Women's World Boxing Championships လက်ဝှေ့ပြိုင်ပွဲကို နယူးဒေလီမြို့၌ကျင်းပရန် စီစဉ်ထားကြောင်း ထုတ်ပြန်ခဲ့သည်။

အိန္ဒိယနိုင်ငံသည် ၂၀၂၁ ခုနှစ်က Men's World Boxing Championships လက်ဝှေ့ပြိုင်ပွဲကို အိမ်ရှင်အဖြစ်လက်ခံကျင်းပခွင့်ရခဲ့သော်လည်းအပြည်ပြည်ဆိုင်ရာလက်ဝှေ့အသင်း(IBA)ကိုလာဘ်ထိုးသည်ဟု သံသယရှိခဲ့သည့်အတွက် အိမ်ရှင်အဖြစ်မှ ရုပ်သိမ်းခံခဲ့ရပြီး ယင်းဖြစ်စဉ်တွင် အိန္ဒိယလက်ဝှေ့ဖက်ဒရေးရှင်းက တစ်စုံတစ်ရာ လာဘ်ထိုးခဲ့ခြင်းမရှိဟု တုံ့ပြန်ခဲ့သည်။

အိန္ဒိယလက်ဝှေ့ဖက်ဒရေးရှင်း (BFI) ၏အတွင်းရေးမှူး ဟီမန်တာကာလီတာက "Women's World Boxing Championships ပြိုင်ပွဲကို ကျွန်တော်တို့ အိမ်ရှင်အဖြစ် ကျင်းပခွင့်ရခဲ့ပါတယ်။ လာမဲ့နှစ်မတ်လသို့မဟုတ် ဧပြီလပထမအပတ်မှာကျင်းပသွားမှာဖြစ်ပါတယ်။ရက်ကိုတော့အတိအကျ သတ်မှတ်ရခြင်းမရှိသေးပါဘူး"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL



# ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ရီစီဂျိမ်းကို ရွေးချယ်တော့မည်မဟုတ်ဟု အင်္ဂလန်အသင်းနည်းပြ ဆောက်ဂိတ်အတည်ပြု



**လန်ဒန် နိုဝင်ဘာ ၉**

အင်္ဂလန်အသင်း နည်းပြ ဆောက်ဂိတ်က လာမည့် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ဒဏ်ရာရရှိနေသည့် ရီစီဂျိမ်းကို ရွေးချယ်တော့မည်မဟုတ်ဟု အတည်ပြုခဲ့ကြောင်း Football London သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ရီစီဂျိမ်းသည် အောက်တိုဘာ ၁၂ ရက်က ကစားခဲ့သည့် ချန်ပီယံလိဂ်အုပ်စုပွဲစဉ်ဖြစ်သည့် အေစီမီလန်အသင်းနှင့် ချဲလ်ဆီးအသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် ဒူးဒဏ်ရာ ရရှိခဲ့ပြီးနောက် လက်ရှိအချိန်ထိ အနားယူနေခဲ့ရခြင်းဖြစ်သည်။

အစောပိုင်းက ရီစီဂျိမ်းသည် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ရောက်ကစားလိုသည့်အတွက် ဒဏ်ရာအမြန်ဆုံး ပြန်လည်သက်သာလာစေရန် ဒူဘိုင်းသို့ သွားရောက်ကာ ဆေးကုသမှုများပြုလုပ်ခဲ့သော်လည်း လက်ရှိအချိန်ထိ သက်သာလာခြင်းမရှိသေးသည့်အတွက် ကမ္ဘာ့ဖလားပြိုင်ပွဲကို လွဲချော်ခဲ့ရသည်။

အင်္ဂလန်အသင်းအတွက် ကစားသမားစာရင်းမထုတ်ပြန်မီ နည်းပြဆောက်ဂိတ်အတွက် ခံစစ်ပိုင်းလိုအပ်ချက်များရှိနေပြီး ရီစီဂျိမ်းအပြင် တောင်ပံခံစစ်ကစားသမားများဖြစ်သည့် ဘန်ချီဝဲလ်နှင့် ဝေါကာတို့လည်း ဒဏ်ရာအသီးသီးရရှိနေသည့်အတွက် အင်္ဂလန်ကစားသမားစာရင်းတွင် ပါဝင်နိုင်မည်မဟုတ်သောကြောင့် ထိုးနှက်ချက်များရှိလာနိုင်သည်။

အင်္ဂလန်အသင်း နည်းပြဆောက်ဂိတ်က ရီစီဂျိမ်းကို ဒဏ်ရာကြောင့် အသင်းကစားသမားစာရင်းမှ ချန်လှပ်မည်ကို ချဲလ်ဆီးအသင်းထံသို့လည်း အကြောင်းကြားမှုပြုလုပ်ထားပြီး ရီစီဂျိမ်း၏ နေရာတွင် အာဆင်နယ် အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြသလျက်ရှိနေသည့် ဘန်ဝိုက်ကို အစားထိုးရွေးချယ်သွားမည်ဟု အတည်ပြုခဲ့ကြောင်း သိရသည်။ STA

# နည်းပြလမ်းပတ်ကို ရာထူးမှထုတ်ပယ်ရန် အဲဗာတန်အသင်းပရိသတ်များ တောင်းဆို

**လန်ဒန် နိုဝင်ဘာ ၉**

အဲဗာတန်အသင်းပရိသတ်များက ကာရာဘောင်းဖလားပြိုင်ပွဲအဖြစ်ကစားခဲ့သည့် ဘုန်းမောက်အသင်းနှင့်ပွဲစဉ်၌ ဂိုးပြတ်ရှုံးနိမ့်ခဲ့ပြီးနောက် နည်းပြလမ်းပတ်ကို ရာထူးမှထုတ်ပယ်ပေးရန် တောင်းဆိုမှုများပြုလုပ်ခဲ့ကြသည်ဟု The Telegraph သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကာရာဘောင်းဖလား ပြိုင်ပွဲ တတိယအဆင့်ရှုံးထွက်ပွဲစဉ်အဖြစ်ကစားခဲ့သည့် ဘုန်းမောက်အသင်းနှင့် အဲဗာတန်အသင်းတို့ပွဲစဉ်တွင် အဲဗာတန်အသင်းက လေးဂိုးတစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် ပြိုင်ပွဲမှ ထွက်ခွာခဲ့ရပြီး အဆိုပါပွဲစဉ်တွင် အဲဗာတန်အသင်းပရိသတ်များက ကွင်းအတွင်း နည်းပြလမ်းပတ်ကို အော်ဟစ်လှောင်ပြောင်မှုများပြုလုပ်ခဲ့ပြီး ထုတ်ပယ်ရန် တောင်းဆိုမှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အသက် ၄၄ နှစ်ရှိ လမ်းပတ်သည် ပြီးခဲ့သည့် ဇန်နဝါရီလက အဲဗာတန်အသင်း နည်းပြအဖြစ် ခန့်အပ်ခံခဲ့ရခြင်းဖြစ်ပြီး အသင်းနှင့် ပထမဘောလုံးရာသီ၌ တန်းမဆင်းရအောင် ခက်ခက်ခဲခဲရုန်းကန်ခဲ့ရသကဲ့သို့ ယခုနှစ်ဘောလုံးရာသီတွင်လည်း ဆက်လက်ရုန်းကန်နေရပြီး ယခုအခါကာရာဘောင်းဖလားပြိုင်ပွဲမှပင် ထွက်ခွာခဲ့ရသည့်အတွက် အသင်းပရိသတ်များက ပြင်းပြင်းထန်ထန်ဝေဖန်ခဲ့ကြခြင်းဖြစ်သည်။

အဲဗာတန်အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင်လည်း ပရီးမီးယားလိဂ်ပွဲစဉ် ၁၄ ပွဲကစားခဲ့ရာ သုံးပွဲသာအနိုင်ရရှိခဲ့ပြီး ငါးပွဲသရေနှင့် ခြောက်ပွဲထိရှုံးနိမ့်ခဲ့ကာ ရမှတ် ၁၄ မှတ်ဖြင့် အမှတ်ပေးဇယားအဆင့် ၁၆နေရာ၌ ရပ်တည်နေပြီး တန်းဆင်းဇုန်မှ ဆောက်သမ်တန်အသင်းနှင့် နှစ်မှတ်သာကွာဟနေသည့်အတွက် အသင်းပရိသတ်များက နည်းပြလမ်းပတ်ကို ရာထူးမှ ထုတ်ပယ်ပြီး နည်းပြအပြောင်းအလဲ ပြုလုပ်ပေးရန် တောင်းဆိုမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။STA



# အီတလီစီးရီးအေ ပွဲစဉ် (၁၅) ပွဲကြိုသုံးသပ်ချက်

**M L**

**အမ်ပိုလီ Vs ခရီမိုနန်စီ**

**ကစားမည့်ရက်/အချိန် ၁၂-၁၁-၂၀၂၂ (နံနက် ၀၂:၁၅နာရီ)**

**နောက်ဆုံးတွေ့ ဆုံမှုရလဒ်**

**ခရီမိုနန်စီ ၂ - ၂ အမ်ပိုလီ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

**အမ်ပိုလီ - အိမ်(ရှုံး) အိမ်(နိုင်) ဝေး(ရှုံး)**

**ခရီမိုနန်စီ - အိမ်(သရေ) ဝေး(သရေ) အိမ်(သရေ)**

အမ်ပိုလီအသင်းဟာ အိမ်ကွင်းကစားပုံတည်ငြိမ်တဲ့အသင်းဖြစ်ပေမဲ့ အသင်းကြီးတွေနဲ့ဆက်တိုက်ပွဲကျပ်ကစားထားရတာကြောင့် ရမှတ်ဆုံးရှုံးနေပါတယ်။ခရီမိုနန်စီအသင်းကတော့ ကစားပုံတည်ငြိမ်မှုမရှိတဲ့အပြင် တိုက်စစ်ပိုင်းကလဲ ဂိုးရဖို့ရုန်းကန်နေရတာကြောင့် အိမ်ကွင်းမှာနိုင်ပွဲရဖို့ ဖိအားပေးကစားလာမဲ့ အမ်ပိုလီအသင်းကိုပဲ ရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း - အမ်ပိုလီ ၁ - ၀ ခရီမိုနန်စီ**

# ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲကစားပေးရန် ဩစတြေးလျအသင်းကမ်းလှမ်းမှုကို ရိုးမားအသင်းကွင်းလယ်ကစားသမား ဘိုပါတို ပယ်ချ

**ရောမ နိုဝင်ဘာ ၉**

ဩစတြေးလျနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲ၌ ဩစတြေးလျအသင်းအတွက်ကစားပေးရန် ကွင်းလယ်ကစားသမား ဘိုပါတိုကို တောင်းဆိုမှုပြုလုပ်ခဲ့သော်လည်း ပယ်ချခံခဲ့ရကြောင်း Dello Sports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၁၈နှစ်သာရှိသေးသည့် ဘိုပါတိုသည် ယခုနှစ်ဘောလုံးရာသီတွင် ရိုးမားအသင်း၌ နည်းပြမော်ရင်ဟိုလက်အောက် ကြယ်ပွင့်ကစားသမားအဖြစ် သတ်မှတ်ခံထားရသည့်အတွက် ဩစတြေးလျနိုင်ငံဘောလုံးအဖွဲ့ချုပ်က အသင်းကစားသမားစာရင်းတွင် ရွေးချယ်ရန် တောင်းဆိုခဲ့ခြင်းဖြစ်သည်။

ဘိုပါတိုသည် မိဘများက အီတလီနိုင်ငံသားများဖြစ်ကြသော်လည်း ၎င်းကိုဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့တွင်မွေးဖွားခဲ့ခြင်းဖြစ်ပြီး ငယ်စဉ်က ဩစတြေးလျနိုင်ငံတွင် နေထိုင်ခဲ့သည့်အတွက် အီတလီအသင်းနှင့် ဩစတြေးလျအသင်း နှစ်သင်းစလုံးအတွက် နိုင်ငံပြိုင်ပွဲများတွင် ကိုယ်စားပြုပါဝင်ခွင့်ရရှိနေသူဖြစ်သည်။

ဘိုပါတိုသည် နိုင်ငံလက်ရွေးစင်အသင်းအဖြစ် အီတလီယူ-၂၁ အသင်းတွင် ပါဝင်ကစားခဲ့သော်လည်း လက်ရှိအချိန်ထိ စီနီယာအသင်းကြီးနှင့်ပါဝင်ခြင်းမရှိသေးသည့်အတွက် ဩစတြေးလျအသင်းတွင် ကိုယ်စားပြုပါဝင်ခွင့်ရှိနေသောကြောင့် ဩစတြေးလျနိုင်ငံဘောလုံးအဖွဲ့ချုပ်က ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် အပြီးသတ်ကစားသမားစာရင်းမထုတ်ပြန်မီ ဘိုပါတိုကို အကြိမ်ကြိမ်ကမ်းလှမ်းမှုပြုလုပ်ခဲ့သော်လည်း ငြင်းပယ်ခဲ့သည်။

ဘိုပါတိုက အခြားအသင်းများထက် ၎င်း၏ ကစားသမားဘဝအစကို ရိုးမားအသင်းနှင့်သာ အပြည့်အဝအာရုံစိုက်ကစားလိုပြီး ယခုထက်ခြေစွမ်းပြသနိုင်ရန်အတွက် ဩစတြေးလျအသင်း၏ ကမ်းလှမ်းမှုကို ပယ်ချခဲ့ခြင်းဖြစ်သည်ဟု တုံ့ပြန်ခဲ့သည်။

ဘိုပါတိုသည် ယခုနှစ်ဘောလုံးရာသီတွင် ရိုးမားအသင်းနှင့်အတူ စီးရီးအေပြိုင်ပွဲ နှစ်ပွဲသာပါဝင်ကစားခွင့်ရရှိခဲ့သော်လည်း တစ်ဂိုးသွင်းယူနိုင်ခဲ့ပြီး တစ်ကြိမ်ဂိုးဖန်တီးမှုပြုလုပ်ထားကြောင်း သိရသည်။ STA

## အားကစားသတင်း အတိုအထွာများ

- တိုက်စစ်ပိုင်းဖြည့်တင်းရန် ကြိုးပမ်းနေသည့် ရီးရဲလ်မက်ဒရစ်အသင်းက နာပိုလီတိုက်စစ်မှူး အိုစီမန်ကို ငွေကြေးအမြောက်အမြားသုံးစွဲ၍ ခေါ်ယူရန် ပစ်မှတ်ထားနေသည်။
- အာဂျင်တီးနားကွင်းလယ်ကစားသမား လိုဆယ်ဆိုသည် ဒဏ်ရာပြဿနာကြောင့် ကမ္ဘာ့ဖလားပြိုင်ပွဲနှင့် လွဲချော်ခဲ့ကြောင်း သိရသည်။
- နယူးကာဆယ်အသင်းက ကွင်းလယ်ကစားသမား ဂူမာရေ့စ်ကို ပံ့ပိုးပေးနိုင်ရန်အတွက် ဘက်တစ်ကစားသမား ဖက်ကီယာကို ယူရိုသန်း ၅၀ ဖြင့်ခေါ်ယူရန် ပြင်ဆင်နေကြောင်း သိရသည်။ ML

# လီဝမ်ဒေါစကီး အနီကတ်ဖြင့် ထုတ်ပယ်ခံရသော်လည်း ဘာစီလိုနာအသင်း နိုင်ပွဲရှာဖွေ၍ အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်



**ဘာစီလိုနာ နိုဝင်ဘာ ၉**

ဘာစီလိုနာအသင်းသည် အိုဆာဆူနာအသင်းနှင့် ကစားခဲ့သည့် လာလီဂါပွဲစဉ်(၁၄)တွင် လီဝမ်ဒေါစကီး နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခံရသော်လည်း နှစ်ဂိုးတစ်ဂိုးဖြင့်အနိုင်ရရှိခဲ့သောကြောင့် ဒုတိယနေရာမှ ရီးရဲလ်မက်ဒရစ်အသင်းကို ရမှတ် ငါးမှတ်ထိဖြတ်တောက်၍ အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်နိုင်ခဲ့ကြောင်း Fotmob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် ဘာစီလိုနာအသင်းသည် ပွဲအစ ခြောက်မိနစ်ကတည်းက အိုဆာဆူနာအသင်းကို ဦးဆောင်ဂိုးခွင့်ပြုခဲ့ရသဖြင့် ချေပဂိုးရရှိရန် တိုက်စစ်မြှင့်တင်ကစားခဲ့ရာ တိုက်စစ်မှူး လီဝမ်ဒေါစကီးသည် ပွဲချိန် ၁၁ မိနစ်တွင် အဝါကတ်ပြသခံရသည့်အပြင် ပွဲချိန် ၃၁ မိနစ်တွင် အိုဆာဆူနာခံစစ်ကစားသမား ဒေးဗစ်ဂါစီယာနှင့်ဘောလုံးယှဉ်လုရာတွင် ပြစ်ဒဏ်ကျူးလွန်ခဲ့သောကြောင့် ဒုတိယအကြိမ် အဝါကတ်ပြသခံရပြီး နှစ်ဝါတစ်နီဖြင့် ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသကဲ့သို့ ပွဲကစားချိန် ၄၅ မိနစ်တွင် အရန်ခုံမှ ခံစစ်ကစားသမား ပီကေးမှာလည်း ကွင်းလယ်ဒိုင်ကို စောဒကတက်မှုကြောင့် တိုက်ရိုက်အနီကတ်ဖြင့် ထပ်မံထုတ်ပယ်ခံခဲ့ရသည်။

ဘာစီလိုနာအသင်းသည် လီဝမ်ဒေါစကီး အနီကတ်ဖြင့် ထွက်ခွာခဲ့သော်လည်း ကစားအားကျဆင်းသွားခြင်းမရှိဘဲ ပွဲချိန် ၄၈ မိနစ်တွင် ခံစစ်ကစားသမား အလာဘာ၏ဖြတ်တင်ပေးမှုမှ ကွင်းလယ်ကစားသမား ပက်ထရီက ချေပဂိုးသွင်းယူပေးခဲ့ပြီးနောက် ဘောလုံးပိုင်ဆိုင်မှုအသားပေး၍ တန်ပြန်တိုက်စစ်ဖြင့်သာကစားခဲ့ရာ ပွဲချိန် ၈၅ မိနစ်တွင် ကွင်းလယ်ကစားသမား ဖရန်ကီဒီဂျောင်း၏ ဖန်တီးပေးမှုမှ ရာဖင်ဟာက ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သောကြောင့် ပွဲပြီးဆုံးချိန်တွင် အိုဆာဆူနာအသင်းကို နှစ်ဂိုးတစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါနိုင်ပွဲကြောင့် ဘာစီလိုနာအသင်းသည် အဖိုးတန်အနိုင်သုံးမှတ်ရယူနိုင်ခဲ့ပြီး အမှတ်ပေးဇယား ဒုတိယနေရာမှ ရမှတ် ၃၂ မှတ်ဖြင့်ရပ်တည်နေသည့် ရီးရဲလ်မက်ဒရစ်အသင်းကို ရမှတ် ငါးမှတ်ထိဖြတ်တောက်နိုင်ခဲ့ကာ အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်နိုင်ခဲ့ကြောင်း သိရသည်။ ML

# LPGA ဂေါက်သီးရိုက်ပြိုင်ပွဲနှစ်ရပ်နှင့် လွဲချော်မည်ဟု ဂျက်ဆီကာကော့ဒါ ပြောကြား

**ဝါရှင်တန် နိုဝင်ဘာ ၉**

အမေရိကန် နာမည်ကြီး ဂေါက်သီးရိုက်မယ် ဂျက်ဆီကာကော့ဒါသည် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်နေရသည့်အတွက် LPGA ဂေါက်သီးရိုက်အဖွဲ့ချုပ်၏ နောက်ဆုံးပြိုင်ပွဲနှစ်ရပ်နှင့်လွဲချော်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်ဟု ST သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

LPGA အဖွဲ့၏ ၂၀၂၂ ဂေါက်သီးရိုက်ရာသီ၏ နောက်ဆုံးပြိုင်ပွဲရပ်အဖြစ် Pelican LPGA Championship ဂေါက်သီးရိုက်ပြိုင်ပွဲကို အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် ဘယ်လီအဲတွင် နိုဝင်ဘာ ၁၁ ရက်မှ စတင်ကျင်းပမည်ဖြစ်ပြီး CME Group Tour Championship ဂေါက်သီးရိုက်ပြိုင်ပွဲကို ဖလော်ရီဒါပြည်နယ် နပ်ပယ်တွင် နိုဝင်ဘာ ၁၈ ရက်၌ ကျင်းပမည်ဖြစ်သည်။

ဂျက်ဆီကာကော့ဒါသည် နောက်ကျောဒဏ်ရာရရှိထားသည့်အတွက် လေ့ကျင့်မှုများပင် ပြုလုပ်နိုင်ခြင်းမရှိဘဲလိုအပ်သည့်ဆေးကုသမှုများ ခံယူသွားရမည်ဖြစ်ပြီး ၎င်း၏ကစားသမားဘဝသက်တမ်းတစ်လျှောက် LPGA Tour တွင် ချန်ပီယံဆုခြောက်ကြိမ်ထိ ရရှိထားသော်လည်း ၂၀၂၂ ဂေါက်သီးရိုက်ရာသီကို ဒဏ်ရာပြဿနာဖြင့် အဆုံးသတ်ရတော့မည့်အခြေအနေကိုစိတ်ပျက်နေကြောင်း ပြောကြားခဲ့သည်။

ဂျက်ဆီကာကော့ဒါက "ဒဏ်ရာပြဿနာကြောင့် စိတ်ကသိကအောက်ဖြစ်ရတယ်။ ကျွန်မရဲ့ ကစားသမားဘဝ တစ်လျှောက် ဒဏ်ရာပြဿနာတွေနဲ့ပဲလုံးပန်းနေရတယ်။အခုလဲနောက်ကျောဒဏ်ရာကြောင့် LPGA Tourရဲ့ လက်ကျန်ပြိုင်ပွဲနှစ်ခုလုံးလွဲချော်ရတော့မယ်။ ဒါပေမဲ့ ဂေါက်သီးရိုက်လောကမှာ ဆက်လက်ကျင်လည်သွားဖို့အရေး လက်မလျှော့သေးပါဘူး။ ဒဏ်ရာပြဿနာကို လိုအပ်တဲ့ဆေးကုသမှုတွေခံယူပြီး အကောင်းဆုံးပုံစံနဲ့ ပြန်လာခဲ့ပါမယ်။ လာမဲ့နှစ်မှာ အကောင်းဆုံးပုံစံနဲ့ ပြန်လာပါမယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL

# ဒဏ်ရာရရှိခဲ့သည့် မာနေး ကမ္ဘာ့ဖလားတွင် ပါဝင်နိုင်ရန်မသေချာဟု နည်းပြနာဂျယ်စမန်းပြောကြား

**မြူးနစ် နိုဝင်ဘာ ၉**

မာနေးသည် ဝါဒါဘရီမင်နှင့်ပွဲစဉ်တွင် ခြေထောက်ဒဏ်ရာရရှိခဲ့မှုကြောင့် စကန်ဖတ်စစ်ဆေးမှုများ ခံယူရမည်ဖြစ်ပြီး ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပါဝင်ကစားနိုင်ရန် မသေချာဟု ဘိုင်ယန်မြူးနစ်အသင်းနည်းပြနာဂျယ်စမန်းက ပြောကြားခဲ့ကြောင်း Fotmob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

မာနေးသည် ဘိုင်ယန်မြူးနစ်အသင်းနှင့်ဝါဒါဘရီမင်အသင်းတို့ ပွဲစဉ်တွင် ပွဲထွက်ကစားသမားအဖြစ် ပါဝင်လာခဲ့ပြီး တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်နေချိန် ပွဲချိန် မိနစ် ၂၀ တွင် ညို့သကျည်းအရိုး ဒဏ်ရာရရှိခဲ့မှုကြောင့် အသင်းဖော် ဆာနေးနှင့်လူစားလဲခဲ့ရပြီး ယခုအခါ ၎င်း၏ဒဏ်ရာအခြေအနေမှာ စကန်ဖတ်စစ်ဆေးနေကာ ဒဏ်ရာပြင်းထန်မှုမရှိသော်လည်း ဆီနီဂေါအသင်းနှင့် ကမ္ဘာ့ဖလားပြိုင်ပွဲကို လွဲချော်နိုင်ကြောင်း သိရသည်။

နည်းပြနာဂျယ်စမန်းက "အခုပွဲစဉ်မှာ အသင်းအနေနဲ့ ခြောက်ဂိုးတစ်ဂိုးနဲ့အနိုင်ရခဲ့ပေမဲ့ မာနေးဒဏ်ရာရရှိခဲ့ပါတယ်။ သူ့ဒဏ်ရာအခြေအနေက စကန်ဖတ်စစ်ဆေးမှုပြုလုပ်နေတာကြောင့် အတိအကျ ပြောလို့မရသေးပါဘူး။ လက်ရှိ ကမ္ဘာ့ဖလားယှဉ်ပြိုင်ရမဲ့ သူ့နိုင်ငံအသင်းအတွက် အချိန်မီပြန်လာနိုင်မလားဆိုတာ စောင့်ကြည့်သွားရမှာပါ"ဟု ပြောကြားခဲ့သည်။

အဆိုပါပွဲစဉ်တွင် ဘိုင်ယန်မြူးနစ်အသင်းအတွက် သွင်းဂိုးများကို ကွင်းလယ်ကစားသမား ဂနာဘရီက ဟက်ထရစ်ဂိုး၊ မူစီအာလာ၊ ဂိုရက်ဇ်ကာ၊မက်သီတဲလ်တို့က သွင်းယူပေးခဲ့ကာ ခြောက်ဂိုးတစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး ပွဲစဉ်(၁၄)အပြီး တိုက်စစ်ပိုင်းက သွင်းဂိုး ၄၇ ဂိုးထိသွင်းယူနိုင်ခဲ့သကဲ့သို့ အမှတ်ပေးဇယား ဒုတိယနေရာမှ ဖရိုင်းဘတ်အသင်းကို ရမှတ်လေးမှတ်ဖြတ်တောက်နိုင်ခဲ့ကြောင်း သိရသည်။ ML



# ပြင်သစ်လီဂူး ပွဲစဉ် (၁၅) ပွဲကြိုသုံးသပ်ချက်

STA

**လိုင်ယွန်** Vs **နိုက်**

**ကစားမည့်ရက်/အချိန် ၁၂-၁၁-၂၀၂၂ (နံနက် ၀၂:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**လိုင်ယွန် ၂ - ၀ နိုက်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **လိုင်ယွန်** | - | **ဝေး(နိုင်)** | **အိမ်(နိုင်)** | **ဝေး(ရှုံး)** |
| **နိုက်** | - | **ဝေး(နိုင်)** | **ဝေး(သရေ)** | **အိမ်(နိုင်)** |

နှစ်သင်းစလုံးနောက်ပိုင်းပွဲစဉ်တွေမှာ ခြေစွမ်းပိုင်းပြန်လည်ကောင်းမွန်နေပါတယ်။ နိုက်အသင်းကလဲ အသင်းလိုက်ကစားပုံကောင်းမွန်တယ်ဆိုပေမဲ့ အဝေးကွင်းခြေစွမ်းပိုင်းကတော့ စိတ်ချလို့မရပါဘူး။ လိုင်ယွန်အသင်းကလဲအိမ်ကွင်းဆိုရင် တိုက်စစ်ပိုင်းထက်မြက်မှုရှိလို့ အိမ်ရှင်အားသာချက်ရှိနေတဲ့ လိုင်ယွန်အသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - လိုင်ယွန် ၁ - ၀ နိုက်**

# လူတန်နည်းပြ နသန်ဂျုန်းကို နည်းပြသစ်ခန့်အပ်ရန် ဆောက်သမ်တန်အသင်းသဘောတူညီမှုရရှိ

**လန်ဒန် နိုဝင်ဘာ ၉**

ပြီးခဲ့သည့်ရက်ပိုင်းက နည်းပြဟက်ဆန်ဟတ်ကို ရာထူးမှထုတ်ပယ်ခဲ့ပြီးနောက် ဆောက်သမ်တန်အသင်းက ချန်ပီယံရှစ်ကလပ် လူတန်အသင်းနည်းပြ နသန်ဂျုန်းကို နည်းပြသစ်အဖြစ်ခန့်အပ်ရန် ဆွေးနွေးခဲ့ရာ သဘောတူညီမှု ရရှိခဲ့သည်ဟု Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ဆောက်သမ်တန်အသင်းသည် နယူးကာဆယ်အသင်းနှင့်ပွဲစဉ်တွင် လေးဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် နည်းပြဟက်ဆန်ဟတ်ကို ရာထူးမှထုတ်ပယ်ခဲ့ပြီး ယခုနှစ်ဘောလုံးရာသီတွင် ချန်ပီယံရှစ်ပြိုင်ပွဲ၌ လူတန်အသင်းကို ပရီးမီးယားလိဂ်သို့ တန်းတက်ခွင့်ရရှိရန် ရလဒ်ကောင်းများစွမ်းဆောင်ထားနိုင်သည့် နည်းပြနသန်ဂျုန်းကို ဟက်ဆန်ဟတ်၏နေရာတွင် အစားထိုးရန် ဆွေးနွေးမှုပြုလုပ်ခဲ့ရာ သဘောတူညီမှုရရှိခဲ့ပြီး တရားဝင်ထုတ်ပြန်ခြင်း မရှိသေးကြောင်း သိရသည်။

နသန်ဂျုန်းက "ကျွန်တော့်အနေနဲ့ ဆောက်သမ်တန်အသင်းကို ပြောင်းရွှေ့ဖို့ လူတန်အသင်းဆီက ခွင့်ပြုချက် ရထားပြီးဖြစ်ပါတယ်။ လက်ရှိလူတန်အသင်းမှာ ပျော်ရွှင်နေပေမဲ့ ပရီးမီးယားလိဂ်လိုကလပ်အသင်းက ကမ်းလှမ်းလာတာကြောင့် ဆွေးနွေးမှုပြုလုပ်ခဲ့တာပါ။ ကျွန်တော်အနေနဲ့ အသင်းမှာ နေထိုင်ရတာ အဆင်ပြေသလို လူတန်အသင်းကလဲ အသင်းကောင်းတစ်သင်းဖြစ်တာကြောင့် ဘယ်တော့မှ မေ့လို့ရမှာလဲမဟုတ်ပါဘူး။ ဒါပေမဲ့ လာမဲ့ရက်ပိုင်းဘာတွေဖြစ်လာမလဲဆိုတာ စောင့်ကြည့်သွားရမှာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

နသန်ဂျုန်းသည် ၎င်း၏နည်းပြဘဝကို ၂၀၁၄ ခုနှစ်က ဘရိုက်တန်အသင်းနှင့်စတင်ခဲ့ပြီးနောက် ၂၀၁၆ ခုနှစ်၌ လူတန်အသင်းကို ကိုင်တွယ်ခဲ့ရာ သုံးနှစ်တာကာလအတွင်း အသင်းကို အင်္ဂလန်လိဂ်-၂မှလိဂ်-၁ သို့ရောက်ရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီးနောက် ၂၀၁၉ ခုနှစ်၌ စတုတ်အသင်းသို့ပြောင်းရွှေ့ခဲ့ကာ ကိုးလအကြာတွင် အသင်းနှင့်လမ်းခွဲခဲ့ပြီး ၂၀၂၀ ပြည့်နှစ်ဆောင်းရာသီအပြောင်းအရွှေ့ကာလတွင် လူတန်အသင်းကို ပြန်လည်တာဝန်ယူခဲ့ပြီး ပြီးခဲ့သည့် ဘောလုံးရာသီက အသင်းကို ပရီးမီးယားလိဂ်တန်းတက်ခွင့် Play-off ကစားခွင့်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ကြောင်း သိရသည်။ ML

# ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၁၅) ပွဲကြိုသုံးသပ်ချက်

STA

**ဂလာဘတ်** Vs **ဒေါ့မွန်**

**ကစားမည့်ရက်/အချိန် ၁၂-၁၁-၂၀၂၂ (နံနက် ၀၂:၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဒေါ့မွန် ၆ - ၀ ဂလာဘတ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ဂလာဘတ်** | - | **ဝေး(ရှုံး)** | **အိမ်(နိုင်)** | **ဝေး(ရှုံး)** |
| **ဒေါ့မွန်** | - | **ဝေး(သရေ)** | **အိမ်(နိုင်)** | **ဝေး(ရှုံး)** |

ပြီးခဲ့တဲ့ ပွဲစဉ်က ရှုံးပွဲကြုံခဲ့တဲ့ဒေါ့မွန်အသင်းဟာ အခုပွဲစဉ်မှာတော့ နိုင်ပွဲပြန်လည်ရရှိအောင်ကြိုးစားလာမှာပါ။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ လေးပွဲထိရှုံးနိမ့်ခဲ့တဲ့ ဂလာဘတ်အသင်းရဲ့ခြေစွမ်းပိုင်းကလဲ တည်ငြိမ်မှုမရှိဘဲ ရုန်းကန်နေရပါတယ်။ဒါကြောင့် ဒီပွဲမှာ ကစားသမားစုဖွဲ့မှုအသာစီးမှာရှိနေတဲ့ ဒေါ့မွန်အသင်းပဲအနိုင်ရယူသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း - ဂလာဘတ် ၁ - ၂ ဒေါ့မွန်**

# ပန်းချီဆရာကိုးဦး၏ The Art အွန်လိုင်းပန်းချီပြပွဲ ပြသသွားမည်



**ရန်ကုန် နိုဝင်ဘာ ၉**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ Queen Shin Saw Pu Art Studio & Gallery ပန်းချီပြခန်းတွင် The Art အွန်လိုင်းပန်းချီပြပွဲကို နိုဝင်ဘာ ၁၀ ရက်မှ နိုဝင်ဘာ ၁၃ ရက်ထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း အဆိုပါပန်းချီပြခန်းတာဝန်ခံ မသဇင်ကျော့ရှင်းက ပြောပြ၍ သိရသည်။

အဆိုပါ The Art အွန်လိုင်းပန်းချီပြပွဲတွင် နာမည်ရပန်းချီဆရာများဖြစ်ကြသည့် ပန်းချီကေကေမြန်မာ၊ ပန်းချီ မင်းလွင်၊ ပန်းချီ အေးမင်း၊ ပန်းချီအောင်သွင်ဦး၊ ပန်းချီ အောင်ဇော်ဝင်း၊ ပန်းချီ အောင်သန်းညို၊ ပန်းချီအေးမင်း၊ ပန်းချီ မျိုးမြတ်မင်း၊ ပန်းချီ စိုင်းပြည့်စုံအေးတို့၏ ရေဆေး၊ ဆီဆေး အပါအဝင် လက်ရာစုံဖြင့် ဖန်တီးထားသည့် ပန်းချီကား ၄၅ ကားကို ပြသပေးမည်ဖြစ်သည်။

"ပြပွဲအမည်ကိုတော့ The Art လို့အမည်ပေးပါတယ်။ ပြပွဲမှာနာမည်ရပန်းချီဆရာကိုးယောက်ရဲ့ ပန်းချီကား ၄၅ ကားကို ပြသသွားမှာဖြစ်ပါတယ်။ ဒီပြပွဲမှာပါဝင်တဲ့ ပန်းချီဆရာတွေအားလုံးက ဟောင်ကောင်၊ စင်ကာပူ၊ တရုတ် (တိုင်ပေ)က ပန်းချီပြခန်းတွေထိ သွားရောက်ပြသဖူးတဲ့ ပန်းချီဆရာတွေဖြစ်ပါတယ်။ ပြသမဲ့ပန်းချီကားတွေကတော့ ပြခန်းတွေကော အွန်လိုင်းမှာပါ တင်ထားတာမရှိသေးတဲ့ ပန်းချီကားအသစ်တွေဖြစ်ပါတယ်"ဟု မသဇင်ကျော့ရှင်းက ပြောပြသည်။

အဆိုပါပန်းချီပြပွဲတွင် ပြသပေးမည့် ပန်းချီကားများ၏ အရွယ်အစားများမှာ (၁၁×၁၅) လက်မ၊ (၁၅ ×၂၁) လက်မ၊ (၂၄×၂၄) လက်မ၊ (၃၆×၂၄) လက်မ စသည့် အရွယ်အစားအစုံ ပန်းချီကားများပါဝင်ပြီး ပန်းချီကားဈေးနှုန်းမှာ ငွေကျပ် ခုနစ်သိန်းမှ ငွေကျပ်သိန်း ၃၀ ထိ ဖြစ်ကြောင်း သိရသည်။

ASH

# Longlegs ဇာတ်ကားတွင် မင်းသားကြီး နီကိုလပ်ကေ့ ပါဝင်မည်

**နယူးယောက် နိုဝင်ဘာ ၉**

ကမ္ဘာကျော် အော်စကာဆုရ မင်းသားကြီး နီကိုလပ်ကေ့သည် Longlegs အမည်ရှိ ထိတ်လန့်သည်းဖို ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၈ ရက်တွင် ရေးသားတင်ပြထားသည်။

ထိတ်လန့်သည်းဖိုဇာတ်ကားအမျိုးအစားဖြစ်သည့် Longlegs ဇာတ်ကားတွင် မင်းသားကြီး နီကိုလပ်ကေ့သည် ထုတ်လုပ်သူတာဝန်ကိုပါ ရယူမည်ဖြစ်သည်။

လက်ရှိတွင် Longlegs ဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ်အသေးစိတ်ကို ထုတ်လုပ်သူများက ထုတ်ဖော်ပြောကြားခြင်းမရှိသေးကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာ အော့ဂွတ်ပါကင်းက ရေးသားထားပြီး ကိုယ်တိုင်တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

မင်းသားကြီး နီကိုလပ်ကေ့သည် ယခင်ကလည်း Prisoners of the Ghostland နှင့် Willy's Wonderland ကဲ့သို့ ထိတ်လန့်သည်းဖိုဇာတ်ကားများ၌ ပါဝင်ခဲ့ဖူးသည်။

Longlegs ဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုကို ၂၀၂၃ ခုနှစ်အတွင်း စတင်ဖွယ်ရှိကြောင်း သိရသည်။

KKO




# ဒါးပိန်ပန်းပုအလုပ်ရုံများမှ ကျွန်းသားဖြင့်ထုလုပ်ထားသောပုဂံသူရုပ်တုများ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်တို့က မှာယူလျက်ရှိ



**ရန်ကုန် နိုဝင်ဘာ ၉**

ရန်ကုန်တိုင်းဒေသကြီး ဒါးပိန်ပန်းပုကျေးရွာရှိ ပန်းပုအလုပ်ရုံများမှ ကျွန်းသားဖြင့်ထုလုပ်ထားသော ပုဂံသူပန်းပုရုပ်တုများကို ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်တို့က မှာယူလျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဒါးပိန်ပန်းပုကျေးရွာရှိ မြင့်မိုရ်ဦးပန်းပုလုပ်ငန်းပိုင်ရှင် ဦးအေးချမ်းက ပြောပြ၍ သိရသည်။

ယခုလတွင် ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်တို့ရှိ ပန်းပုအရောင်းဆိုင်များက အရွယ်အစား အမြင့် ၂၄ လက်မရှိ ကျွန်းသားဖြင့် ထုလုပ်ထားသော ပုဂံသူပန်းပုရုပ်တုများကို အဓိကမှာယူနေခြင်းဖြစ်ပြီး ပုံစံမှာ သစ်သီးခြင်းရွက်ထားသည့် ပုဂံခေတ်အမျိုးသမီးရုပ်တုဖြစ်ကြောင်း သိရသည်။

"မနှစ်က သင်္ကြန်အပြီးကတည်းက အော်ဒါတွေပြန်ရလာတာဖြစ်ပါတယ်။ အခုထိတော့ အထည်ကြီး အရုပ်ကြီးတွေ အော်ဒါမရသေးပါဘူး။ အခု အော်ဒါကတော့ ရှမ်းပြည်နယ်ဘက်ကလဲမှာတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်ဘက်ကလဲ အမှာတွေတက်လာတယ်။ သူတို့ဘယ်လောက်ရောင်းမယ်တော့ မသိဘူး။ ကျွန်တော်တို့ဆီကတော့ လက်ခအရုပ်တစ်ရုပ်ကို ငွေကျပ် ၂၀၀၀၀ လောက်တော့ရတယ်"ဟု ဦးအေးချမ်းက ပြောပြသည်။

လက်ရှိတွင် ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်တို့က အခုရေ ၂၅၀ စီ မှာယူထားသည့် ကျွန်းသားဖြင့်ထုလုပ်ထားသောပုဂံသူရုပ်တုမှာ ဈေးကွက်အတွင်း တစ်ခုလျှင် ငွေကျပ် ၈၀၀၀၀ ခန့်ရှိကြောင်း သိရသည်။

ASH

# Ballerina ဇာတ်ကားရိုက်ကူးမှု နိုဝင်ဘာလဒုတိယပတ်အတွင်း စတင်မည်

**နယူးယောက် နိုဝင်ဘာ ၉**

John Wick ဇာတ်ကားများ၏ မူကွဲဇာတ်ကားတစ်ကားဖြစ်သည့် Ballerina ဇာတ်ကားရိုက်ကူးထုတ်လုပ်မှုကို နိုဝင်ဘာလ ဒုတိယပတ်အတွင်း စတင်မည်ဖြစ်ကြောင်း TV Line သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၈ ရက်တွင် ရေးသားတင်ပြထားသည်။

Ballerina ဇာတ်ကားရိုက်ကူးမှု စတင်မည့်အချိန်ကို Lionsgate ရုပ်ရှင်ကုမ္ပဏီ တာဝန်ရှိသူများက ဩဂုတ် ၆ ရက်တွင် အတည်ပြုကြေညာခဲ့ခြင်းဖြစ်သည်။

အဆိုပါဇာတ်ကားတွင် No Time To Die မင်းသမီး အန်နာဒီအားမတ်က အဓိကဇာတ်ကောင်အဖြစ် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

Ballerina ဇာတ်ကားသည် ဘဲလေးအကပညာကျောင်း၌ လုပ်ကြံရေးသမားအဖြစ် လေ့ကျင့်မှုရယူထားသော အမျိုးသမီးငယ်တစ်ဦး၏ စွန့်စားမှုများကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

Ballerina ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ရှေးဟက်တန်က ရေးသားပေးထားပြီး ဒါရိုက်တာ လန်းဝိုက်မင်းက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

KKO





# ဟိုပုန်းမြို့နယ်၌ VDP စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ဟိုပုန်း နိုဝင်ဘာ ၉**

ရှမ်းပြည်နယ် (တောင်ပိုင်း) ဟိုပုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် နောင်တောင်းကျေးရွာ၌ ပြည်နယ်ရန်ပုံငွေဖြင့် ထပ်တိုးအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဟိုပုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးလွင်မြင့်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များနှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဒေါ်ကေဇင်နိုးနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီများဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော နောင်တောင်းကျေးရွာမှ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ပေးခဲ့ကြသည်။

နောင်တောင်းကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀ဖြင့် ကျေးရွာမှ ရွေးချယ်ထားသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဟိုပုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးစိုးလွင်မြင့်က ပြောပြ၍ သိရသည်။

**မောင်ခိုင်**

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing opens Naypyitaw State Academy



Senior General Min Aung Hlaing attends opening ceremony of Naypyitaw State Academy.

**Nay Pyi Taw November 9**

The inauguration ceremony of the Naypyitaw State Academy of the Ministry of Education of the Republic of the Union of Myanmar was held this morning and Chairman of State Administration Council Prime Minister Senior General Min Aung Hlaing formally opened the academy and delivered an address.

Also present at the ceremony were Vice Chairman of SAC Deputy Prime Minister Vice-Senior General Soe Win and council members General Mya Tun Oo, Admiral Tin Aung San, Daw Aye Nu Sein, Jean Phang Naw Taung, U Moung Har and U Sai Lone Seng, union ministers and union-level officials, the chairman of the Nay Pyi Taw Council, senior Tatmadaw officers, the commander of the Nay Pyi Taw Command, deputy ministers, guests, faculty members and students.

First, SAC Member Daw Aye Nu Sein, Union Minister for Education Dr Nyunt Pe, Union Minister for Construction U Shwe Lay and Chairman U Tin Oo Lwin of the Nay Pyi Taw Council formally opened the inauguration ceremony.

Then, the Senior General unveiled the signboard of the academy by pressing the button and sprinkled scented water on the monument of the academy.

Afterwards, the Vice-Senior General and attendees sprinkled scented water on the monument of the academy.

Then, the inauguration ceremony was held at the function hall of the academy on the first floor of the main building and faculty members and students of the national university of fine arts and culture and musicians performed the opening song of the academy.

Afterwards, the Senior General delivered a speech, saying "Today's ceremony is an auspicious and unique event as a leading university of the country, which will innovate the higher education sector, has been inaugurated in the capital city of Nay Pyi Taw. The purpose of establishing the academy is to turn Nay Pyi Taw into an education hub and to enable the offspring of government employees who perform duties in Nay Pyi Taw and residents of eight townships in Nay Pyi Taw including Zabu Thiri, Zeya Thiri, Ottara Thiri, Dakhina Thiri, Pobba Thiri, Pyinmana, Tatkon and Lewe townships to study various international-standard advanced academic disciplines of their choice. Moreover, efforts must be exerted to turn the academy into the leading university for wisdom, which nurture scholars who can promote the socioeconomic life of the country and applied research by placing emphasis on teaching and learning methods based on reasoning. It is necessary to nurture precious educated citizens who are instilled with wisdom and noble spirit.

It can be seen that the motto of the academy is "Pyinnar Eva Adhipati", which refers to wisdom as the lord, guardian and leader. It means that the academy is a learning centre which upholds wisdom.

The Naypyitaw State Academy is formed with the aim of shaping high level institutions of the State such as Yangon and Mandalay universities. It can be seen that the former is formed with formation of faculties similar to that of Yangon and Mandalay universities. These faculties are arts, science, law, economics, medical, social and sports faculties. The Senior General expressed his satisfaction with recruitment for qualified faculties and subject-wise experts serving duties at the relevant departments from Nay Pyi Taw at the academy.

The academy will admit students for the third year courses in 2022-23 academic year, and years of courses will be extended one after another. Moreover, the academy will open the master's courses and doctoral courses in order to turn out the qualified human resources for development of the State.

Including the Naypyitaw State Academy, a total of 75 universities and degree colleges are under the Ministry of Education. Currently, a total of 175 universities, degree colleges and colleges under 11 ministries are being operated in the nation. The Nay Pyi Taw formed with the Naypyitaw State Academy, University of Forestry and Environmental Science, University of Agriculture, and the University of Veterinary Science with forthcoming technological university to be able to shape the education city.

The Naypyitaw State Academy facilitated with highly-qualified academic systems, international syllabuses, modern teaching aid, practical rom equipment, laboratory apparatuses and modern library in addition to well-versed faculty members in order to meet the standard of Yangon and Mandalay universities. Plans are underway to teach students to become the students with sharpening and high critical thinking power in knowledge and skills. It is necessary to prioritize the qualification of the students rather than the quantity. In the future, the academy needs to turn out many numbers of qualified students.

In addition, the Senior General stressed the need to conduct at least one course for doctoral students at on each university in regions and states. The government pledged to facilitate these universities of opening the doctoral courses with university characteristics.

The Senior General urged officials at different levels and faculty members to make efforts for the universities opening the doctoral courses to meet international level as well as that of the Yangon University which was accredited in the Southeast Asia in the post-independence era.

Every citizen must have at least one vocational technique to be able to have average living standard. As such, each basic education high school in 50 districts will conduct agriculture, livestock and techical subjects for enhancement of socio-economy of the rural people, who are 70 per cent of the total population of the nation, starting from coming academic year. Aiming to contributing to the micro, small and medium scal enterprises, the vocational training schools will be extended. The students qualified at these schools will have the chance to further pursue higher learning at relevant universities.



Senior General Min Aung Hlaing inspects scale model of Naypyitaw State Academy.

In accord with the motto: "start education reform with teachers", only when teachers need to continuously learn for improvement of their knowledge, will students have improved knowledge. *See Page 13*



Senior General Min Aung Hlaing delivers address at the opening ceremony of Naypyitaw State Academy.

*From Page 12*

As a Myanmar saying which goes: Students of qualified teachers get good result, only then, can well-versed teachers turn out the qualified students.

All are urged to encourage higher education by opening Naypyitaw State Academy in Nay Pyi Taw and make efforts to promote Myanmar's education through upgrading education standards at universities and schools across the nation as well. Students are to learn high standard education at Naypyitaw State Academy sponsored by the State and serve for their own interest, community's interest, regional interest and nation's interest. Efforts are to be made so that the academy will be able to conduct training and learning courses that will contribute to the State and constantly produce experts and graduates and nurture them to become future leaders and good citizens. All are to work together in order that the standard of Naypyitaw State Academy will be higher and higher and better and better until it becomes a world-class university.

Afterwards, students from Meiktila University presented a performance with the song "Top University". Then, the Senior General and party had a record photo taken with the attendees and cordially greeted faculty members and students.

Later, the Senior General and the attendees took a tour of the Naypyitaw State Academy.

Naypyitaw State Academy project began in Zabuthiri Township, Nay Pyi Taw Territory, in April this year with the aim of producing educated youths necessary for nation-building tasks and under the guidance of Chairman of State Administration Council Prime Minister Senior General Min Aung Hlaing. To ensure smoothness in teaching and learning education, facilities including teaching halls, auditorium, offices for academic and administration, classrooms, laboratories and library are built and equipped at the academy. Children of local families including those of civil servants within Nay Pyi Taw Territory are able to learn high standard education at the academy. 100


Senior General Min Aung Hlaing looks around Naypyitaw State Academy.

# US election: Control of Congress hangs in balance after midterms

**Washington November 9**

Republicans and Democrats are in a tight race for control of the US Congress, as counting continues following the midterm elections.

Republicans are favoured to win the House of Representatives, but the fight for the Senate is on a knife-edge.

Democrats gained a key Senate seat in Pennsylvania and the results of several other close races are yet to be called.

Exit polls suggest the economy and inflation were the biggest concerns for voters.

Though this should have benefitted Republicans, they have not seen the "red wave" of victories they had hoped for.

The US Congress is made up of two parts - the House of Representatives and the Senate. All 435 seats in the House of Representatives and 34 of the 100 seats in the Senate were up for grabs. Members of the House represent their local populations and Senators represent the interests of their states.

Although President Joe Biden, a Democrat, is not on the ballot, the midterms will shape the fate of his agenda. If Democrats lose control of either the House or the Senate, Republicans will be able to block his plans.

BBC

# Facebook-owner Meta to cut 13% of its workforce

**Washington November 9**

Meta, which owns Facebook, Instagram and WhatsApp, has announced that it will cut 13% of its workforce.

The first mass lay-offs in the firm's history will result in 11,000 employees, from a worldwide headcount of 87,000, losing their jobs.

Meta chief executive Mark Zuckerberg said the cuts were "the most difficult changes we've made in Meta's history".

The news follows major lay-offs at Twitter, which cut about half its staff, and other tech firms.

"I know this is tough for everyone, and I'm especially sorry to those impacted," he wrote in a statement.

Mr Zuckerberg blamed massive long-term expectations for growth based on the firm's rise in revenue during the pandemic.

"Many people predicted this would be a permanent acceleration," he wrote, "I did too, so I made the decision to significantly increase our investments."

Instead he said "macroeconomic downturn" and "increased competition" caused revenue to be much lower than expected.

"I got this wrong, and I take responsibility for that," he said.

The announcement of job cuts was widely expected.

Mr Zuckerberg told hundreds of Meta executives of the plans on Tuesday, the Wall Street Journal reported. BBC

# Border trade camps along Myanmar-China border handle US$1,371.94 million of trade volume from 1 April to 21 October

**Nay Pyi Taw November 9**

Border trade camps along Myanmar-Sino border handled the trade volume worth US$1,371.94 million from 1 April to 21 October 2022 of the 2022-23 fiscal year, said deputy director Daw Cho Thet Mu of Trade Policy Branch of Trade Department under the Ministry of Commerce.

In this regard, Muse border trade zone handled the trade volume worth US$1,160 million, Lweje US$72 million, Chinshwehaw US$92 million, Kanpaiti US$43 million, Kengtung US$4.94 million, totalling US$1,226 million.

"During the seven-month period between the Myanmar-Sino border, the border trade secored US$1,371.94 million worth of trade volume. According to the latest statistics, Muse border trade zone handled the trade volume worth US$1,160 million, Lweje US$72 million, Kanpaiti US$43 million and Kengtung US$4.94 million," said the deputy director.

Myanmar establishes border trade camps in Muse, Lweje, Chinshwehaw, Kengtun and Kanpaiti camps for trading export and import process with Chinese counterparts. ASH

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ယူကရိန်းအထူးစစ်ဆင်ရေးမစမီကစ၍ ရုရှားနိုင်ငံသို့ ဒရုန်းများရောင်းချပေးခဲ့ကြောင်း အီရန်ပြောကြား



ရုရှားက ဓာတ်အားပေးစက်ရုံများနှင့် အရပ်ဘက် အခြေခံအဆောက်အအုံများကို ပစ်မှတ်ထားတိုက်ခိုက်ရန် ယူကရိန်းအထူး စစ်ဆင်ရေးမစတင်မီကစ၍ ရုရှားနိုင်ငံသို့ ဒရုန်းများကို ရောင်းချပေးခဲ့ခြင်းဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး Hossein Amirabdollahian က ပြောကြားခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီး Hossein Amirabdollahian က မောင်းသူမဲ့လေယာဉ် အရေအတွက်အနည်းငယ်ကိုသာ တင်ပို့ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယူကရိန်းနှင့် နိုင်ငံတကာမဟာမိတ်များက ကရိုင်းမီးယားနှင့်ဒွန်ဘတ်စ်ဒေသတချို့ကို သိမ်းပိုက်ပြီးနောက် ၂၀၁၄ ခုနှစ်ကတည်းကစတင်၍ ရုရှားထံ အသေခံမောင်းသူမဲ့လေယာဉ်များရောင်းချမှုအတွက် အီရန်နိုင်ငံကို ဝေဖန်ပြစ်တင်လိုက်သည်။

ယူကရိန်းသမ္မတ ဗလာဒီမာဇီလန်စကီးက ရုရှားနိုင်ငံသို့ အီရန်က ထောက်ပံ့ရေးအကန့်အသတ်ဖြင့်သာ လုပ်ဆောင်ခဲ့သည့် အချက်ကိုပယ်ချခဲ့ပြီး နိုဝင်ဘာ ၄ ရက်တွင် အီရန်ထုတ် ဒရုန်း ၁၁ စင်းကို ယူကရိန်းနိုင်ငံက ပစ်ချခဲ့ကြောင်း ပြောကြားခဲ့သည်။

"တကယ်လို့ အီရန်က ရှင်းရှင်းလင်းလင်းကိုဆက်လိမ်နေတယ်ဆိုရင် ဒါဟာ ရုရှားနဲ့ အီရန်အစိုးရတွေကြား အကြမ်းဖက်ပူးပေါင်းဆောင်ရွက်မှုနဲ့ ဒီလိုပူးပေါင်းဆောင်ရွက်မှုအတွက် ရုရှားက အီရန်ကို ကမ္ဘာကြီးကသိအောင်ပိုပြီးတော့ကြိုးပမ်းလာလိမ့်မယ်လို့ အဓိပ္ပာယ်ရပါတယ်"ဟု ဗလာဒီမာဇီလန်စကီးက ပြောကြားခဲ့သည်။

လေယာဉ်နှင့်ဒုံးကျည်များဖြင့် လေကြောင်းတိုက်ခိုက်မှုများမှ ခုခံကာကွယ်ရန် မဟာမိတ်များကို ထပ်ခါတလဲလဲဖိအားပေးခဲ့ပြီး လာမည့်ရက်သတ္တပတ်များအတွင်း သတင်းကောင်းကို မျှော်လင့်ထားကြောင်း ဗလာဒီမာဇီလန်စကီး ပြောကြားခဲ့သော်လည်း အသေးစိတ်အချက်အလက်များကို ပြောကြားသွားခြင်းမရှိပေ။

ယူကရိန်းသည် ရုရှားပင်လယ်နက် ရေယာဉ်စုကိုတိုက်ခိုက်သည့် ရေတပ်သုံး ဒရုန်းများကဲ့သို့ အင်္ဂါဝါရေပြင်သုံး ဒရုန်းများဝယ်ယူရန် ရန်ပုံငွေရှာဖွေရေးလှုပ်ရှားမှုကို လာမည့်သီတင်းပတ်တွင် ပြုလုပ်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

အီရန်နိုင်ငံဆိုင်ရာ အမေရိကန်အထူးသံတမန် Robert Malley က အီရန်နိုင်ငံသည် ဒရုန်းအနည်းငယ်ကိုပေးပို့ခဲ့သည်မှာ မမှန်ကြောင်း တွစ်တာတွင် ရေးသားခဲ့သည်။

"ဒီနှစ်နွေရာသီမှာ ရုရှားက ဒရုန်းအသုံးပြုနိုင်ဖို့ကူညီပေးနေတဲ့ အီရန်တပ်ဖွဲ့ဝင်တွေ ဒါဇင်နဲ့ချီပြီး ရုရှားသိမ်းပိုက်ထားတဲ့ ယူကရိန်းနယ်မြေတွေမှာ ရောက်ရှိနေခဲ့ပါတယ်"ဟု Robert Malley က ဆိုသည်။

ရုရှားနှင့် စေ့စပ်ညှိနှိုင်းနိုင်ရေးအချက်ပြနိုင်ရန် အမေရိကန်သည် ယူကရိန်းကို တိတ်တဆိတ် တွန်းအားပေးနေကြောင်း Washington Post ကဖော်ပြခဲ့သည်။

အဆိုပါသတင်းစာက အမေရိကန်အရာရှိများ၏တောင်းဆိုမှုသည် ယူကရိန်းနိုင်ငံကို ညှိနှိုင်းရေးစားပွဲဝိုင်းသို့ တွန်းပို့ရန် ရည်ရွယ်ခြင်းမဟုတ်ဘဲ ယူကရိန်းသည် အခြားနိုင်ငံများ၏ ထောက်ခံမှုကို ဆက်လက်ထိန်းသိမ်းထားရန် ထည့်သွင်းတွက်ချက်ထားသော ကြိုးပမ်းမှုတစ်ရပ်အနေဖြင့်ဖြစ်ကြောင်း သိရသည်။

ယူကရိန်းနိုင်ငံပိုင် စွမ်းအင်ကုမ္ပဏီက အခြားဒေသအများအပြားတွင် ဓာတ်အားခွဲတမ်း ထပ်တိုးပေးကြောင်း ကြေညာခဲ့သည်။

ပြီးခဲ့သည့်လအတွင်း ရုရှား၏တိုက်ခိုက်မှုများကြောင့် ယူကရိန်းဓာတ်အားပေးစက်ရုံများ၏ သုံးပုံတစ်ပုံခန့်ပျက်စီးခဲ့ပြီး လျှပ်စစ်ဓာတ်အားကို တတ်နိုင်သမျှထိန်းသိမ်းကြရန် ယူကရိန်းအစိုးရက တိုက်တွန်းထားသည်။

**Ukraine conflict – day 256: Iran admits sending drones to Russia before war ကို ဘာသာပြန်ဆိုထားပါသည်။**

## အမေရိကန်၌ ငြိမ်းချမ်းရေးဆွေးနွေးပွဲမကျင်းပမီ အာမေနီးယားနှင့် အဇာဘိုင်ဂျန် နယ်စပ်ပစ်ခတ်မှုများဖြင့် အပြန်အလှန်စွပ်စွဲ

အာမေနီးယားနှင့် အဇာဘိုင်ဂျန်တို့သည် ပြဿနာဖြစ်နေသော နယ်စပ်တစ်လျှောက် ပစ်ခတ်မှုများဖြစ်ပေါ်ခဲ့ပြီး တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် စွပ်စွဲပြောဆိုခဲ့ကြပြီး နိုဝင်ဘာ ၇ ရက်တွင် အဆိုပါနှစ်နိုင်ငံသည် အမေရိကန်နိုင်ငံ ကြားဝင်ညှိနှိုင်းပေးသည့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲမကျင်းပမီ နာရီပိုင်းအလို၌ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး Antony Blinken က အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် အာမေနီးယန်းနိုင်ငံခြားရေးဝန်ကြီး Ararat Mirzoyan နှင့် အဇာဘိုင်ဂျန်နိုင်ငံခြားရေးဝန်ကြီး Jeyhun Bayramov တို့ အမေရိကန်၌ တွေ့ဆုံမှုမတိုင်မီ ယခုကဲ့သို့ အဖြစ်အပျက်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ရုရှားသည် ယူကရိန်းစစ်ဆင်ရေးကို ဖေဖော်ဝါရီလက စတင်ခဲ့ပြီးနောက် ကမ္ဘာ့ဇာတ်ခုံတွင် အထီးကျန်ဖြစ်နေခြင်းကြောင့် အမေရိကန်နှင့် အီးယူတို့သည် အာမေနီးယား-အဇာဘိုင်ဂျန် ဆွေးနွေးပွဲကို ကြားဝင်ဖျန်ဖြေရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့သည်ဟု အမေရိကန်သတင်းမီဒီယာများက ရေးသားဖော်ပြခဲ့ကြသည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် အာမေနီးယန်းဝန်ကြီးချုပ် Nikol Pashinyan နှင့် အဇာဘိုင်ဂျန်သမ္မတ Ilham Aliyev တို့ တွေ့ဆုံဆွေးနွေးပြီးနောက် တစ်ပတ်အကြာ နယ်စပ်တွင် တင်းမာမှုများဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

ရုရှားသည် ဆိုဗီယက်သမ္မတနိုင်ငံဟောင်းများကြား အင်အားကြီးနိုင်ငံအကျိုးဆောင်အဖြစ် ဆက်လက်ရပ်တည်ရန် ကြိုးပမ်းနေချိန်ဖြစ်သည်။

နိုဝင်ဘာ ၇ ရက် အစောပိုင်းတွင် အဇာဘိုင်ဂျန်တပ်ဖွဲ့ဝင်များသည် အာမေနီးယန်း-အဇာဘိုင်ဂျန်နယ်စပ်၏ အရှေ့ဘက်နယ်စပ်တစ်လျှောက်ရှိ အာမေနီးယန်းတပ်များကို စတင်ပစ်ခတ်ခဲ့ကြောင်း ရီရယ်ဗန်ရှိ ကာကွယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ပစ်ခတ်မှုများကြောင့်အသေအပျောက်မရှိကြောင်း၊ ရှေ့တန်းတွင် အခြေအနေပြန်လည်တည်ငြိမ်နေသည်ဟု နိုဝင်ဘာ ၇ ရက် နံနက် ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဇာဘိုင်ဂျန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနသည် နယ်စပ်ရှိ နေရာအများအပြားတွင် တပ်စွဲထားသော အဇာဘိုင်ဂျန်တပ်ဖွဲ့များ၏ တပ်စခန်းနေရာများကို အာမေနီးယန်းတပ်ဖွဲ့များက ပစ်ခတ်ခဲ့သည်ဟု စွပ်စွဲခဲ့သည်။

ကရင်မလင်၏ ပြောရေးဆိုခွင့်ရှိသူ Dmitry Peskov က တင်းမာမှုများတိုးမြင့်လာနိုင်သည့်လုပ်ရပ်များနှင့် အပြုအမူများကို ရှောင်ကြဉ်ရန် နှစ်ဖက်စလုံးကို နိုဝင်ဘာ ၇ ရက်က တောင်းဆိုခဲ့သည်။

Erevan နှင့် Baku တို့သည် ၂၀၂၀ ပြည့်နှစ် ဆောင်းဦးရာသီနှင့် ၁၉၉၀ ပြည့်နှစ်တို့တွင် အငြင်းပွားနေသော Nagorno-Karabakh နယ်မြေအငြင်းပွားမှုအပေါ် စစ်ပွဲ နှစ်ကြိမ်ဖြစ်ပွားခဲ့သည်။

**Armenia, Azerbaijan in New Border Shootout Ahead of US Talks ကို ဘာသာပြန်ဆိုထားပါသည်။**



## တရုတ်(တိုင်ပေ)က ဒုံးကျည်ဒဏ်ခံနိုင်ရည်ရှိသောလေယာဉ်ရုံများ တည်ဆောက်ရန်စီစဉ်



တရုတ်(တိုင်ပေ)သည် တရုတ်၏ အားကောင်းသော ပဲ့ထိန်းဒုံးကျည်များဖြင့် တိုက်ခိုက်ခြင်းကို ခံနိုင်ရည်ရှိသော လေယာဉ်သိုလှောင်ရုံများကို တည်ဆောက်ရန်စီစဉ်လျက်ရှိကြောင်း လေတပ်အရာရှိတစ်ဦးကို ကိုးကား၍ Taipei Times သတင်းတွင် ဖော်ပြထားသည်။

တရုတ်(တိုင်ပေ) Chungshan Institute of Science and Technology သည် Taichung ရှိ လေတပ်စခန်းတွင် တည်ဆောက်ရန်စီစဉ်ထားသောလေယာဉ်သိုလှောင်ရုံ ၃၆ ရုံ၏ ဒီဇိုင်းကို ပြန်လည်သုံးသပ်ထားပြီးဖြစ်သည်။

၎င်းတို့သည် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်က ဖြစ်နိုင်ခြေရှိသော Dongfeng ဒုံးကျည်တိုက်ခိုက်မှုများဒဏ် ခံနိုင်ရည်ရှိစေရန် ဒီဇိုင်းထုတ်ထားမည်ဖြစ်သည်။

ဒုံးကျည်ဒဏ်ခံနိုင်သော သိုလှောင်ရုံများသည် ကျွန်းနိုင်ငံ၏စစ်လေယာဉ်များကို အကာအကွယ်ပေးမည်ဖြစ်ပြီး တရုတ်ကျူးကျော်မှုဖြစ်ပွားချိန်တွင် ၎င်း၏တိုက်ခိုက်ရေးစွမ်းရည်ကို ထိန်းသိမ်းထားမည်ဖြစ်ကြောင်း အဆိုပါသတင်းရင်းမြစ်တွင် ရေးသားထားသည်။

တရုတ်(တိုင်ပေ)အစိုးရသည် လေယာဉ်သိုလှောင်ရုံအသစ်များအတွက် ထိုင်ဝမ်ဒေါ်လာ ၄ ဒသမ ၃၉ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၃၆ ဒသမ ၅ သန်း) ခွဲဝေချထားပေးပြီးလည်းဖြစ်သည်။

နိုင်ငံ၏စီမံကိန်းကို အပြီးသတ်ရေးဆွဲကာ တည်ဆောက်မှုမစတင်မီ ယခုနှစ်ကုန်တွင် အန္တရာယ်ဖြစ်နိုင်မှုနှင့် ခွန့်စားရမှုများအပေါ် အကဲဖြတ်ဆန်းစစ်မှုတစ်ရပ်ပြုလုပ်သွားမည်ဖြစ်သည်။

စီမံကိန်းအတွက် လုပ်ငန်းဆောင်ရွက်မှုများကို ၂၀၂၆ ခုနှစ်တွင် အပြီးသတ်ရန် စီစဉ်ထားပြီးဖြစ်သည်။

**Taiwan to Build Missile-Proof Hangars: Air Force Official ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# လပွတ္တာမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲမျိုးစုံဧက ၂၂၀၈၀ စိုက်ပျိုးမည်



**လပွတ္တာ နိုဝင်ဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် ပဲမျိုးစုံဧက ၂၂၀၈၀ စိုက်ပျိုးမည်ဖြစ်ကြောင်း လပွတ္တာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

လပွတ္တာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံဧက ၂၂၀၈၀ စိုက်ပျိုးမှုကို ဒီဇင်ဘာလ ပထမပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးရန်အတွက် ဒေသခံတောင်သူများနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

"လပွတ္တာမြို့နယ်မှာ ဒီနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ပဲမျိုးစုံသီးနှံဧက ၂၂၀၈၀ စိုက်ပျိုးမှာပါ။ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ လိုအပ်တာတွေ ဆောင်ရွက်နေပါတယ်။ ဒီလို လျာထားချက်တွေ ပြည့်မီအောင် စိုက်ပျိုးဖို့အတွက် ဌာနဆိုင်ရာတွေနဲ့ ဒေသခံတောင်သူတွေ ပူးပေါင်းဆောင်ရွက်နေတယ်။ ပဲမျိုးစုံအနေနဲ့ ဘိုကိတ်၊ မတ်ပဲ၊ ပဲတီစိမ်း အမျိုးအစားတွေကို စိုက်ပျိုးမှာဖြစ်ပါတယ်။ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းလာဖို့ကိုလဲ ပံ့ပိုးဆောင်ရွက်ပေးမှာဖြစ်ပါတယ်" ဟု လပွတ္တာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးအောင်က ပြောပြသည်။

လပွတ္တာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံဧက ၂၂၀၈၀ စိုက်ပျိုးရာတွင် ပဲတီစိမ်း ၁၆၅၇၅ ဧက၊ ဘိုကိတ်ဧက ၅၄၈၀၊ မတ်ပဲ ၂၅ ဧက စုစုပေါင်းပဲမျိုးစုံဧက ၂၂၀၈၀ ကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါပဲများကို အခက်အခဲမရှိ စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးသွင်းအားစုများနှင့် စိုက်ပျိုးရေးချေးငွေများကို သတ်မှတ်ထားသည့် စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ထုတ်ချေးပံ့ပိုးပေးခြင်း၊ စိုက်ပျိုးပြီးသော ဆောင်းသီးနှံများ ဖျက်ပိုးမကျရောက်စေရန်၊ အထွက်နှုန်းကောင်းမွန်စေရန် တောင်သူများနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း လပွတ္တာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ကျော်ကျော်လင်း**

# မြစ်ကြီးနားမြို့နယ် အကြဲကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**မြစ်ကြီးနား နိုဝင်ဘာ ၉**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစ်ကြီးနားမြို့နယ်အကြဲကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှုများကို နိုဝင်ဘာ ၈ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြစ်ကြီးနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေသူရိန်စိန်လှနှင့် တာဝန်ရှိသူများက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကချင်ပြည်နယ်အစိုးရအဖွဲ့ ငွေလုံးငွေရင်းဘဏ္ဍာရန်ပုံငွေကျပ် ၄၇၉ ဒသမ ၃ သန်းဖြင့် Swift Sun Set ကုမ္ပဏီက တာဝန်ယူဆောင်ရွက်သည့် ကျေးရွာကုန်ထုတ်လမ်းဖောက်လုပ်နေမှုများကို ကွင်းဆင်းစစ်ဆေးကြပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးအောင်ဆောင်ရွက်ရန် သက်ဆိုင်ရာ တာဝန်ရှိသူများကို မှာကြားကာ လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။



မြစ်ကြီးနားမြို့နယ် အကြဲကျေးရွာတွင် အရှည်သုံးမိုင်၊ အကျယ် ၁၈ ပေ၊ အမြင့်ကိုးလက်မရှိ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် အဆိုပါ ကုန်ထုတ်လမ်းပေါ်တွင် အလျားပေ၂၀၊ အနံပေ၂၀၊ အမြင့် ၁၀ ပေရှိ ကွန်ကရစ်တံတားတစ်စင်းနှင့် Pipe Culvert နှစ်စင်း တည်ဆောက်ခြင်း လုပ်ငန်းများကို အောက်တိုဘာ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် ၂၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ ရာနှုန်းပြည့်ပြီးစီးပါက အကြဲကျေးရွာရှိ အိမ်ထောင်စု ၅၀၁ စု၊ လူဦးရေ ၁၆၀၀ ကျော် စိုက်ဧက ၄၀၀၀ မှ ထွက်ရှိသော စိုက်ပျိုးရေး ထုတ်ကုန်ပစ္စည်းများကို ဈေးကွက်သို့ ကုန်ကျစရိတ် သက်သာစွာဖြင့် တင်ပို့ရောင်းချနိုင်တော့မည်ဖြစ်ရာ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် အကျိုးပြုစေမည်ဖြစ်ကြောင်း မြစ်ကြီးနားမြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

# မိုင်းဖြတ်မြို့နယ် ဝမ်နောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှုစစ်ဆေး

**မိုင်းဖြတ် နိုဝင်ဘာ ၉**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဝမ်နောင်ကျေးရွာ၌ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ ဆောင်ရွက်နေသော မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့် တာဝန်ရှိသူများက ဝမ်နောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဝမ်နောင်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ပြီး ယခုအခါ နဝမအကြိမ်မြောက်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၃၆ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦးကို ငွေကျပ် ၂၅၄ သိန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် သိန်း ၂၉၀ ဖြင့် လုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ခင်မာ**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၉-၁၁-၂၀၂၂

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၀၈၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၄၁၀၀၀၀ |
| **(ဖွဲ့ထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မကျီးတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| ဧည့်မထ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၆၈၀၀/၇၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၆၉၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၇၆၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၀၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၁၄၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၂၆၀ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)

စာမျက်နှာ ၁၇ မှအဆက်

ယင်းနောက် မိတ္တီလာတက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူများက ထိပ်တန်းတက္ကသိုလ်သီချင်းဖြင့် သီဆိုကပြဖျော်ဖြေကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အခမ်းအနား တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြပြီး တက်ရောက်လာကြသည့် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် Naypyitaw State Academy အတွင်းရှိ လက်တွေ့ခန်း၊ စာသင်ခန်းများ၊ စာကြည့်တိုက်တို့ကို လှည့်လည်ကြည့်ရှုကြပြီး Naypyitaw State Academy ပုံစံငယ်ကိုကြည့်ရှုခဲ့ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Naypyitaw State Academy အတွင်း လှည့်လည်ကြည့်ရှုစဉ်။

အဆိုပါ Naypyitaw State Academy ကို နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများအတွက်လိုအပ်သည့် ပညာတတ်လူငယ်များ မွေးထုတ်ပေးနိုင်ရေး ရည်ရွယ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏လမ်းညွှန်မှုဖြင့် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်တွင် ယခုနှစ်ဖြေလမှစတင်အကောင်အထည်ဖော်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ပညာသင်ကြားမှုများအဆင်ပြေချောမွေ့စေရန်အတွက် စာသင်ဆောင်များ၊ စုဝေးခန်းမကြီး၊ သင်ကြားရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ ရုံးခန်းများ၊ စာသင်ခန်းများ၊ ဓာတ်ခွဲခန်းများနှင့် စာကြည့်တိုက်တို့ကို ပြည့်စုံစွာဖြင့် ထည့်သွင်းတည်ဆောက်ထားရှိကြောင်း၊ နေပြည်တော်ရှိအစိုးရဝန်ထမ်းများ၏သားသမီးများအပါအဝင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဒေသခံပြည်သူများ၏သားသမီးများအနေဖြင့်လည်း အဆင့်မြင့်ပညာများကို သင်ကြားနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

# အာဆီယံစီးပွားရေးအသိုက်အဝန်းကောင်စီဝန်ကြီးများနှင့် အာဆီယံစွမ်းအင်ဝန်ကြီးများ၊ ပို့ဆောင်ရေးဝန်ကြီးများ၊ စိုက်ပျိုးရေးနှင့် သစ်တောဝန်ကြီးများ မျက်နှာစုံညီအစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၉**

ကမ္ဘောဒီးယားနိုင်ငံက အလှည့်ကျအိမ်ရှင်အဖြစ် ကျင်းပလျက်ရှိသည့် (၂၁)ကြိမ်မြောက် အာဆီယံစီးပွားရေးအသိုက်အဝန်းကောင်စီ အစည်းအဝေးအစီအစဉ်အရ ယနေ့မွန်းလွဲပိုင်းတွင် အာဆီယံစီးပွားရေးအသိုက်အဝန်းကောင်စီဝန်ကြီးများနှင့် အာဆီယံစွမ်းအင်ဝန်ကြီးများ၊ ပို့ဆောင်ရေးဝန်ကြီးများ၊ စိုက်ပျိုးရေးနှင့် သစ်တောဝန်ကြီးများ မျက်နှာစုံညီအစည်းအဝေးကို Virtual Format ဖြင့် ကျင်းပရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ပါဝင်တက်ရောက်သည်။

အစည်းအဝေးတွင် သဘာပတိ ကမ္ဘောဒီးယားနိုင်ငံ ကုန်သွယ်ရေးဝန်ကြီးဌာနဝန်ကြီးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အာဆီယံစွမ်းအင်ဝန်ကြီးများ၊ ပို့ဆောင်ရေးဝန်ကြီးများ၊ စိုက်ပျိုးရေးနှင့် သစ်တောဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့က အာဆီယံကာဗွန်လျှော့ချရေးအတွက် မဟာဗျူဟာရေးဆွဲရေး၊ ကဏ္ဍအလိုက်ပူးပေါင်းဆောင်ရွက်ရေး၊ တာဝန်ပေးအပ်ရေးနှင့် လုပ်ငန်းလမ်းညွှန်ချမှတ်ရေးတို့ကို ဆွေးနွေးကြသည်။

ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက မြန်မာနိုင်ငံ၏ ပို့ဆောင်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး နှစ်ရှည်အမျိုးသား ပို့ဆောင်ရေးပင်မစီမံကိန်းနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ကမ္ဘာ့ကုလသမဂ္ဂထောင်စုနှစ်ဖွံ့ဖြိုးရေး ရည်မှန်းချက်များပြည့်မီစေရန် မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒနှင့် မဟာဗျူဟာများ ချမှတ်ဆောင်ရွက်နေမှု၊ အဆိုပါ မူဝါဒ၊ မဟာဗျူဟာများနှင့်အညီ ပို့ဆောင်ရေးကဏ္ဍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အမျိုးသားအဆင့်အကောင်အထည်ဖော်ရေးစီမံချက်ရေးဆွဲပြီး ပို့ဆောင်ရေးနည်းများတွင် ကာဗွန်လျှော့ချရေးဆောင်ရွက်နေမှုများကို ဆွေးနွေးသည်။

ဆက်လက်၍ ကာဗွန်ဓာတ်ငွေ့ကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုလျော့နည်းစေရေးအတွက် "မှတ်ပုံတင်သက်တမ်းကြာမြင့်ယာဉ်များ ဖျက်သိမ်းရေးနှင့် အစားထိုးယာဉ်တင် သွင်းရေးစီမံချက်"ကို ၂၀၁၁ ခုနှစ်မှစတင်၍ ဆောင်ရွက်နေမှု၊ လက်ရှိကာလတွင် လျှပ်စစ်သုံးယာဉ်များနှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးလာစေရေး၊ တင်သွင်း၊ ထုတ်လုပ် အသုံးပြုပြေးဆွဲရန် လိုအပ်သည့်မူဝါဒ၊ လုပ်ငန်းစဉ်နှင့် လမ်းညွှန်ချက်များ ချမှတ်နိုင်ရေး၊ ရေကြောင်းပို့ဆောင်ရေးကဏ္ဍတွင် ကမ်းရိုးတန်းသွားရေယာဉ်များတွင် ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေးအတွက် အစိမ်းရောင်သင်္ဘောမဟာဗျူဟာနှင့် ပြည်တွင်းရေကြောင်းသွားရေယာဉ်များ၏ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေး၊ လေကြောင်းပို့ဆောင်ရေးကဏ္ဍတွင် အပြည်ပြည်ဆိုင်ရာမြို့ပြလေကြောင်းအဖွဲ့ချုပ် ကွန်ဗင်းရှင်းပါ စံညွှန်းများနှင့်အညီ ကာဗွန်လျှော့ချရေးအစီအစဉ်၌ ပါဝင်ဆောင်ရွက်နေမှုများနှင့် အာဆီယံဒေသတွင်း ကာဗွန်လျှော့ချရေးအောင်မြင်စွာ ဆောင်ရွက်နိုင်ရန် မဟာဗျူဟာရေးဆွဲချမှတ်ရန်လိုအပ်မှု၊ မဟာဗျူဟာရေးဆွဲရေးအပေါ် ကဏ္ဍအလိုက်တာဝန်ပေးအပ်မှုနှင့် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်မှု၊ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုအချက်အလက်များ စုဆောင်းအကဲဖြတ်မှုများတွင် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန်လိုအပ်မှုများကို အကြံပြုဆွေးနွေးသည်။




အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စီးပွားရေးဝန်ကြီးများ၊ စိုက်ပျိုးရေးနှင့် သစ်တောဝန်ကြီးများ၊ ပို့ဆောင်ရေးဝန်ကြီးများ၊ စွမ်းအင်ဝန်ကြီးများ တက်ရောက်ကြပြီး ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီး ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းနှင့် တာဝန်ရှိသူများလည်းပါဝင်တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## နိုဝင်ဘာ ၉ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်ဦးရေ ၇၀ တွေ့ရှိ

**နေပြည်တော် နိုဝင်ဘာ ၉**

နိုဝင်ဘာ ၈ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၉၉၄၃ ခုကိုစစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်ဦးရေ ၇၀ တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

**ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ**

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၂၄၆၁ ဦး |
| သေဆုံးသူ | ၁၉၄၈၆ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၀၆၇၂၄ ဦး |

☆ ကျောဖုံးမှအဆက်

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနောင်နှင့် မွန်ပြည်သစ်ပါတီ(NMSP) ဒုတိယဥက္ကဋ္ဌ နိုင်အောင်မင်း၊ တွဲဖက်အထွေထွေအတွင်းရေးမှူး နိုင်ဝင်းလှ၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် နိုင်ဗညားလယ်တို့ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် မွန်ပြည်သစ်ပါတီ(NMSP)ဒုတိယဥက္ကဋ္ဌ နိုင်အောင်မင်းတို့က နှုတ်ခွန်းဆက်အမှာစကားများပြောကြားကြသည်။ ထို့နောက် ယခင်ဒုတိယအကြိမ်ဆွေးနွေးခဲ့စဉ်က မပြီးပြတ်ဘဲ ဆက်လက်ဆွေးနွေးညှိနှိုင်းရန်ကျန်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ပါ ဇယား ၁ ပြည်ထောင်စုဥပဒေပြုစာရင်းနှင့် ဇယား ၂ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတို့နှင့်ပတ်သက်၍ လည်းကောင်း၊ ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်း(၁)၊ (၂)နှင့် (၃)တို့ပါ သဘောတူညီချက်များကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)၊ တည်ဆဲဥပဒေများနှင့်ကိုက်ညီမှု ရှိ၊ မရှိ လေ့လာစိစစ်ချက်များနှင့်ပတ်သက်၍လည်းကောင်း ဆွေးနွေးပွဲတက်ရောက်လာကြသူများက မိမိတို့၏သဘောထားများ၊ လိုလားချက်များကို အပြန်အလှန်ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး တွေ့ဆုံဆွေးနွေးပွဲ ပထမနေ့ကို ရပ်နားခဲ့သည်။ ဒုတိယနေ့ဆွေးနွေးပွဲကို နိုဝင်ဘာ ၁၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# (၄၃)ကြိမ်မြောက် အာဆီယံမူးယစ်ဆေးဝါးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်







(၄၃)ကြိမ်မြောက် အာဆီယံမူးယစ်ဆေးဝါးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့်ဆက်စပ်အစည်းအဝေးများသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်စဉ်။

**နေပြည်တော် နိုဝင်ဘာ ၉**

(၄၃)ကြိမ်မြောက် အာဆီယံမူးယစ်ဆေးဝါးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (43rd ASEAN SENIOR OFFICIALS MEETING ON DRUG MATTERS)ကို အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၃ ရက်ထိ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ခုနစ်ဦး တက်ရောက်ခဲ့ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံး၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ဆွေးနွေးဖက်နိုင်ငံများဖြစ်သော မလေးရှားနိုင်ငံအခြေစိုက် ဩစတြေးလျနိုင်ငံသံရုံး၊ တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ ရုရှားနိုင်ငံ၊ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး ကိုယ်စားလှယ်များက လူကိုယ်တိုင်ဖြင့်လည်းကောင်း၊ Online စနစ်ဖြင့်လည်းကောင်း၊ ကိုယ်စားလှယ်ပေါင်း ၁၀၄ ဦး အသီးသီး တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် မလေးရှားနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာနမှ Secretary General YBhg. Dato Sri Wan Ahmad Dahln bin Haji Abdul Aziz နှင့် မလေးရှားနိုင်ငံ အမျိုးသားမူးယစ်ဆေးဝါးတိုက်ဖျက်ရေးအဖွဲ့ (NADA) ညွှန်ကြားရေးမှူးချုပ် Mr. Sutekno Ah-Mad Belon တို့က အမှာစကားပြောကြား၍ စတင်ဖွင့်လှစ်ခဲ့ပြီး အာဆီယံဒေသအတွင်း မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးနှင့်ပတ်သက်၍ တားဆီးနှိမ်နင်းရေးလုပ်ငန်း၊ ကြိုတင်ကာကွယ်ရေးနှင့် အသိပညာပေးရေးလုပ်ငန်း၊ ဆေးကုသရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း၊ အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းနှင့် သုတေသနလုပ်ငန်းများဆောင်ရွက်မှုနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို အပြန်အလှန်ဆွေးနွေးခဲ့သည်။

အာဆီယံ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက သက်ဆိုင်ရာနိုင်ငံများအလိုက် မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်မှုများကို တင်ပြဆွေးနွေးကြသည်။ မြန်မာနိုင်ငံအနေဖြင့် INCB၊ UNODC ရန်ကုန်မြို့အခြေစိုက် UNODC၊ AFP၊ DEA၊ NNCC၊ ONCB တို့နှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်မှုများကြောင့် တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ထိရောက်စွာ ပိုမိုဆောင်ရွက်နိုင်ခဲ့ကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံများအကြား တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့ရာ (၇)ကြိမ်မြောက် အာဆီယံ-တရုတ် ဆွေးနွေးညှိနှိုင်းခြင်းအစည်းအဝေးတွင် မြန်မာနိုင်ငံမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်က တရုတ်နိုင်ငံနှင့်အတူ ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး (၄၄)ကြိမ်မြောက် အာဆီယံမူးယစ်ဆေးဝါးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးကို ၂၀၂၃ ခုနှစ်တွင် မြန်မာနိုင်ငံက အလှည့်ကျအိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပဆောင်ရွက်မည့်အခြေအနေများကို ဆွေးနွေးခဲ့ပြီး မြန်မာကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၄ ရက် မွန်းလွဲပိုင်းတွင် မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်းခရီးစဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့အတွင်းရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့အတွင်းရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် နိုဝင်ဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့အတွင်းရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန် ရောက်ရှိနေသည့် တပ်မတော်ပင်လယ်သွားဆေးရုံ ရေယာဉ်(သံလွင်)သည် ယနေ့တွင် ဟိုင်းကြီးကျွန်းမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် အခြေပြု၍ ဒေသခံပြည်သူ ၁၀၂၅ ဦးကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၂၀၉ ဦး၊ ခွဲစိတ်ရောဂါ ၇၇ ဦး၊ သားဖွားမီးယပ်ရောဂါ ၄၂ ဦး၊ ကလေးရောဂါ ၄၈ ဦး၊ အရိုးရောဂါ ၁၅၈ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၂၇ ဦး၊ မျက်စိရောဂါ ၄၁၉ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၄၅ ဦး၊ စုစုပေါင်း ၁၀၂၅ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၂၄ ဦး၊ ECG ဖြင့် နှလုံးစမ်းသပ်လူနာ ၄၃ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၈၈ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့်လူနာများကို နီးစပ်ရာ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ထို့ပြင်ယနေ့တွင် လာရောက်ဆေးကုသမှုခံယူလျက်ရှိသည့် ဒေသခံပြည်သူများကို ဟိုင်းကြီးကျွန်းမြို့ရှိ နယ်မြေခံရေတပ်စခန်းဌာနချုပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများက နေ့လယ်စာနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများကို ကျွေးမွေးလှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

# ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချ

**နေပြည်တော် နိုဝင်ဘာ ၉**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့်ကာလအတွင်း ဒေသတွင်းစားနပ်ရိက္ခာဖူလုံရေး၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စားသောက်ရေး အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ တိုင်းစစ်ဌာနချုပ်နယ်မြေများရှိ မြို့နယ်အသီးသီး၌ နယ်မြေခံတပ်မတော်သားများက တန်ဖိုးသင့်ထမင်းဟင်းများ၊ ဟင်းသီးဟင်းရွက်များနှင့် တပ်မတော်စက်ရုံထုတ် အသား၊ ငါးဘူးများနှင့် စားသောက်ကုန်ပစ္စည်းများကို ရောင်းချပေးလျက်ရှိသည်။

ထိုသို့ရောင်းချပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်မြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ မြို့နယ်လေးမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်လေးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်ငါးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ရှစ်မြို့နယ်၊ ချင်းပြည်နယ် မတူပီမြို့၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် သုံးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်သုံးမြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး ပြည်မြို့တို့၌ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းနှင့် ဘက်စုံစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများမှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကစ်နှင့် စည်သွပ်ဘူးများစသည့် စားသောက်ကုန်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ကြောင်း သတင်းရရှိသည်။



လောက်ကိုင်မြို့နယ်၌ နယ်မြေခံတပ်မတော်သားများက ဒေသခံပြည်သူများအား စားသောက်ကုန်ပစ္စည်းများကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးစဉ်။

# ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်အတွင်း၌ YBS ခရီးသည်တင်ယာဉ်ပေါ်၌ အုပ်စုဖွဲ့ရိုက်နှက်လုယက်မှုကျူးလွန်ခဲ့သူများကို ဖော်ထုတ်ဖမ်းဆီးရမိ



မင်းသိန်းနိုင်(ခ)ကတုံး



ဝင်းထူး(ခ)ဆံရှည်



အောင်ကျော်ဆန်း(ခ)ဆီတုံး



ထွန်းထွန်းဦး(ခ)ဖိုးသကြန်



ဖြိုးမောင်



မျိုးမင်းအောင်



လှိုင်ဖြိုးမောင်



အောင်မျိုးသန့်(ခ)ရှီးဗားကမား




YBS ခရီးသည်တင်ယာဉ်ပေါ်၌ အုပ်စုဖွဲ့ရိုက်နှက်လုယက်မှုကျူးလွန်ခဲ့သူများ အသုံးပြုခဲ့သည့် TNI/GG-5704 Probox အဖြူရောင်ယာဉ်အား တွေ့ရစဉ်။

**နေပြည်တော် နိုဝင်ဘာ ၉**

၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့ ညနေ ၄ နာရီအချိန်ခန့်တွင် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သမိုင်းဈေးဘူတာရုံလမ်းနှင့် သမိုင်း(၇)လမ်းထိပ်တွင် YBS ယာဉ်လိုင်း အမှတ် (၆၁)ပေါ်တွင် လိုက်ပါစီးနင်းလာသည့် ခရီးသည် အမျိုးသမီး ၁ ဦးနှင့် အခြားခရီးသည်များထံမှ လက်ကိုင်ဖုန်းများအား အုပ်စုဖွဲ့၍ ရိုက်နှက်လုယက်ခဲ့သည့် ဖြစ်စဉ်ဖြစ်ပွားခဲ့ကြောင်း သက်ဆိုင်ရာ နယ်မြေရဲစခန်းသို့ သတင်းပေးပို့တိုင်ကြားလာသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက တရားခံများဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး အချိန်နှင့်တစ်ပြေးညီ ပိတ်ဆို့စစ်ဆေးမှုများဆောင်ရွက်ခဲ့သည်။

ထိုသို့ ပိတ်ဆို့စစ်ဆေးမှုများနှင့် နယ်မြေအတွင်း သတင်းစုံစမ်းဖော်ထုတ်ချက်များအရ နိုဝင်ဘာလ ၉ ရက်နေ့ နံနက် ၇ နာရီအချိန်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် လှိုင်သာယာမြို့နယ်၊ အောင်ဇေယျတံတားထိပ်နှင့် အင်းစိန်မြို့နယ်၊ ပေါက်တောဝ မီးပွိုင့်အနီး၊ မရမ်းကုန်းမြို့နယ် ဘုရင့်နောင်တံတားထိပ်၊ လှိုင်သာယာမြို့နယ်တို့အတွင်း အဖွဲ့ငယ်များဖွဲ့ကာ စောင့်ဆိုင်းနေစဉ် ကျိုက်ဝိုင်းဘုရားလမ်းအတိုင်း ယာဉ်မောင်း အောင်မျိုးသန့်(ခ)ရှီးဗားကမား မောင်းနှင်လာသည့် TNI/GG-5704 Probox အဖြူရောင်ယာဉ်အား သတင်းအရ ပိတ်ဆို့ဖမ်းဆီးစစ်ဆေးခဲ့ရာ မင်းသိန်းနိုင်(ခ)ကတုံး (၂၃)နှစ် (ဘ)ဦးရန်နိုင်စိုး၊ အောင်မျိုးသန့်(ခ)ရှီးဗားကမား(၃၇)နှစ် (ဘ)ဦးခင်လတ်၊ ပြည့်ဖြိုးမောင်(ခ)ဖြိုးမောင်(၂၀)နှစ် (ဘ)ဦးမောင်၊ ထွန်းထွန်းဦး(ခ)ဖိုးသကြန်(၁၉)နှစ် (ဘ)ဦးဆန်းဝင်း၊ လှိုင်ဖြိုးမောင်(၁၉)နှစ် (ဘ)ဦးမောင်မောင်၊ အောင်ကျော်ဆန်း(ခ)ဆီတုံး(၂၉)နှစ် (ဘ)ဦးလှဝင်း၊ မျိုးမင်းအောင်(ခ)မျိုးမြတ်(၂၂)နှစ် (ဘ)ဦးမောင်မောင်စိုးနှင့် ဝင်းထူး(ခ)ဆံရှည်(၂၂)နှစ်(ဘ)ဦးပြုံးချိုတို့ ၈ ဦးအား ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူ မင်းသိန်းနိုင်(ခ)ကတုံးပါ ၈ ဦးတို့အား စိစစ်ဖော်ထုတ်ချက်အရ လုယက်မှုအား မင်းသိန်းနိုင်(ခ)ကတုံးက ဦးဆောင်ကာ ကျူးလွန်ခဲ့ပြီး အောင်မျိုးသန့်(ခ)ရှီးဗားကမား၊ ပြည့်ဖြိုးမောင်(ခ)ဖြိုးမောင်၊ ထွန်းထွန်းဦး(ခ)ဖိုးသကြန်၊ လှိုင်ဖြိုးမောင်၊ အောင်ကျော်ဆန်း(ခ)ဆီတုံး၊ မျိုးမင်းအောင်(ခ)မျိုးမြတ်၊ ဝင်းထူး(ခ)ဆံရှည်နှင့် နေဇော်(ခ)နေအောင် (ဖမ်းဆီးရန်ကျန်) တို့က လုယက်မှုကျူးလွန်နိုင်ရေးအသီးသီးပူးပေါင်းပါဝင်ခဲ့ကြကြောင်း၊ နိုဝင်ဘာလ ၈ ရက်နေ့ ညနေ ၄ နာရီအချိန်တွင် မင်းသိန်းနိုင်(ခ)ကတုံးပါ ၉ ဦးတို့သည် အောင်မျိုးသန့်(ခ)ရှီးဗားကမား မောင်းနှင်သည့် TNI/GG-5704 Probox ယာဉ်အား စီးနင်းကာ ဘုရင့်နောင်လမ်း၊ သမိုင်းဘူတာရုံလမ်းပေါ်ရှိ ကြွေ ၁ မှတ်တိုင်သို့ သွားရောက်ခဲ့ကာ ယာဉ်ပေါ်တွင် ယာဉ်မောင်း အောင်မျိုးသန့်(ခ)ရှီးဗားကမား ၁ ဦးသာ ကျန်ခဲ့ပြီး ကျန် ၈ ဦးတို့မှာ YBS ယာဉ်အမှတ် - 61 ပေါ်သို့ တက်ရောက်ခဲ့ကြောင်း၊ ဘုရင့်နောင် ခုံးတံတားအနီးအရောက်တွင် ယာဉ်ပေါ်ပါ အသက်(၂၅)နှစ်ခန့် အမျိုးသားတစ်ဦး၏ ကျောပိုးအိတ်အတွင်းမှ Redmi8 ခရမ်းရောင်လက်ကိုင်ဖုန်းအား မင်းသိန်းနိုင်(ခ)ကတုံးကနှိုက်ယူခဲ့ကြောင်း၊ အသက်(၂၅)နှစ်ခန့်ရှိ အမျိုးသမီးတစ်ဦး၏ ကျောပိုးအိတ်အတွင်းမှ Samsung A-10 စိမ်းပြာရောင် လက်ကိုင်ဖုန်းအား နေဇော်(ခ)နေအောင် (ဖမ်းဆီးရန်ကျန်)က နှိုက်ယူနေစဉ် အဆိုပါ အမျိုးသမီးက အော်ဟစ်အကူအညီတောင်းသဖြင့် မင်းသိန်းနိုင်(ခ)ကတုံးက သံပိုက်ဖြင့် ပြုလုပ်ထားသော နံကြပ်ကူဖြင့် ရိုက်နှက်ခဲ့ကြောင်း၊ လုယက်ပြီးနောက် ကားပေါ်မှ ဆင်းကာ အသင့်စောင့်ဆိုင်းနေသည့် TNI/GG-5704 Probox ယာဉ်ဖြင့် ပြန်လည်ထွက်ခွာလာခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဆက်လက်စစ်ဆေးဖော်ထုတ်ချက်အရ မင်းသိန်းနိုင်(ခ)ကတုံးပါ ၉ ဦးတို့သည် နိုဝင်ဘာလ ၅ ရက်နေ့ နံနက် ၇ နာရီအချိန်တွင် သာကေတမြို့နယ်အတွင်း၌ ပြေးဆွဲမောင်းနှင်လျက်ရှိသည့် YBS ယာဉ်လိုင်းအမှတ် - 42 ယာဉ်ပေါ်ရှိ အမျိုးသားတစ်ဦးအား ဝိုင်းဝန်းထိုးကြိတ်ရိုက်နှက်ကာ ကားပေါ်မှဆွဲချပြီး အဆိုပါအမျိုးသား၏ ကျောပိုးအိတ်အတွင်းမှ Samsung A-50 အမျိုးအစား စိမ်းပြာရောင်ဖုန်း ၁ လုံး၊ MI 5 အဖြူရောင်ဖုန်း ၁ လုံး၊ ငွေစက္ကူ (၅၀၀၀၀ိ/-)ကျပ်နှင့် ATM ကတ်(၃) ခု၊ မှတ်ပုံတင် ၁ ခု၊ ယာဉ်မောင်းလိုင်စင် ၁ ခုတို့အား လုယက်ခဲ့ကြောင်းနှင့် ထိုသို့ လုယက်မှုကျူးလွန်စဉ် AYY/DD-3873 Probox အဖြူရောင်ယာဉ်အား အသုံးပြုခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

အထက်ပါလုယက်မှုများအတွင်း မင်းသိန်းနိုင်(ခ)ကတုံးနှင့် နေဇော်(ခ)နေအောင်တို့က လုယက်ခါးပိုက်နှိုက်ခဲ့ကြပြီး ကျန် ၇ ဦးမှ လုယက်ရာတွင် ဝန်းရံပေးသူ၊ လူကာပေးသူနှင့် အခြေအနေစောင့်ကြည့်ပေးသူများအဖြစ် ပူးပေါင်းပါဝင်ကျူးလွန်ခဲ့ကြကြောင်း ဖော်ထုတ်သိရှိရသည်။

ဖြစ်စဉ်များတွင် အများပြည်သူစီးနင်းသွားလာလျက်ရှိသည့် YBS ယာဉ်များအတွင်း လုယက်မှုကျူးလွန်ခဲ့ပြီး ဖမ်းဆီးရမိသူများဖြစ်သည့် မင်းသိန်းနိုင်(ခ)ကတုံးပါ ၈ ဦးတို့အား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ဖမ်းဆီးရန်ကျန် တရားခံဖြစ်သည့် နေဇော်(ခ)နေအောင်အား အမြန်ဆုံးဖမ်းဆီးရမိနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် မိဘပြည်သူများအနေဖြင့် ၎င်းတရားခံပြေးအား တွေ့မြင်သိရှိရပါက နီးစပ်ရာလုံခြုံရေးတပ်ဖွဲ့ဝင်များထံ အသိပေးသတင်းပို့တိုင်ကြားနိုင်ပါကြောင်းနှင့် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက အချိန်နှင့်တစ်ပြေးညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

➤ ➤ ➤

# ကျွန်းလှမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်အဖွဲ့ကထောင်ထားသည့် လက်လုပ်မိုင်းပေါက်ကွဲမှုဖြစ်ပွား၍ NGO(ASELF Tot Health)အဖွဲ့မှ ကျန်းမာရေးဝန်ထမ်းတစ်ဦး ထိခိုက်ဒဏ်ရာရ

**နေပြည်တော် နိုဝင်ဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်အဖွဲ့က ထောင်ထားသည့် လက်လုပ်မိုင်းပေါက်ကွဲမှုဖြစ်ပွား၍ NGO(ASELF Tot Health) အဖွဲ့မှ ကျန်းမာရေးဝန်ထမ်းတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာလ ၈ ရက်နေ့ နံနက် ၁၀ နာရီခွဲအချိန်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ်၊ ထန်းပင်ကုန်း-ကြာတကန်ကျေးရွာချင်းဆက်လမ်း၊ ကြာတကန်ကျေးရွာ၏ အရှေ့ဘက် ၄ ဖာလုံခန့်အကွာ ရေကျော်အနီး၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ NGO (ASELF Tot Health)အဖွဲ့မှ ၄က်ဖျား/တီဘီရောဂါတိုက်ဖျက်ရေးဝန်ထမ်းဖြစ်သူ ကျွန်းလှမြို့နယ်၊ ပျဉ်းမမြိုင်ရပ်ကွက်နေ ကိုပြည့်စုံအောင်(၂၆)နှစ် (ဘ) ဦးထွန်းမြင့်သည် ကြာတကန်ကျေးရွာရှိ တီဘီရောဂါဖြစ်ပွားသူများအား ကျန်းမာရေးစစ်ဆေးပေးရန်အတွက် ထန်းပင်ကုန်း-ကြာတကန်ရွာချင်းဆက်လမ်းအတိုင်း ဆိုင်ကယ်ဖြင့် ထွက်ခွာလာစဉ် အခင်းဖြစ်နေရာအရောက် PDF အမည်ခံ အကြမ်းဖက်အဖွဲ့က ထောင်ထားသည့် လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် ကိုပြည့်စုံအောင်တွင် မိုင်းစထိမှန်ဒဏ်ရာများရရှိခဲ့သဖြင့် ဆေးကုသနိုင်ရေး ကျွန်းလှမြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားရှိကြောင်း သိရသည်။

ထိုကဲ့သို့ ဒေသခံပြည်သူများအား ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ပေးနေသည့် NGO(ASELF Tot Health) အဖွဲ့မှ ကျန်းမာရေးဝန်ထမ်းများအား မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ကာ ထိခိုက်ဒဏ်ရာများရရှိစေခဲ့သူ အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေး နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌဟောင်း ဦးလှသိန်းနှင့် အဖွဲ့ဝင်ဟောင်း ဦးမြင့်နိုင်တို့၏ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ မဲမသမာမှုဖြစ်စဉ်နှင့်ပတ်သက်၍ ပြစ်ဒဏ်ကျခံရမှုအပေါ် ဖြေလျှော့ကင်းလွတ်ခွင့်ပြုခဲ့သည့် ထုတ်ပြန်ချက်

**နေပြည်တော် နိုဝင်ဘာ ၉**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူပြီးနောက် နိုင်ငံတော်တည်ငြိမ်ရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် အစဉ်အမြဲ ရှေးရှုဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်အစိုးရသည် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေး ရည်ရွယ်၍ ပြစ်ဒဏ်ကျခံနေရသူများအပေါ်တွင်သော်လည်းကောင်း၊ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေသူများအပေါ်တွင်လည်းကောင်း အတတ်နိုင်ဆုံး အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၅ ခုနှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် အနိုင်ရပါတီ အစိုးရက ၂၀၂၀ ပြည့်နှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲအတွက် ခန့်အပ်ထားပြီး ရွေးကောက်ပွဲတွင် မဲမသမာမှုများလုပ်ဆောင်ခဲ့၍ ရာဇသတ်ကြီးပုဒ်မ ၁၃၀(က)ဖြင့် ထောင်ဒဏ် သုံးနှစ်စီ ပြစ်ဒဏ်အသီးသီး ချမှတ်ခြင်းခံထားရသူများအနက် ယခင်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌဟောင်းဖြစ်သူ ဦးလှသိန်းနှင့် ကော်မရှင်အဖွဲ့ဝင်ဟောင်းဖြစ်သူ ဦးမြင့်နိုင်တို့လည်း ပါဝင်ခဲ့သည်။ တပ်မတော်အနေဖြင့် ၎င်းတို့၏ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် မဲစာရင်းမှားယွင်းမှုနှင့်ပတ်သက်သည့် ထုတ်ပြန်ချက်အပေါ် ပြန်လည်ဖြေရှင်းပေးရန် တောင်းဆိုမှုနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတဟောင်းဖြစ်သူ ဦးဝင်းမြင့်ထံ ၎င်းတို့ကတင်ပြခဲ့သော်လည်း နိုင်ငံတော်သမ္မတဟောင်းက ၎င်း၏ နိုင်ငံရေးအရရရှိထားသည့် အခွင့်အာဏာ ထက်ကျော်လွန်ကာ ကော်မရှင်လုပ်ဆောင်ချက်များအပေါ် လွှမ်းမိုးထားမှုရှိခဲ့ပြီး မဲစာရင်းများကို ပြန်လည် စစ်ဆေးရန်ငြင်းဆန်ခဲ့ကြောင်း ၎င်းတို့ကိုယ်တိုင်၏ ထုတ်ဖော်ပြောဆိုချက်များအရ အများပြည်သူတို့ သိရှိပြီး ဖြစ်သည်။

၃။ အဆိုပါ ပြစ်မှုကျူးလွန်သူများအနေဖြင့် ပြစ်ဒဏ်ကျခံရာတွင် ၎င်းတို့၏အသက်အရွယ်ကြီးမြင့်မှု နှင့် ကျန်းမာရေးအခြေအနေတို့အရ ၎င်းတို့ကျူးလွန်ခဲ့သည့် ပြစ်မှုများအပေါ် ဝန်ခံလျက် ဆက်လက်ကျခံ ရန်ကျန်ရှိနေသည့် ပြစ်ဒဏ်ကို ဖြေလျှော့ပေးပါရန် နိုင်ငံတော်အစိုးရထံသို့ အသနားခံစာတင်ပြခဲ့ ကြသည်။

၄။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့် ယခင်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌဟောင်းဖြစ်သူ ဦးလှသိန်းနှင့် အဖွဲ့ဝင်ဟောင်းဖြစ်သူ ဦးမြင့်နိုင်တို့ကို လူမှုရေးအရငဲ့ညှာသောအားဖြင့်လည်းကောင်း၊ နိုင်ငံတော်၏ မေတ္တာနှင့်စေတနာကို နားလည်စေရန် ရှေးရှုသောအားဖြင့်လည်းကောင်း ၂၀၂၂ခုနှစ် အောက်တိုဘာ ၂၅ ရက်၌ ဆက်လက်ကျခံရန်ကျန်ရှိနေသည့် ပြစ်ဒဏ်များကို ဖြေလျှော့ပေး၍ ကျခံ နေရသည့်ပြစ်ဒဏ်အသီးသီးမှ ဖြေလျှော့ကင်းလွတ်ခွင့်ပြုခဲ့ကြောင်း ထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသတင်းထုတ်ပြန်ရေးအဖွဲ့**

## "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်မှ **"စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် မကျီးတဲ့ကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်းခွဲကို PDF များက Drop Bomb များဖြင့် ဖြုတ်ချ ဖောက်ခွဲ တိုက်ခိုက်ခဲ့သည့်ဖြစ်စဉ်"**ခေါင်းစဉ်ဖြင့် ၉-၁၁-၂၀၂၂ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့် တင်ဆက်ပေးခဲ့ပြီးဖြစ်ပြီး လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"တနင်္သာရီတိုင်းဒေသကြီး မြိတ်-ထားဝယ် ကားလမ်းဘေးရှိ ပုလောမြို့နယ်သို့ လျှပ်စစ်မီးပေးပို့လျက်ရှိသည့် လျှပ်စစ်ဓာတ်တိုင်များကို PDF အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့်ဖြစ်စဉ်"** ခေါင်းစဉ်ဖြင့် ဆွေးနွေး တင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ် လိပ်စာ၊ အလုပ် အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။ ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် နိုဝင်ဘာ ၉**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင်ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၄၂၈၄ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် သုံးမြို့နယ်တို့၌ ဒေသခံပြည်သူ ၂၇၈ ဦးနှင့် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင် ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၃၈၁၉ ဦးတို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ ကျောင်းသား၊ ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများထိုးနှံပေးလျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ် ခရိုင်တို့၌ ကျောင်းသား၊ ကျောင်းသူ ၃၇၅ ဦးတို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။



**မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်၌ ကျောင်းသား၊ ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးစဉ်။**

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရာတွင် အထောက်အကူဖြစ်စေ လက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ်ရန်အတွက် Mask များကို ပြည်သူများ အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်နှင့် ရခိုင်ပြည်နယ် အမ်းမြို့တို့မှ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာနေရာများတွင် နယ်မြေခံတပ်မတော်သားများက ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေးဆောင်ရွက်ခြင်း၊ Mask များတပ်ဆင်ပြီး သွားလာကြရန်လှုံ့ဆော်ခြင်းနှင့် Mask များကို ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ ပေးဝေလှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၉**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်နေ နိုင်ကိုဦးသည် ၎င်းအသုံးပြုသည့် "Nga Naing" Facebook အကောင့်၊ မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ရွှေကြာအင်း (၁) ရပ်ကွက်နေ ခင်အေးငြိမ်းသည် ၎င်းအသုံးပြုသည့် "Khin Aye Nyein" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# တောင်တော်ရွှေပုပ္ပား

ကိုကိုပံသု(ပခုက္ကူတက္ကသိုလ်)

ကျွန်ုပ်တို့နေထိုင်ရာ ဤမြေကမ္ဘာ၏ မြေမျက်နှာပြင်သည် မြင့်မားသော တောင်တန်းတောင်စွယ်များ၊ ပြန့်ပြူးညီညာကျယ်ပြန့်သော ကုန်းပြင်မြင့်ကြီးများ၊ နက်ရှိုင်းလှသော လျှိုမြောင်အသွယ်သွယ်၊ ဒေါင်လိုက်နီးပါးတည်ရှိနေသော ကျောက်ထရံကြီးများ၊ ကျယ်ပြောလှသော ပင်လယ်သမုဒ္ဒရာများ၊ အတိုင်းအဆမရှိ ကျယ်ဝန်းလှသော ကန္တာရလွင်ပြင်ကြီးများ၊ အလွန်အမင်း ထူထဲလှသော ကျောက်လွှာများ၊ ဖြူလွလွ သဲငွေသောင်များဖြင့် အနားသတ်နေသော ပင်လယ်များ၊ အံ့မခန်းသော ထုံးကျောက်လိုဏ်ဂူကြီးများ၊ သဘာဝဖြစ်စဉ်များက လှပစွာ ဖန်တီးပေးထားသည်။

ဤသို့ သာယာလှပထူးဆန်းလှသော မြေပြင်လက္ခဏာများကို ဖန်တီးပေးနေသည်မှာ ကမ္ဘာကြီး၏ အတွင်းပိုင်းဖြစ်စဉ်နှင့်အပြင်ပိုင်းဖြစ်စဉ်များပင်ဖြစ်သည်။ အတွင်းပိုင်းဖြစ်စဉ်များတွင် အဓိကပါဝင်သည်မှာ မီးတောင်ပေါက်ကွဲခြင်း၊ မြေငလျင်လှုပ်ခြင်း၊ မြေပြိုခြင်း၊ ဆူနာမီ ခေါ် ထူးကဲပင်လယ်လှိုင်းများဖြစ်ပေါ်ခြင်းနှင့် ကမ္ဘာ့မြေထုချပ်ကြီးများ၏ ရွေ့လျားမှုဖြစ်စဉ်များပင်ဖြစ်သည်။ ထိုမှုမက အထက်ပါဖြစ်စဉ်များကြောင့် ဖြစ်ပေါ်ခဲ့သည့် မြေပြင်လက္ခဏာများကို ထပ်မံ၍ ပြုပြင်ပြောင်းလဲစေသော သဘာဝဖြစ်စဉ်များမှာ ရေတိုက်စားခြင်း၊ မြေပြိုခြင်း၊ လျှိုမြောင်ချိုင့်ဝှမ်းကြီးများ၊ လိုဏ်ဂူကြီးများ ဖြစ်ပေါ်စေခြင်းများက ထပ်မံ၍ ပြုပြင်ပြောင်းလဲပေးကြပြန်သည်။

ကမ္ဘာမှာသာမက အမိမြန်မာပြည်၏ မြေမျက်နှာသွင်ပြင်ကိုလည်း အထက်ပါသဘာဝဖြစ်စဉ်ကြီးများက လှပသာယာပြည်မြန်မာဟု တင်စားလောက်အောင် ဖန်တီးပေးနေကြပြန်သည်။ ထင်ရှားသိသာမြင်သာသော အရာများကို ဖော်ပြလိုပါသည်။

**သဘာဝအလှနှင့်မြန်မာပြည်**


အမိမြန်မာပြည်၏ သဘာဝအလှကို စာသ၍ကုန်မည် မထင်ပါ။ အလွယ်တကူသွားရောက်နိုင်သော ရှမ်းကုန်းပြင်မြင့်၊ ချင်းတွင်းဧရာ မြစ်ကြီးနှစ်မြွာ စီးဆင်းပါသော အလယ်ပိုင်းမြေနိမ့်လွင်ပြင်၊ တောင်များကာရံထားသည့် အင်းလေးကန်၊ အင်းတော်ကြီးကန်၊ ရောဝတီမြစ်ဝကျွန်းပေါ်ဒေသ၊ သာယာလှပပင်လယ်ကမ်းခြေအလှများ (ငပလီ၊ မောင်းမကန်၊ ငွေဆောင်၊ ချောင်းသာ)၊ အသည်းပုံအနားသတ်မျဉ်းနှင့် ပကတိအလှကို တွေ့ရမည့် ချင်းပြည်နယ်က ရိဒ်ရေကန်၊ ဆီးနှင်းဖုံးလွှမ်းအသွင်ဆန်းလှသည့် မြန်မာပြည်မြောက်ဖျားက စာရာမေရှိနှင့် ဂန်လန်ရာဇီတောင်ထွတ်၊ ချင်းပြည်နယ်က ခေါ်နူးစုမ် ခေါ် နတ်မတောင်၊ ရခိုင်ပြည်နယ်က မီးခိုးရောင်အခံသားပေါ်တွင် နီညိုရောင်သွေးကြောမျှင်များ ယှက်ဖြာဘိသကဲ့သို့ လှပနေသော နေပူတောင်ထုံးကျောက်၊ ရှမ်းပြည်နယ်က ထူးစွအံ့မခန်း ထန်ဆန်း၊ ပင်းတယ၊ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်က ပိတ်ချင်းမြောင်စသည့် ထုံးကျောက်လိုဏ်ဂူကြီးများနှင့် မြန်မာပြည်အလယ်ပိုင်းက ထူးခြားစိမ်းစိုအလှပိုသည့် ပုပ္ပားတောင်စသည်တို့မှာ အမိမြေ၏ အလှများပင်ဖြစ်သည်။

**တောင်တော်ရွှေပုပ္ပား**

ပုပ္ပားတောင်အခေါ်အဖျားကို အမျိုးမျိုးတင်စားခဲ့ကြသည်။ အနိမ့်ထဲက အမြင့်၊ အပူထဲက အအေး၊ အခြောက်ထဲက အစို စသည်ဖြင့် ဖော်ပြခြင်းသည် လွန်အံ့မထင်ပါ။ ပုပ္ပားတောင်သည် တစ်ချိန်က မီးတောင်တစ်ခုဖြစ်ခဲ့ပြီး မီးတောင်ပေါက်ကွဲရာမှ ချော်ရည်ချော်ခဲများ တိုးထွက်ခဲ့ရာ ယနေ့အခါ လှပသောမြေပြင်လက္ခဏာများ ထင်ကျန်ခဲ့သည်။ ကတော့မှောက်ပုံ ပုပ္ပားတောင်မကြီး၊ မြင့်မားမတ်စောက်သော ကျောက်ထရံများဖြင့် တည်ဆောက်ထားသော တောင်ကလပ်တို့သည် လာရောက်သူကို အေးမြစေသည်၊ ရွှင်လန်းစေသည်မဟုတ်ပါလော။ မီးတောင်ပေါက်ကွဲခြင်းသည် အန္တရာယ်များသည့် မြေတွင်းဖြစ်စဉ်တစ်ခုဖြစ်သော်လည်း လှပသောမြေပြင်လက္ခဏာ၊ ဩဇာထက်သန်နေသော မြေဆီလွှာတို့ကြောင့် အေးမြသာယာရှိနေသည်မှာ အသေအချာပင်ဖြစ်သည်။

**မီးတောင်**

မီးတောင်များသည် လှပသောမြေပြင်လက္ခဏာရှိပြီး ကမ္ဘာ့အတွင်းပိုင်းနှင့် မတည်ငြိမ်သော ကမ္ဘာမြေအကြောင်းကို တစေ့တစောင်းဖော်ပြနေသည်။ မီးတောင်ပေါက်ကွဲမှုသည် အန္တရာယ်များသည်ဟု ဆိုနိုင်သော်လည်း ပေါက်ကွဲပြီးနောက်ပိုင်း ကာလများစွာ ကြာမြင့်ပါက အကျိုးတရားများကို ပေးစွမ်းသည်ဟု ဆိုရပါမည်။



မီးတောင်များမှသည် ကမ္ဘာ့အတွင်းပိုင်းအနေအထားကို မထင်မရှားသိသာမြင်သာစေသည်။ ကမ္ဘာ့အတွင်းပိုင်းက အရည်ပျော်နေသော ကျောက်ရည်ပူများ ကမ္ဘာ့အပြင်ဘက်သို့ တိုးထွက်လာခြင်းမှသည် မီးတောင်များကိုဖြစ်ပေါ်စေသည်။ ကမ္ဘာ့အတွင်းပိုင်းမှသည် အက်ကွဲကြောင်းများတစ်လျှောက် ချော်ရည်များ ဖြည်းလေးညင်သာစွာတစ်မျိုး၊ ပြင်းထန်ပေါက်ကွဲမီးလျှံမီးခဲများအဖြစ်တစ်ဖုံ တိုးထွက်လာနိုင်သည်။

ယေဘုယျအားဖြင့် မီးတောင်များသည် ကတော့မှောက်ပုံတောင်ကုန်းနှင့် မီးတောင်လည်တိုင်ပါရှိပြီး မတ်စောက်သော သို့မဟုတ် ပြေလျှောသော ဆင်ခြေလျှောတစ်လျှောက် ချော်ရည်များ စီးထွက်ခြင်းနှင့် လိမ့်ဆင်းခြင်းကို ဖြစ်ပေါ်စေသည်။ မီးတောင်မှထွက်လာသောအရာများတွင် ချော်ရည်များ၊ မီးတောင်ပြာ၊ ဓာတ်ငွေ့များ၊ မီးခိုးများ၊ ချော်တုံးချော်ခဲများနှင့် ကျောက်စကျောက်နများ ပါဝင်ကြသည်။ ပေါက်ကွဲမှုအားပြင်းထန်လေလေ၊ မီးတောင်နှုတ်ခမ်းဝနှင့် ဝေးလေလေဖြစ်သည်။

**ပုပ္ပားမီးတောင်**

ပုပ္ပားနတ်တောင်၊ အခေါင်မြင့်ဖျား၊ စုံတောပြား၌၊ နံ့ရှားကြိုင်လွင့်၊ ခါတန်ပွင့်သည်၊ ရွှေနှင့်ယိုးမှား၊ ပန်းစကား (အမည်မသိရှေးစာဆို-ပုဂံခေတ်)

စာရေးသူအပါအဝင် လူသားအားလုံးကို ညို့ယူဖမ်းစားနိုင်သော ပုပ္ပားတောင်သည် ဝိဇ္ဇာဇော်ဂျီ၊ တပသီနှင့် နတ်ကောင်းနတ်မြတ်အပေါင်းတို့၏ ပျော်စံရာနယ်မြေဖြစ်သည်။ ပုဂံခေတ်က အမည်မသိရှေးစာဆို၏ အထက်ပါကဗျာလေးသည် ပုပ္ပား၏အလှ ထာဝရအေးမြမှုနှင့် မွှေးရနံ့သင်းသည့် အဆင်းရွှေဝါ ပန်းစံကားဝါ၏ လှပမှုသည် ရွှေအဆင်းနှယ် ဝင်းဝါနေသည်ကို ဖော်ညွှန်းနေသည်။ သမိုင်းမတင်မီ ကာလကပင် ပုပ္ပားတောင်တော်ကို မြင့်မြတ်သော နေရာ၊သူတော်စင်တို့ပျော်မွေ့ရာနေရာဟု ဗုဒ္ဓဘာသာဝင်တို့က အထူးယုံကြည်လေးစားခဲ့ကြသည်။

ပထမမြန်မာနိုင်ငံကို တည်ထောင်သူ မင်းမြတ်အနော်ရထာနှင့် ပုဂံပြည်ကြီးကို ပြန်လည်စုစည်း၍ ကာကွယ်ပေးသူ ကျန်စစ်သားတို့သည် ပုပ္ပားမြေမှာ အင်အားစု၍ ပုဂံထီးနန်းကို အောင်မြင်စွာ ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်။ လှပနှစ်လိုဖွယ်အဆင်းနှင့် ပညာရှိ ကဝိအဖြစ် သတ်မှတ်ခံရသူ မိဖုရားဖွားစောသည်လည်း ပုပ္ပားဇာတိဖြစ်သည်။ (မောရစ်ကောလစ်က မိဖုရားဖွားစော၏ အလှနှင့်ပညာကို သူ၏စာအုပ်တွင် ဖော်ပြခဲ့သည်။) ပန်းပဲမောင်တင့်တယ်(တောင်တော်ကြီး၏ အရှင်)၊ သူရဲကောင်းဗျတ္တနှင့် မယ်ဝဏ္ဏတို့ ချစ်ပန္နက်တည်ရာ ဤမြေမဟာသည်လည်း ပုပ္ပားဒေသပင်ဖြစ်သည်ဟု မှတ်သားရသည်။

ပါဠိစကား "မဟာဂီရိ"သည် ပုပ္ပား၏ထင်ရှားသော ဝိသေသတစ်ခုဖြစ်ပေရာ "မဟာ=ကြီးမြတ်သော၊ ဂီရိ=တောင်"ဟု အဓိပ္ပာယ်ရပေသည်။ ထို့ကြောင့် ကြီးမြတ်သောတောင်ဟု အဓိပ္ပာယ်ရသည်။ ပုပ္ပားဟူသည် ပါဠိစကား "ပန်း"ဟု အဓိပ္ပာယ်ရပေရာ ပန်းများဝေဆာဖူးပွင့်ပါသော တောင်တော်မဟာဟုလည်း တင်စားခေါ်ဝေါ်ကြသည်။

**တည်နေရာ**

ပုပ္ပားတောင်သည် မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့၏ အရှေ့မြောက်ဘက် ၁၅ ကီလိုမီတာခန့်အကွာတွင် တည်ရှိသည်။ တစ်လက်မလျှင် တစ်မိုင်နှုန်းရေးဆွဲထားသော မြေပုံအညွှန်း 84 P/1 နှင့် 84 P/5 တွင် ပါဝင်သည်။ အကျယ်အဝန်းအားဖြင့် ၅၀ စတုရန်းမိုင်ခန့်ကျယ်ဝန်းသော မီးတောင်ရပ်ဝန်းဒေသကြီးတစ်ခုဖြစ်သည်။

ဘူမိဗေဒအနေအထားအရ ဖော်ပြရပါလျှင် ပုပ္ပားမီးတောင်ဒေသသည် မြန်မာနိုင်ငံ၏ အလယ်ပိုင်းမီးတောင်ရပ်ဝန်း (Central Volcanic Line) ၏ အလယ်ပိုင်းတွင်တည်ရှိသည်။ ပုပ္ပားတောင်သည် ရှေးဟောင်းမီးတောင်တစ်ခုဖြစ်ပြီး မီးတောင်နှုတ်ခမ်းဝသည် (Crater) မူလကစက်ဝိုင်းပုံဖြစ်မည်ဟု ယူဆသည်။ ပြင်းထန်သောနောက်ဆုံးအကြိမ်ပေါက်ကွဲမှုကြောင့် မီးတောင်ကြီး၏ မြောက်ဘက်ပိုင်းသည် ပွင့်ထွက်ခဲ့ပြီး ယခုအခါတွင် မြင်းခွာပုံ မီးတောင်ဝကို ထင်ရှားစွာတွေ့မြင်ရသည်။ မီးတောင်ဝသည် တောင်မြောက်အရှည် နှစ်မိုင်ခန့်နှင့် အရှေ့အနောက်အကျယ် တစ်မိုင်ခန့်ရှိသည်ကို တွေ့ရသည်။ မီးတောင်ဝ၏ အနက်ရှိုင်းဆုံးနေရာသည် ပေ ၂၀၀၀ ခန့်ထိနက်သည်ကို လေ့လာတွေ့ရှိရသည်။

ပုပ္ပားမီးတောင်၏ အမြင့်ဆုံးတောင်ထိပ် (မှန်ပြတောင်)သည် အမြင့် ၄၉၈၁ ပေရှိသည်။ ပုပ္ပားမီးတောင်ဒေသကြီးတစ်ခုလုံးသည် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၈၀၀ ခန့်ရှိသော မြေပြင်တွင် တည်ရှိသည်။ ပုပ္ပားတောင်မကြီး၏ အနောက်တောင်ဘက်တွင် ထီးထီးမားမား သီးခြားတည်ရှိနေသော တောင်ကလပ်ရှိသည်။ တောင်ကလပ်သည် တောင်မကြီး၏ အရံမီးတောင်ငယ်၏ မီးတောင်လည်တိုင်တစ်ခုဖြစ်ပြီး ယခုအခါတွင် မာကျောသော အင်ဒီဆိုက်ကျောက်များက လည်တိုင်တစ်ခုလုံးကို ဖြည့်ထားရာ တောင်ကလပ်အဖြစ်တွေ့မြင်ရသည်။

**မီးတောင်၏အသက်**

ကုန်းဘောင်ခေတ် ဘီစီ ၄၄၂ အချိန်က ပြင်းထန်စွာ လှုပ်ခတ်ခဲ့သော မြေငလျင်ကြီးကြောင့် ပုပ္ပားမီးတောင်ကြီး စတင်ပေါက်ကွဲခဲ့သည်ဟု ဖော်ပြချက်များရှိခဲ့သည်။ ဤအချက်အရဆိုပါက ပုပ္ပားမီးတောင်ကြီး၏အသက်သည် ၂၄၅၃ နှစ်ခန့်သာဖြစ်မည်။ ဘူမိဗေဒဆိုင်ရာ အထောက်အထားများအရ ဖော်ပြပါအသက်သတ်မှတ်ချက်သည် ဖြစ်နိုင်ခြေအလွန်နည်းပါးလှပေသည်။ အဘယ်ကြောင့်ဆိုသော် ပုပ္ပားမီးတောင်ကြီး၏ ချော်လွှာများအောက်တွင် လွန်ခဲ့သော နှစ်ပေါင်းနှစ်သန်း၊ သုံးသန်းခန့်အချိန်က ပို့ချခဲ့သော ဧရာဝတီကျောက်စဉ်စုဟု မှည့်ခေါ်ထားသော သဲကျောက်လွှာများကို တွေ့ရှိရပြီး အချို့နေရာများတွင် မီးတောင်ချော်လွှာများနှင့်သဲကျောက်လွှာများကို တစ်ထပ်စီတွေ့မြင်နေရသောကြောင့်ဖြစ်သည်။ သဲကျောက်များ၏ သက်တမ်းသတ်မှတ်မှုသည် ၎င်းကျောက်များတွင် တွေ့ရှိရသည့် ကျောရိုးရှိသတ္တဝါတို့၏ ရုပ်ကြွင်းများနှင့် အင်ကြင်းကျောက်များ၏ အထောက်အထားများအရဖြစ်သည်။ သို့ပါ၍ ပုပ္ပားမီးတောင်ကြီး ပေါက်ကွဲမှုစတင်ချိန်သည် လွန်ခဲ့သော နှစ်ပေါင်း နှစ်သန်း၊ သုံးသန်းခန့်ကဟု တွက်ချက်သတ်မှတ်ပါသည်။

ယနေ့အချိန်တွင် ပုပ္ပားဒေသသည် ပြန်လည်စိမ်းလန်းစိုပြည်လျက်ရှိသည်။ ၁၉၅၀ ပြည့်နှစ်တွင် စတင်ခဲ့သော ပုပ္ပားဒေသ စိမ်းလန်းစိုပြည်ရေးစီမံကိန်းအရလည်းကောင်း၊ ယနေ့ ပညာရှင်များ ကြိုးပမ်းနေသော ပုပ္ပားတောင် သဘာဝအမျိုးသားဥယျာဉ်စီမံကိန်းကြောင့်လည်းကောင်း ပုပ္ပားမြေသည် ထာဝရစိုပြည်လျက်ရှိသည်။ တောတန်းတောင်စွယ်အသွယ်သွယ်မှာ သစ်ပင်ပန်းပင်၊ ဆေးဖက်ဝင်အပင်များဖြင့် ထာဝရအစဉ် စိမ်းလန်း၍နေပေပြီ။ စိမ်းမြမြသစ်ပင်များ၊ လတ်ဆတ်သောလေ၊ အေးမြသောရာသီဥတု၊ မွှေးပျံ့သော ပန်းရနံ့များနှင့် လှပသောမြေပြင်အနေအထားများကို ထိတွေ့ခံစားအပန်းဖြေနားနေရန် အကောင်းဆုံးနေရာတစ်ခုကို ဖော်ပြရမည်ဆိုပါက "ပန်းစံကားဝါ လန်းဖြာမွှေး၍ ထာဝရအေးမြနေမည့် ပုပ္ပားစကားဝါမြေ"ကိုသာ ဖော်ညွှန်းလိုပါသည်။

**ကိုးကား**


- **ဦးသိန်း ဖမ်းစားနိုင်သောပုပ္ပား (၁၉၈၂)**
- **ကိုကိုပံသု ရှေးဟောင်းမီးတောင်ပုပ္ပားတောင် (၂၀၁၂)**

# ကင်ညာနိုင်ငံတွင် မိုးခေါင်ရေရှားမှုကြောင့် တိရစ္ဆာန်များအစုလိုက်အပြုံလိုက်သေဆုံးရမှုများ



မိုးခေါင်ရေရှားမှုဒဏ်ကိုခံစားနေရသည့် ဆင်တစ်ကောင်ကို ရေတိုက်ရန်ကြိုးစားနေစဉ်။

ကင်ညာနိုင်ငံတွင် မိုးခေါင်ရေရှားမှုကြောင့် တိရစ္ဆာန်များ အစုလိုက်အပြုံလိုက် သေဆုံးရခြင်းသည် ရာသီဥတုဆိုင်ရာဆုံးရှုံးမှုများကိုဖြစ်စေပြီး ထိုဆုံးရှုံးမှုများအတွက် တန်ဖိုးသင့်၍ ပေးအပ်ရမည့်လျော်ကြေးငွေများသည် COP27 အစည်းအဝေးတွင် အရေးတကြီး ထည့်သွင်းဆွေးနွေးရန် လိုအပ်လာသော ခေါင်းစဉ်ဖြစ်လာသည်။

မိုးခေါင်ရေရှားမှုများ ပြင်းထန်လာသော ယခုနှစ်ဖေဖော်ဝါရီလမှ အောက်တိုဘာလအတွင်း ကင်ညာနိုင်ငံတွင် ဆင်ကောင်ရေ ၂၀၀ ကျော်အပါအဝင် ထောင်နှင့်ချီသောတိရစ္ဆာန်များ သေဆုံးခဲ့ရသည်။

အရှေ့အာဖရိကတွင် မိုးခေါင်ရေရှားမှုများသည် နှစ်ပေါင်း ၄၀ အတွင်း အဆိုးရွားဆုံးဖြစ်လာပြီး ဒေသတွင်း၌ မိုးစတင်ရွာသွန်းလာသော်လည်း ကင်ညာနိုင်ငံ မိုးလေဝသဌာနက လာမည့်လများတွင် ကင်ညာနိုင်ငံရှိ မိုးရေချိန်သည် အခြားနိုင်ငံအများစု၏ ပျမ်းမျှမိုးရေချိန်အောက်ကို ရောက်ရှိနိုင်ကြောင်း ခန့်မှန်းထားပြီး ထိုသို့မိုးရေချိန်လက်မလျော့နည်းကာ မိုးခေါင်ရေရှားမှုဘေးသည် ကင်ညာနိုင်ငံရှိ တောရိုင်းတိရစ္ဆာန်များ၏ အသက်အန္တရာယ်အတွက် စိုးရိမ်ဖွယ်ရာ ခြိမ်းခြောက်မှုတစ်ရပ်ဖြစ်လာသည်။ ထိုအကြောင်းအရာနှင့်ပတ်သက်ပြီး သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စောင့်ကြည့်လေ့လာသူများ၏စိုးရိမ်မှုများ တဖြည်းဖြည်းတိုးလာခဲ့သည်။

မိုးခေါင်ရေရှားမှုကြောင့် တောရိုင်းတိရစ္ဆာန်များ သေဆုံးမှုမြင့်တက်လာသည့်အပြင် ရေရှားပါးပြတ်လပ်မှုကြောင့် အစာရေစာအရင်းအမြစ်များ လျော့နည်းလာကြောင်းနှင့် မိုးခေါင်ရေရှားမှုကြောင့် ဆင်မျိုးစိတ် ၁၄ စိတ် ဒုက္ခရောက်ခဲ့ရကြောင်း ခရီးသွားဝန်ကြီးဌာနမှ ဝန်ကြီး Peninah Malonza က ပြောကြားခဲ့သည်။

မိုးခေါင်ရေရှားပါးမှုကြောင့် ကင်ညာနိုင်ငံတွင် ဆင်ကောင်ရေ ၂၀၅ ကောင်၊ သမင်နှင့်ဆင်တူသော အာဖရိကဆိတ် အကောင်ရေ ၅၁၂ ကောင်၊ မြင်းကျား ၃၈၁ ကောင်၊ သစ်ကုလားအုတ် ၁၂ ကောင်နှင့် ကျွဲ ၅၁ ကောင်တို့သည် တစ်ချိန်တည်းတွင် မိုးခေါင်ရေရှားမှုဒဏ်ကိုခံစားခဲ့ရပြီး နိုင်ငံအတွက် အဓိကဆွဲဆောင်မှုရှိသော အမျိုးသားဥယျာဉ်များတွင်ရှိသည့် တိရစ္ဆာန်များထဲမှ တချို့သည်လည်း မိုးခေါင်ရေရှားမှုဒဏ်ကို ခံစားကြရသည်။

ရှားပါးပြီး မျိုးသုဉ်းပျောက်ကွယ်လုနီးပါးဖြစ်နေသည့် Grevy မျိုးစိတ် မြင်းကျားကောင်ရေ ၄၉ ကောင်ရှိပြီး စက်တင်ဘာလတွင် ထိန်းသိမ်းရေးအဖွဲ့က အဆိုပါ Grevy မျိုးစိတ်မြင်းကျားများထဲမှ အကောင်ရေ ၄၀ သည် မိုးခေါင်မှုကြောင့် သုံးလတာကာလအတွင်း သေဆုံးခဲ့ရကာ ယခုအခါ အဆိုပါ မြင်းကျားမျိုးစိတ်၏အကောင်ရေသည် နှစ်ရာခိုင်နှုန်းခန့်သာ ကျန်ရှိနေတော့ကြောင်း ပြောကြားခဲ့သည်။

အသားစားတိရစ္ဆာန်တချို့၏ အမဲလိုက်စားသုံးမှုများကြောင့် မြင်းကျားမျိုးစိတ်များတဖြည်းဖြည်းနှင့် မျိုးသုဉ်းပျောက်ကွယ်လာနိုင်ကြောင်း သိရသည်။ Grevy မြင်းကျားများ၏ နှစ်ရာခိုင်နှုန်းခန့်သည် သုံးလတာကာလအတွင်း သေဆုံးခဲ့သည်။ ဆိုလိုသည်မှာ မိုးခေါင်ရေရှားမှုက မြင်းကျားများ သေဆုံးမှုကို ပိုများလာစေနိုင်ကြောင်း လေ့လာတွေ့ရှိရသည်။

ကင်ညာနိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည့် ခရီးသွားလုပ်ငန်းမှရရှိသော အကျိုးအမြတ်မှ ၁၀ ရာခိုင်နှုန်းဖြင့် လူနှစ်သန်းကျော်ကို ယခင်က အလုပ်ခန့်ထားပေးနိုင်သော်လည်း ယခုအခါ အဆိုပါ လုပ်ငန်းခွင်အတွက်ပံ့ပိုးနေသည့် ကင်ညာရှိ တောရိုင်းတိရစ္ဆာန်များ သေဆုံးမှုသတင်းသည် ကုလသမဂ္ဂ ရာသီဥတုဖောက်ပြန်မှုဆိုင်ရာညီလာခံ (COP27) မစတင်မီရက်ပိုင်းအလိုတွင် ထွက်ပေါ်လာသည်။ ထိုပြဿနာနှင့်ပတ်သက်ပြီး COP27 ၏ အိမ်ရှင်နိုင်ငံ အီဂျစ်သည် ရာသီဥတုနှင့်ဆက်နွယ်သော ဘေးအန္တရာယ်များကြောင့်ဆုံးရှုံးမှုများအတွက် လျော်ကြေးငွေဆုံးရှုံးခြင်းဆိုင်ရာကိစ္စရပ်ကို အဓိကထားဖြေရှင်းရန်အတွက် ဆွေးနွေးမှုများပြုလုပ်ခဲ့သည်။ ချမ်းသာသော နိုင်ငံများသည် ရာသီဥတုဖောက်ပြန်မှုများကြောင့်ဖြစ်သည့်ပျက်စီးမှုများအတွက် တာဝန်ရှိကြောင်း အကြံပြုနိုင်သော ရန်ပုံငွေယန္တရားတစ်ခုကို ဖန်တီးခဲ့ကြသည်။

ကင်ညာနိုင်ငံ၏ မြောက်ဘက်နှင့် တောင်ဘက်ရှိ ဒေသများသည် မိုးခေါင်ရေရှားမှုဒဏ်ကို အခံရဆုံးနေရာများဖြစ်ပြီး ကင်ညာ၏ ဆင်ကောင်ရေအမြောက်အမြား နေထိုင်ကျက်စားရာနေရာလည်းဖြစ်သည်။ ပြီးခဲ့သည့်လက Save the Elephants ပရဟိတအဖွဲ့မှ ဆင်အမြွာများအဖြစ် လူသိများသော နာမည်ကြီးဆင်ငယ်များထဲမှတစ်ကောင်သည် မိုးခေါင်ရေရှားကာလအတွင်း သေဆုံးသွားခဲ့ကြောင်း သိရသည်။

မိုးခေါင်ခြင်းကြောင့် စမ်းချောင်းများ၊ မြစ်များမှ စီးဆင်းသောရေများသည် နည်းပါးလာကာ အနည်ထိုင်ခြင်းနှင့် အညစ်အကြေးစုပုံခြင်းများဖြစ်လာသည်။



ပျောက်ကွယ်လုနီးပါးဖြစ်နေသော မြင်းကျားမျိုးစိတ်များကို တွေ့ရစဉ်။

ထိုအခါ သဘာဝရေကန်များနှင့် ရေသတ္တဝါများအတွက် ထိခိုက်မှုများကိုဖြစ်စေသည်။ ထို့ပြင် သောက်သုံးရေချိုများ ထွက်ရှိမှုပမာဏနည်းလာနိုင်သည့်အပြင် ရေအရည်အသွေးလည်း ညံ့ဖျင်းလာမည်ဖြစ်သည်။ ထို့ပြင် မိုးရွာသွန်းခြင်းမရှိသဖြင့် တောမီးလောင်ကျွမ်းခြင်းများလည်း ပိုမိုအဖြစ်များလာမည်ဖြစ်သည်။

ထို့ပြင် မိုးခေါင်မှုကြောင့် သီးနှံဖြစ်ထွန်းရမည့်ရာသီတွင် ရေလုံလောက်စွာမရရှိတော့သဖြင့် ပိုးမွှားများကျရောက်ခြင်းကို ဖြစ်ပေါ်စေနိုင်သည်။ သီးနှံဖြစ်ထွန်းရမည့်ရာသီတွင် သီးနှံထွက်သင့်သလောက် မထွက်သည့်အတွက် ကုန်ဈေးနှုန်းများ မြင့်တက်လာပြီး အစာရေစာပြတ်လပ်လာနိုင်သည်ကိုလည်း တွေ့ရှိရသည်။ နောက်ဆုံးတွင် လူသားများနှင့် အိမ်မွေးတိရစ္ဆာန်များတွင် အာဟာရမပြည့်ဝခြင်းနှင့် ပိန်လှီခြင်း၊ ဗီတာမင်ဓာတ်မပြည့်ဝခြင်းများကို ခံစားလာရနိုင်သည်။ ထို့မှတစ်ဆင့် အစာရေစာပြတ်လပ်ကာ ရောဂါရပြီး သေဆုံးနိုင်သည်။ လေ၏အရည်အသွေးသည် မိုးခေါင်ခြင်းကြောင့်ခြောက်သွေ့လာခြင်း၊ ဖုန်ထူခြင်း၊ လေထုတွင် စိုထိုင်းဆမပါဝင်ခြင်းများဖြစ်လာကာ ကျန်းမာရေးကို ထိခိုက်စေနိုင်သည်။ မြေဆီလွှာနှင့်သစ်ပင်များ ခြောက်သွေ့လောင်ကျွမ်းခြင်းကြောင့် လေထဲတွင် ပန်းဝတ်မှုန်များ၊ မီးခိုးများနှင့် Fluorocarbons များပျံ့နှံ့လာပြီး အသက်ရှူလမ်းကြောင်းရောဂါများလည်း ခံစားရနိုင်သည်။ အဆုတ်ရောင်ခြင်း၊ အဆုတ်လေပြွန်ရောင်ခြင်း၊ ရင်ကျပ်ပန်းနာရောဂါရှိသူများတွင် ရောဂါအခြေအနေ ပိုဆိုးလာစေခြင်းများ ဖြစ်ပေါ်နိုင်သည်။ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးအတွက် ရေသည်အဓိကကျသောအရာဖြစ်သည်။ မိမိကိုယ်တိုင်နှင့် မိမိနေထိုင်ရာနေရာ သန့်ရှင်းနေရန်အတွက်ရေသည် မရှိမဖြစ်လိုအပ်သည်။ မိုးခေါင်ရေရှားမှုကြောင့် ရေကိုလုံလောက်စွာမရရှိသောအခါ လက်ကိုစနစ်တကျဆေးကြောရန်၊ တစ်ကိုယ်ရေသန့်ရှင်းရန်၊ အိမ်တွင်း၊ အိမ်ပြင် ပတ်ဝန်းကျင်သန့်စင်နေစေရန်နှင့် အသီးအရွက်၊ အသားငါးများကို စနစ်တကျသန့်စင်ရန်တို့တွင် အခက်အခဲများဖြစ်လာမည်ဖြစ်ကာ နောက်ဆုံးတွင် တစ်ကိုယ်ရေသန့်ရှင်းမှု အားနည်းလာမည်ဖြစ်သည်။ ရေရှားပါးမှုသည် ကူးစက်ရောဂါများကိုလည်းဖြစ်စေနိုင်သည်။ ဥပမာဆိုရသော် လက်မဆေးနိုင်တော့သည့်အတွက် လက်ကပိုးများသည် ဗိုက်ထဲရောက်သွားနိုင်သကဲ့သို့ မြေပြင်ရေအနေဖြင့်လည်း အညစ်အကြေးများ စုဝေးနေသည့်အတွက် ရေနှင့်ပတ်သက်သော ရောဂါများဖြစ်သည့် ဝမ်းပျက်၊ ဝမ်းလျှောရောဂါ၊ ကာလဝမ်းရောဂါ၊ အသည်းရောင်အသားဝါရောဂါ၊ အူရောင်ငန်းဖျားရောဂါ စသောရောဂါများဖြစ်စေနိုင်သည်။ မိုးခေါင်ခြင်း၏ နောက်ဆက်တွဲအနေဖြင့် ခံစားလာရနိုင်သည်မှာ ရေရှားခြင်းဖြစ်ပြီး ရေရှားခြင်းကြောင့် ရေနည်းလာသည့် မြစ်၊ ချောင်း၊ အင်း၊ အိုင်များသည် မစီးဆင်းတော့ဘဲ တည်ငြိမ်လာသည်။ ထိုအခါ ရေသေတွင်ပေါက်ဖွားသော သွေးလွန်တုပ်ကွေးရောဂါဖြစ်စေသည့် အေးဒီစ်ခြင်ကျားများ စတင်ပေါက်ဖွားလာကာ သွေးလွန်တုပ်ကွေးနှင့် အခြားသောရောဂါများကိုလည်း ဖြစ်ပွားနိုင်သည်။

ထိုပြဿနာနှင့်ပတ်သက်ပြီး ကင်ညာနိုင်ငံ တာဝန်ရှိသူများသည် ထိခိုက်လွယ်သော တောရိုင်းတိရစ္ဆာန်အုပ်စုများကို ရေ၊ ဆားငန်ကန်နှင့် အစာများ ပံ့ပိုးပေးရန်၊ စောင့်ကြည့်ရန်နှင့် ဒေတာစုဆောင်းမှုတိုးမြှင့်ရန် အကြံပြုထားသည်။

**Kenyan drought leads to mass animal deaths as compensation for climate-related losses becomes a COP27 topic ကိုဘာသာပြန်ဆိုထားပါသည်။**

**မေဇင်ထွန်း**

❖ မိုးခေါင်ရေရှားပါးမှုကြောင့် ကင်ညာနိုင်ငံတွင် ဆင်ကောင်ရေ ၂၀၅ ကောင်၊ သမင်နှင့်ဆင်တူသော အာဖရိကဆိတ်အကောင်ရေ ၅၁၂ ကောင်၊ မြင်းကျား ၃၈၁ ကောင်၊ သစ်ကုလားအုတ် ၁၂ ကောင်နှင့် ကျွဲ ၅၁ ကောင်တို့သည် တစ်ချိန်တည်းတွင် မိုးခေါင်ရေရှားမှုဒဏ်ကို ခံစားခဲ့ရပြီး နိုင်ငံအတွက် အဓိကဆွဲဆောင်မှုရှိသော အမျိုးသားဥယျာဉ်များတွင်ရှိသည့်တိရစ္ဆာန်များထဲမှ တချို့သည်လည်း မိုးခေါင်ရေရှားမှုဒဏ်ကို ခံစားကြရသည်။ ❖

0w Kv bd @

# မြေသူခိုး

မင်းရွှေမင်း(တောင်ကုတ်)



(၁)

"ဒီမှာ ကိုအောင်ထွန်း ခင်ဗျား တူးဆွဖို့ဖိထားတဲ့ ဟောဒီ လယ်ကန်သင်းရိုးဟာ ကျွန်တော့်လယ်ကွင်းဘက်ကို နှစ်တောင်လောက် ကျူးကျော်ရောက်နေပြီလေဗျာ။ ကြည့်လဲ လုပ်ပါအုံး ကိုအောင်ထွန်း"

ဦးအောင်ထွန်းက လယ်ထွန်ရန်အတွက် နွား တစ်ရှဉ်းကိုဆွဲလျက် သူ့လယ်ကွင်းထဲသို့ ရောက်လာခဲ့သည်။ လယ်ကွင်းထဲသို့အရောက်တွင် သူ၏လယ်ကွင်းနှင့်ကပ်လျက် ဘေးလယ်ကွင်းထဲ၌ လယ်ထွန်ရန် အသင့်ရောက်ရှိနေသော လယ်ပိုင်ရှင် ဦးလှမောင်က ဦးအောင်ထွန်းကို ခရီးရောက်မဆိုက် လှမ်းအော်ပြောလိုက်ခြင်းဖြစ်သည်။

"အို. . . ဘာကြည့်လုပ်ရမှာလဲ။ အဲဒီကန်သင်းရိုးနဲ့ ကျုပ်နဲ့ ဘာဆိုင်လို့လဲ"

"ဟာ ဆိုင်တာပေါ့ဗျ။ ခင်ဗျားက နှစ်တိုင်းနှစ်တိုင်း အမြဲတမ်း ဒီလယ်ကန်သင်းရိုးကိုပဲ တူးလိုက်၊ ဆွလိုက်၊ ဖို့လိုက်၊ ဖိလိုက် လုပ်နေတာ ကျွန်တော်တွေ့မြင်နေရတာပဲ။ ဒီလိုလုပ်လိမ့်မယ်လို့ မထင်ခဲ့မိဘူး။ အခုတော့ဗျာ"

"အမယ် ခင်ဗျားက ပြောရတယ်ရှိသေး။ လယ်ကန်သင်းရိုးတွေက ရေမြုပ်ပြီး အိကျ၊ ပြိုကျ၊ ပျက်စီးတာဗျ။ အဲဒါ ကျုပ်က အမြင်မတော်လို့၊ မနေတတ်လို့ မိုးရေထဲမှာ အပင်ပန်းခံပြီး ဖို့ပေးထားလို့ အခုလို ကောင်းနေတာဗျ သိလား"

"ဩော်. . . ဟုတ်ပါပြီ၊ ဟုတ်ပါပြီဗျ။ ခင်ဗျား တော်တော်သိတတ်တယ်နော်။ ခင်ဗျားဘက်က လယ်ကန်သင်းရိုးကို ပေါက်ပြားနဲ့ဖဲ့ချလိုက်၊ ကျွန်တော့်လယ်ကွင်းဘက်ကို ဖို့လိုက်နဲ့ လုပ်နေလိုက်တာ ဟောဒီမှာ လာကြည့်လိုက်။ ကျွန်တော့်လယ်ကွက်က နှစ်တောင်လောက်ကျဉ်းသွားပြီဗျ သိလား။ အဲဒါ ဘာဖြစ်လို့လဲ ခင်ဗျားသိလား"

"အို. . . ကျုပ်က ဘာလို့သိရမှာလဲ။ ကျုပ်နဲ့ ဘာဆိုင်လို့လဲ"

"ကောင်းပြီ ခင်ဗျားမသိရင် မှတ်ထား။ အဲဒါ ခင်ဗျား ခိုးထားလို့ပေါ့ဗျ၊ မြေသူခိုး၊ ခင်ဗျား မြေသူခိုး"

"ဘာ မြေသူခိုး ဟုတ်လား၊ ကြည့်စမ်း ပြောရက်လိုက်တာဗျာ။ ကဲ. . . ဟုတ်တယ်။ ကျုပ်ခိုးတယ်ဗျာ။ ခင်ဗျား ဘာလုပ်ချင်လဲ လာလေ"

ဦးအောင်ထွန်းနှင့် ဦးလှမောင်တို့နှစ်ယောက်အချေအတင် ငြင်းခုံပြောဆိုရင်း ဒေါသပါလာကြကာ အော်ကြီးဟစ်ကျယ်ဖြင့် ခိုက်ရန်ဖြစ်ကြပါတော့သည်။

အနီးပတ်ဝန်းကျင်၌ လယ်ထွန်နေကြသော ဘဝတူ လယ်သမား သူငယ်ချင်းများက ဝိုင်းအုံရောက်လာကြပြီး ရန်ပွဲကို ဖျောင်းဖျ ဖျန်ဖြေပေးလိုက်ကြသည်။

"ကဲ. . . ကဲ တော်ကြပါတော့ဗျာ။ ခင်ဗျားတို့ ကလေးတွေလဲ မဟုတ်ကြဘူး။ တစ်ရွာတည်း၊ တစ်ရပ်တည်း၊ လုပ်ဖော်ကိုင်ဖက် လယ်သမားအချင်းချင်း တွေပဲ ကျေအေးလိုက်ကြပါတော့ဗျာနော်"

"ကောင်းပြီလေ၊ ဒါပေမဲ့ ဒီမှာ ကိုအောင်ထွန်း ခင်ဗျားမှတ်ထားဖို့က အခု ခင်ဗျားက ကျွန်တော့် လယ်မြေကို ခိုးယူထားတဲ့အတွက် ခင်ဗျားကြီး တစ်နေ့နေ့မှာ အဲဒီဝဋ်ကြွေးခံရလိမ့်မယ် မှတ်ထား။ တော်ပြီ ဒီလောက်ပဲ ပြောလိုက်မယ်"

နှစ်ယောက်သား မကျေနပ်သည့်မျက်နှာထားဖြင့် တိတ်ဆိတ်ငြိမ်သက်စွာဖြင့် မိမိတို့၏လယ်များကို ထွန်ယက်နေလိုက်ကြသည်။ အနီးအနားမှ လုပ်ဖော်ကိုင်ဖက်များ၊ သူငယ်ချင်းများကလည်း သူတို့နှစ်ယောက်၏ အရိပ်အကဲကိုကြည့်ရင်း မိမိတို့၏လယ်ကွက်များသို့ ပြန်ကာ ဆက်လက်ထွန်ယက်နေလိုက်ကြသည်။

(၂)

ဦးအောင်ထွန်းနှင့် ဦးလှမောင်တို့မှာ ရွာ၏ အထက်ပိုင်း၊ အောက်ပိုင်းနေထိုင်ကြပြီး တစ်ရွာတည်းသားချင်း၊ လယ်ကွက်ချင်း ဆက်စပ်နေသော လုပ်ဖော်ကိုင်ဖက် သူငယ်ချင်းများ ဖြစ်ကြသည်။ ဦးလှမောင်က ဤရွာဇာတိဖြစ်ပြီး မိဘလက်ငုတ် လယ်ပိုင်ရှင် လယ်သမားဘဝဖြင့် ရိုးသားစွာလုပ်ကိုင်စားသောက်နေသူဖြစ်သည်။ လူချစ်လူခင်လည်း ပေါများသည်။

ဦးအောင်ထွန်းမှာမူ ဤရွာဇာတိမဟုတ်။ ဤရွာ အောက်ပိုင်းက ဒေါ်ခင်ထွေးနှင့် အိမ်ထောင်ကျပြီးမှ ဤရွာသို့ ပြောင်းရွှေ့ရောက်ရှိလာသည်မှာ အနှစ် ၂၀ ကျော်သာ ရှိသေးသည်။ ဦးအောင်ထွန်း၏ အသက်မှာလည်း ၅၀ ကျော်မျှသာ ရှိသေးသည်။ ဦးလှမောင်နှင့် အသက်မတိမ်းမယိမ်း၊ အသက်ရွယ်တူခန့်သာ ရှိကြမည်ဖြစ်သည်။

ဦးလှမောင်က လူရိုးလိုအေး၊ သဘောကောင်းသည်။ ယခု လယ်ယာမြေ မတရားအနိုင်ကျင့်အခိုးခံနေရသည်ကိုလည်း ပတ်ဝန်းကျင် လုပ်ဖော်ကိုင်ဖက် သူငယ်ချင်းများက ပြောပြ၊ ပြသကြမှ သူ့လယ်ကွက် အခြေအနေကို ကိုယ်တိုင်တွေ့မြင်သိရှိရပြီး သဘောပေါက် အသိဝင်ကာ မြေသူခိုး ဦးအောင်ထွန်းအား အခြေအနေမှန်ကို ပြသပြောပြလိုက်ရာမှ ယခုလို အချေအတင် စကားများ ရန်ဖြစ်ကြခြင်းဖြစ်သည်။

ဦးအောင်ထွန်းက သွက်လက်ထက်မြက်စိတ်တို၍ ဒေါသကြီးတတ်သူဖြစ်သော်လည်း ၎င်း၏ဇနီး ဒေါ်ခင်ထွေးမှာ စိတ်သဘောထား ရိုးသားဖြူစင်ပြီး ဘာသာတရားကို ကိုင်းရှိုင်းရိုသေကျင့်ကြံ အားထုတ်လေ့ရှိသည်။ ထို့ပြင် သူတို့၏ တစ်ဦးတည်းသော သားလေး မောင်ထွန်းခင်မှာ ဆယ်တန်းကျောင်းသားလေးဖြစ်ပြီး လိမ္မာယဉ်ကျေးသိမ်မွေ့လှသဖြင့် ကျောင်းမှ ဆရာ၊ ဆရာမများနှင့် ပတ်ဝန်းကျင်ကပါ သဘောကျ ချစ်ခင်ကြသည်။

(၃)

"အစ်ကိုရယ် အစ်ကိုနဲ့ကိုလှမောင်တို့ လယ်ကွင်းထဲမှာ စကားများ ရန်ဖြစ်တဲ့သတင်း တစ်ရွာလုံး ပျံ့နှံ့နေတာပဲ။ ကိုယ့်တစ်ရွာတည်းသားချင်း ရင်းနှီးနေကြသူ သူငယ်ချင်းတွေပဲ အစ်ကိုရယ်။ နှစ်ယောက်သား ညှိနှိုင်းတိုင်ပင်ပြီး ကျေအေးလိုက်ရင် ဖြစ်ပါတယ် အစ်ကိုရယ်။ ရန်မဖြစ်ချင်စမ်းပါနဲ့၊ ရှက်ဖို့ကောင်းပါတယ်"

"အို. . . မင်းအသာနေစမ်းပါကွာ။ ငါက သိက္ခာကျခံပြီး သူ့ကို တောင်းပန်ရမှာလား။ ချော့နေရမှာလား။ တော်ကွာ မင်းဝင်မပါနဲ့"

ဇနီးသည် ဒေါ်ခင်ထွေးက ခင်ပွန်းသည်၏ စိတ်ဒေါသကို သိရှိထားပြီးဖြစ်၍ အသာငြိမ်နေလိုက်သည်။

သည်လို လယ်ယာမြေကိစ္စ မဖြစ်ပွားမီ လွန်ခဲ့သည့် တစ်လခန့်ကလည်း အိမ်နောက်ခြံစည်းရိုးကာသည့်ကိစ္စနှင့်ပတ်သက်၍ အိမ်နောက်ဘက် ခြံစည်းရိုးချင်းဆက်စပ်နေသည့် ကုန်စုံဆိုင်ပိုင်ရှင် ကိုသိန်းဝေနှင့် ခြံစည်းရိုးမြေကျူးကျော်မှုနှင့်ပတ်သက်၍ စကားများခဲ့ကြဖူးသည်။ ကိုသိန်းဝေက သည်းခံခွင့်လွှတ်၊ စိတ်ဖြေလျှော့၍ ကျေအေးခဲ့သဖြင့် လူသိရှင်ကြား ကြီးကြီးကျယ်ကျယ် မဖြစ်ခဲ့ဘဲ ငြိမ်းအေးသွားခဲ့ခြင်းဖြစ်သည်။

"ဒီမှာ ကိုအောင်ထွန်း ခင်ဗျားခြံစည်းရိုး ကာတာကလဲ တဖြည်းဖြည်းနဲ့ ကျွန်တော်ခြံဘက်ကို ရောက်ရောက် လာနေပြီနော်။ ဒီမှာ လာကြည့်လိုက်။ ဟိုဘက်အိမ်က ခြံစည်းရိုးနဲ့ ကျွန်တော့်ခြံစည်းရိုး တစ်တန်းတည်းရှိနေရမှာလေဗျာ။ အခုကြည့်၊ ခင်ဗျားခြံစည်းရိုးက ကျွန်တော့်ဘက်ကို နှစ်တောင်၊ သုံးတောင်လောက် ခွက်ဝင်နေပြီ တွေ့လား။ အဲဒါ ခင်ဗျား မတရား လုပ်ထားလို့ပဲဗျ"

"ဘာ. . . ဘာကွ၊ ငါက ဘာမတရားလုပ်ထားလို့လဲ။ ဟိုမှာကြည့်စမ်း၊ ဒီဘက်ခြံထောင့် အုန်းပင်နဲ့ ဟိုဘက်ထောင့်က အုန်းပင်တွေ့လား။ အဲဒါ ငါစိုက်ထားတဲ့ ငါ့ခြံစည်းရိုးနေရာပဲကွ။ ငါ့နေရာကို ငါ ခြံစည်းရိုး ကာထားတာလေကွာ။ ငါ မတရား မလုပ်ဘူး မှတ်ထား"

"ဩော်. . . ဒီလိုလား။ အစ်ကိုက တော်တော် တရားတာပဲနော်။ ဟဲ. . . ဟဲ. . . ဒီမှာ ကိုအောင်ထွန်း ခင်ဗျားစိုက်ထားတဲ့ အုန်းပင်တွေရဲ့ အမြစ်ကကြာလေ ကျွန်တော့်ခြံမြေဘက်ကို နှစ်တောင်၊ သုံးတောင်လောက် ထိုးဝင်နေပြီလေဗျာ။ အဲဒါ သတိထားမိရဲ့လားဗျ။ ကဲ. . . ထားလိုက်ပါတော့ မပြောတော့ပါဘူး။ ဒါပေမဲ့ ခင်ဗျား မှတ်ထားဖို့က အခု ခင်ဗျား လုပ်ခဲ့တဲ့ကံ ခင်ဗျားခံရမှာပဲ ကိုအောင်ထွန်း။ ကဲ. . . ကျွန်တော် ဒီလောက်ပဲ ပြောလိုက်မယ် တော်ပြီ"

ရန်ပွဲမှာ နှစ်ဖက်မိသားစုများက ဖျန်ဖြေ၊ ချော့မော့ကြနှင့် တစ်ဖက်က ကိုသိန်းဝေက သည်းခံ အလျှော့ပေးလိုက်သဖြင့် ရန်ပွဲမှာ အေးငြိမ်းသွားခဲ့ပေသည်။

ဦးအောင်ထွန်း၏ဇနီး ဒေါ်ခင်ထွေးခမျာမှာလည်း သူ့ ခင်ပွန်းသည်၏ အကျင့်စိတ်ထား မကောင်းမှုများကြောင့် သဘောထားကောင်း၊ စိတ်ထားကောင်းသူ တစ်ဖက်ခြံမှ ကိုသိန်းဝေကို အားနာ၍ စိတ်မချမ်းမသာ ဖြစ်နေခဲ့ရသည်။ ဒေါ်ခင်ထွေးက စိတ်ထားကောင်း၍ သီလသမာဓိ မြဲမြံသူဖြစ်၍ ခင်ပွန်းနှင့်လည်းပြဿနာ မဖြစ်အောင် သဘောကောင်းသူ တစ်ဖက်သားကိုလည်း မေတ္တာပို့ကျေးဇူးတင်လျက် အေးချမ်းစွာနေလာခဲ့ကြသည်။

(၄)

သည်လိုနှင့်ပင် နောက်တစ်နှစ်ခွဲခန့်အကြာတွင် ဦးအောင်ထွန်းတစ်ယောက် အသက်ရှူကျပ်ပြီး ရင်ကျပ်ရောဂါစွဲကပ်ကာ လူကြီးရောဂါဖြင့် ကွယ်လွန်သွားခဲ့ရှာသည်။ သူ၏ဇနီး ဒေါ်ခင်ထွေးခမျာမှာ သူ့ယောက်ျားပြုလုပ်ခဲ့သမျှသော မကောင်းမှုအကုသိုလ်များ ပြေပျောက်၍ ကောင်းရာဘုံဘဝသို့ရောက်ရှိနိုင်ရန်အတွက် ရွာဦးကျောင်းဆရာတော်နှင့် သံဃာတော်များအား ဆွမ်းစားပင့်ဖိတ်၍ ကောင်းမှုကုသိုလ်အဖြစ် လှူဖွယ်ဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်းကာ ရေစက်ချ အမျှဝေဆုတောင်းပေးပြီးနောက် ခင်ပွန်းသည် ပြုလုပ်ခဲ့သမျှ ဘဝဇာတ်ကြောင်းများကို နေ့ညမပြတ် ပြန်လည်တွေးတောမိပြီး စိတ်မကောင်း၊ စိတ်ထဲမချမ်းမြေ့ဘဲ ဖြစ်နေမိသည်။

ဤသို့ဖြင့် ခင်ပွန်းသည် ဦးအောင်ထွန်း ကွယ်လွန်ခဲ့ပြီးနောက် လများအတန်ကြာညောင်းလေပြီးသော အခါ ဇနီးသည် ဒေါ်ခင်ထွေးမှာ ညအချိန်အိပ်ပျော်နေစဉ် အိပ်မက်ဆိုးတစ်ခုကို မြင်မက်လေတော့သည်။ အိပ်မက်ထဲတွင် ကွယ်လွန်သူ ခင်ပွန်းသည် ဦးအောင်ထွန်းရောက်ရှိလာပြီး အိမ်ရှေ့ဖိနပ်ချွတ်ခန်း ဝရန်တာတွင် ထိုင်ရင်း ဇနီးသည် ဒေါ်ခင်ထွေးကို အားကိုးတကြီးဖြင့် အကူအညီတောင်းသည့် စကားများကို ပြောပြနေသည်။

"မိန်းမ ငါ့ကို ကူညီပါကွာ။ မင်းကူညီကယ်ပေးပါမှ ငါ အခုဘဝက ကျွတ်လွတ်ရမှာမို့ ငါ့ကို ကယ်ပေးပါကွာ မိန်းမနော်"

"ဟုတ်ကဲ့ပါ အစ်ကိုရယ် ကယ်ပေးပါ့မယ်။ ကျွန်မက ဘယ်လို ကယ်ပေးရမလဲဆိုတာ ပြောပြလေ"

"အေး ငါပြောမယ်။ မင်းသေသေချာချာ ကယ်ပေးရမယ်နော်။ ငါ လူ့ဘဝတုန်းက သူတစ်ပါးပိုင် မြေယာတွေကို ခိုးယူခဲ့မိလို့ ငါ အခု မင်းတို့အိမ်ရဲ့ ဖိနပ်ချွတ်ခန်းအောက်က အတက်၊ အဆင်းလုပ်တဲ့ သစ်တုံးကြီးအောက်မှာ တီကောင်ဘဝကို ရောက်နေ

စာမျက်နှာ ၂၇သို့ ➤

# မကွေးတက္ကသိုလ်ဝင်းအတွင်း အမျိုးသမီးအဆောင်တည်ဆောက်မှု ၉၅ ရာခိုင်နှုန်းခန့်ပြီးစီး



**မကွေး နိုဝင်ဘာ ၉**

မကွေးတိုင်းဒေသကြီး မကွေးမြို့တွင် တည်ရှိသော မကွေးတက္ကသိုလ်ဝင်းအတွင်း အနယ်နယ်အရပ်ရပ်မှ ကျောင်းသူများ ထားရှိနိုင်ရန်အတွက် လူဦးရေ ၄၀၀ ဆံ့ အမျိုးသမီးအဆောင် ဆောက်လုပ်လျက်ရှိရာ ယခုအခါ လုပ်ငန်းများ ၉၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း မကွေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာသန်းအောင်ထွေးထံမှ သိရသည်။

အဆိုပါ လူဦးရေ ၄၀၀ ဆံ့ အမျိုးသမီးအဆောင်ကို မကွေးအောင်မင်း ဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူတည်ဆောက်နေခြင်းဖြစ်ပြီး လက်ရှိတွင် လုပ်ငန်းများ အားလုံး၏ ၉၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ရာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း အပြီးတည်ဆောက်ကာ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့သို့ အပ်နှံသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီအမျိုးသမီးအဆောင်က လေးထပ်ဆောင် RC အဆောက်အအုံဖြစ်ပြီး အိပ်ဆောင်၊ ထမင်းစားဆောင်၊ အားကစားဆောင်စတာတွေကို ထည့်သွင်းဆောက်လုပ်ထားပါတယ်။ အခုလက်ရှိမှာ တည်ဆောက်ရေးလုပ်ငန်း တစ်ခုလုံးရဲ့ ၉၅ ရာခိုင်နှုန်းလောက် ဆောင်ရွက်ပြီးစီးနေပါပြီ"ဟု မကွေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာသန်းအောင်ထွေးက ပြောပြသည်။

အဆိုပါ အမျိုးသမီးအဆောင်ကို မကွေးတိုင်းဒေသကြီးအတွင်းရှိ အနယ်နယ်အရပ်ရပ်မှ လာရောက်၍ မကွေးတက္ကသိုလ်တွင် တက်ရောက်ပညာသင်ယူကြမည့် ကျောင်းသူများ ထားရှိနိုင်စေရန် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်မှ စတင်ကာ ပြည်ထောင်စုရန်ပုံငွေကျပ် ၁၆၃၈ ဒသမ ၉၀၂ သန်းဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ယခု ၂၀၂၂-၂၀၂၃ ပညာသင်နှစ်မှစ၍ အဆောင်နေကျောင်းသူများကို စတင်နေထိုင်ခွင့်ပြုသွားနိုင်စေရန် ရည်မှန်းထားကြောင်း သိရသည်။

**မိုးယံ(ဥက္ကလာ)**

# ထန်းတပင်မြို့နယ်တွင် ပန်းရန်၊ လက်သမား သင်တန်းဖွင့်လှစ်

**ထန်းတပင် နိုဝင်ဘာ ၉**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ထန်းတပင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိပြီး အိမ်တွင်းမှုဝင်ငွေတိုး လုပ်ငန်းများရရှိနိုင်စေရန်၊ မိသားစုဝင်ငွေတိုးပွားပြီး အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိနိုင်စေရန်နှင့် စွမ်းဆောင်ရည်မြင့်မားလာစေရန်ရည်ရွယ်၍ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုပန်းရန်၊ လက်သမားသင်တန်းကို နိုဝင်ဘာ ၈ ရက်က အဆိုပါဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဖွင့်လှစ်ကြောင်း သိရသည်။

ရှေးဦးစွာ ထန်းတပင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှမြင့်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ထန်းတပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မျိုးအောင်က အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ပန်းရန်၊ လက်သမားသင်တန်းဖွင့်လှစ်ပေးရခြင်း၏ ရည်ရွယ်ချက်များ၊ သင်တန်းမှ ရရှိလာမည့် အကျိုးကျေးဇူးများ၊ သင်တန်းဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက သင်ထောက်ကူပစ္စည်းများကို ပေးအပ်ရာ သင်တန်းသားများက လက်ခံရယူသည်။

အဆိုပါသင်တန်းသို့ ထန်းတပင်မြို့နယ်အတွင်းရှိ ကျေးလက်ဒေသများမှ သင်တန်းသားဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် ကျွမ်းကျင်နည်းပြများက ပန်းရန်၊ လက်သမားနည်းပညာများကို စာတွေ့လက်တွေ့ဖြင့် ယနေ့မှ ဒီဇင်ဘာ ၇ ရက်ထိ တစ်လကြာ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ ထန်းတပင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှမြင့်နှင့် တာဝန်ရှိသူများ၊ ထန်းတပင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မျိုးအောင်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ သင်တန်းနည်းပြများ၊ သင်တန်းသားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။

**ကိုညို**

# ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှုဌာနစုက ဓာတ်ခွဲစမ်းသပ်မှု ၁၈၃ ခု စစ်ဆေးဆောင်ရွက်ပေးနိုင်ခဲ့

**ရန်ကုန် နိုဝင်ဘာ ၉**

ကုန်ပစ္စည်း စမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှုဌာနစု(လှည်းကူး)က အောက်တိုဘာလအတွင်း ဓာတ်ခွဲခန်းအလိုက် ဓာတ်ခွဲစမ်းသပ်မှု ၁၈၃ ခု စစ်ဆေးဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း စားသုံးသူရေးရာဦးစီးဌာန၏ နိုဝင်ဘာ ၈ ရက် သတင်းများအရ သိရသည်။

စားသုံးသူရေးရာဦးစီးဌာန ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေး စီမံခန့်ခွဲမှုဌာနစု (CTQM) သည် အဓိကလုပ်ငန်းကြီးနှစ်ရပ်ဖြစ်သည့် ပို့ကုန်၊ သွင်းကုန်များကို ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုများ ပြုလုပ်ပေးခြင်းနှင့် အမျိုးသားအရည်အသွေးအခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများကိုအဓိကထားလုပ်ဆောင်လျက်ရှိသည်။

ပို့ကုန်၊ သွင်းကုန်များကို ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုများ ပြုလုပ်ပေးနိုင်ရေးအတွက် CTQM တွင် ဆီနှင့် ဆီထွက်သီးနှံဓာတ်ခွဲခန်း၊ ပိုးသတ်ဆေးကြွင်းဓာတ်ခွဲခန်း၊ သီးနှံ(ဓာတု) ဓာတ်ခွဲခန်း၊ သီးနှံ(ရူပ)ဓာတ်ခွဲခန်း၊ မှိုဆိပ်ဓာတ်ခွဲခန်း၊ ပိုးမွှားဓာတ်ခွဲခန်း၊ အဏုဇီဝပိုးမွှားဓာတ်ခွဲခန်း စသည့်ဓာတ်ခွဲခန်းများအပြင် မြန်မာ့သဘာဝရော်ဘာ အရည်အသွေးစမ်းသပ်စစ်ဆေးရေး ဓာတ်ခွဲခန်းအပါအဝင် ဓာတ်ခွဲခန်း ရှစ်ခု ဖွင့်လှစ်ဆောင်ရွက်ပေးသည်။



အဆိုပါ ဓာတ်ခွဲခန်းများမှ အောက်တိုဘာလအတွင်းတွင် ပို့ကုန်၊ သွင်းကုန်လုပ်ငန်းရှင် ၂၉ ဦးက အပ်နှံလာသောသီးနှံများကို စမ်းသပ်စစ်ဆေးဆောင်ရွက်ပေးခဲ့ရာ ပိုးသတ်ဆေးကြွင်းဆိုင်ရာ ဓာတ်ခွဲခန်းမှဓာတ်ခွဲစမ်းသပ်မှု ၁၂ ခု၊ မှိုဆိပ်ဆိုင်ရာ ဓာတ်ခွဲခန်းမှ ဓာတ်ခွဲစမ်းသပ်မှု ၂၆ ခု၊ ဆီနှင့် ဆီထွက်သီးနှံဓာတ်ခွဲခန်းမှ ဓာတ်ခွဲစမ်းသပ်မှု ၁၂၅ ခု၊ သီးနှံ(ဓာတု)ဆိုင်ရာဓာတ်ခွဲခန်းမှ ဓာတ်ခွဲစမ်းသပ်မှု ၁၇ ခုနှင့် သီးနှံ(ရူပ) ဓာတ်ခွဲခန်းမှ ဓာတ်ခွဲစမ်းသပ်မှု သုံးခု စစ်ဆေးဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း စားသုံးသူရေးရာဦးစီးဌာန၏ သတင်းများအရ သိရသည်။ (၃၃၆)

# စစ်ကိုင်းမြို့နယ်၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်မှု ၂၅ ရာခိုင်နှုန်းပြီးစီး

**စစ်ကိုင်း နိုဝင်ဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ပဒူကျေးရွာတွင် စိုက်ဧက ၃၀၀၀ ကျော် အကျိုးဖြစ်ထွန်းမည့် ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်လျက်ရှိရာ ယခုအခါ လုပ်ငန်းများ ၂၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ယဉ်ယဉ်ချိုထံမှ သိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ် ပဒူကျေးရွာ၌ ပြည်ထောင်စုရန်ပုံငွေကျပ် ၅၉ သန်းကျော်ဖြင့် စိုက်ဧက ၃၀၀၀ ကျော် အကျိုးဖြစ်ထွန်းမည့် ကျေးလက်ကုန်ထုတ်လမ်းကို ယခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်ဖောက်လုပ်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၂၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ပဒူကျေးရွာမှာ စိုက်ဧက ၃၀၀၀ ကျော် အကျိုးဖြစ်ထွန်းစေမဲ့ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ် ဆောင်ရွက်နေတာဖြစ်ပါတယ်။ ကုန်ထုတ်လမ်းကို ရေကျော်သုံးစင်းနဲ့ Box Culvert တစ်စင်းကို ထည့်သွင်းတည်ဆောက်ခဲ့တာမှာ ဆောက်လုပ်ရေးလုပ်ငန်းတွေကတော့ ပြီးစီးနေပြီဖြစ်ပါတယ်။ လက်ရှိလမ်းလုပ်ငန်းဆောင်ရွက်မှုအနေနဲ့ မြေသားချင်းလမ်းခင်းတဲ့ လုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်"ဟု စစ်ကိုင်းခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ယဉ်ယဉ်ချိုက ပြောပြသည်။

စစ်ကိုင်းမြို့နယ် ပဒူကျေးရွာ ကျေးလက်ကုန်ထုတ်လမ်းသည် အရှည်တစ်မိုင် ငါးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် နှစ်ပေ ကိုးလက်မ မြေသားချင်းလမ်းဖြစ်ပြီး အဆိုပါကုန်ထုတ်လမ်းပေါ်တွင် အရှည်ပေ ၁၀၀၊ အကျယ် ၁၈ ပေရှိ ရေကျော်နှစ်စင်း၊ အရှည်ပေ ၈၀၊ အကျယ် ၁၈ ပေရှိ ရေကျော်တစ်စင်းနှင့် အရှည်ငါးပေ၊ အကျယ် ၂၄ ပေ၊ အမြင့် ငါးပေရှိ Box Culvert တစ်စင်းကိုလည်း ထည့်သွင်းတည်ဆောက်ထားကြောင်း စစ်ကိုင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ယဉ်ယဉ်ချိုက ပြောပြသည်။

အဆိုပါလမ်းဖောက်လုပ်ပြီးစီးပါက တောင်သူများ လမ်းပန်းဆက်သွယ်ရေးလွယ်ကူခြင်း၊ စိုက်ပျိုးထားသော လယ်ယာထွက်ကုန်သီးနှံများ အလွယ်တကူ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောပြ၍ သိရသည်။ (၂၀၆)

# ညောင်ရွှေမြို့နယ် သာယာကုန်းကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ညောင်ရွှေ နိုဝင်ဘာ ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) အကောင်အထည်ဖော် ဆောင်ရွက်မည့် သာယာကုန်းကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာမှော်၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကိုကိုနိုင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မြတ်မြတ်မူက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းအကြောင်း မိတ်ဆက်ရှင်းလင်းပြီး စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းလုပ်ငန်းစဉ်အဆင့်ဆင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အကြောင်းအရာများကို ကျေးရွာသို့ချပြရှင်းလင်းခြင်း၊ နှစ်အလိုက် ဦးစားပေးလုပ်ငန်းများ ရွေးချယ်နိုင်ရန် ဆွေးနွေးခြင်းနှင့်ကျေးရွာစွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုစနစ်ဆောင်ရွက်ကြရန် ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ကျေးရွာသူ၊ ကျေးရွာသားများက ကော်မတီဝင်များကို အများသဘောဆန္ဒနှင့်အညီ မဲစနစ်ဖြင့် ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

ညောင်ရွှေမြို့နယ်တွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ထပ်တိုးကျေးရွာ ၁၂ ရွာတွင် VDP စီမံကိန်းကို နိုင်ငံတော်ပံ့ပိုးငွေကျပ်သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေများဖြင့် ကျေးရွာတွင်းလမ်းခင်းခြင်း၊ ရေပိုက်လိုင်းသွယ်တန်းခြင်း၊ ခန်းမဆောင် ဆောက်လုပ်ခြင်း စသည့်လုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်က ပြောပြ၍ သိရသည်။

**ဟိန်းထက်ခိုင်(မလှိုင်)**

# အားကစားဟူသည် နိုင်ငံ့အရေး

**ရွှေဘိုဘာမထိခင်အောင်**

အားကစားဟူသည် နိုင်ငံ့အရေးပင်ဖြစ်သည်။

၁၉၄၆ ခုနှစ် ဇူလိုင် ၂၇ ရက်က ရန်ကုန်တာဝါလိန်လမ်းရှိ အမှတ်-၂၅ ဗိုလ်ချုပ်အောင်ဆန်း၏ နေအိမ်၌ ဗိုလ်ချုပ်အောင်ဆန်း၊ ကာယဗလဦးရှိန်နှင့် ကာယဗလ ဦးဇော်ဝိတ်တို့သုံးဦးသည် တစ်မျိုးသားလုံး ကိုယ်လက်ကြံ့ခိုင်ရေးနှင့်ပတ်သက်၍ နံနက် ၉ နာရီမှ ည ၇ နာရီထိ ၁၀ နာရီကြာ ဆွေးနွေးခဲ့ကြ၏။ အားကစားအကြောင်းကို ၁၀ နာရီကြာ မမောနိုင်မပန်းနိုင် အားရပါးရဆွေးနွေးခဲ့ကြခြင်း၏ရည်ရွယ်ချက်မှာ တစ်မျိုးသားလုံး ကိုယ်လက်ကြံ့ခိုင်ရေးနှင့် စိတ်ဓာတ်ရေးရာမြှင့်တင်ရေးပင်ဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းက အလွန်တော်၏ရှေ့ရေးကိုကြို၍ မြင်သည်။ "အားကစားဆိုတာ နိုင်ငံရေးပဲကွ"ဟု တိုက်ရိုက်မပြောခဲ့သော်လည်း "လူတိုင်းလူတိုင်း ကိုယ်ကာယကြံ့ခိုင်ဖွံ့ဖြိုးဖို့လိုတယ်။ လူတိုင်းလူတိုင်းဟာ အကျင့်စာရိတ္တတွေ ကောင်းဖို့လိုတယ်။ လူတိုင်းလူတိုင်းဟာ တိုင်းချစ်ပြည်ချစ်စိတ်ရှိဖို့လိုတယ်။ လူတိုင်းလူတိုင်းဟာ တိုင်းပြည်တိုးတက်ဖို့ အလုပ်တွေကို အားကျိုးမာန်တက်လုပ်ကြရမယ် ဦးရှိန်ရဲ့"တဲ့ဗျ။ ထိုသို့ ၁၉၄၆ ခုနှစ် ဇူလိုင် ၂၇ ရက်တွင် ဗိုလ်ချုပ်က ဦးရှိန်ကို ပြောခဲ့သည်။ ကိုယ်ကာယကြံ့ခိုင်သန်စွမ်းပြီး၊ အကျင့်စာရိတ္တကောင်းပြီး၊ မျိုးချစ်စိတ်ရှိပြီး အလုပ်များကို အားကျိုးမာန်တက်လုပ်သည့် မြန်မာပြည်သားဖြစ်လာမှတော့ နိုင်ငံ့အတွက် လူကောင်းလူမွန်ဖြစ်ပြီပေါ့။

"အဲဒါဟာ နိုင်ငံရေးပဲ"

လူတိုင်း လူတိုင်း ကိုယ်ကာယကြံ့ခိုင်ဖွံ့ဖြိုးသန်စွမ်းလာရေးအတွက် အားကစားကို လုပ်ကြရန်အတွက် ဗိုလ်ချုပ်အောင်ဆန်း၊ ကာယဗလ ဦးရှိန်နှင့် ကာယဗလ ဦးဇော်ဝိတ်တို့ သုံးဦး ဆွေးနွေးခဲ့ကြခြင်းဖြစ်၏။

**ယနေ့ကမ္ဘာတစ်ဝန်းမှာ အားကစားနှင့်ပတ်သက်၍ သုံးသပ်ချက်**

အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီ (International Olympic Committee) မှ ပုဂ္ဂိုလ်ကြီးများ၏ ယနေ့သုံးသပ်ချက်မှာ အားကစားဆိုတာ နိုင်ငံရေးပါပဲတဲ့။

ပြီးခဲ့သည့် နှစ်ပေါင်း ၇၆ နှစ်က ဗိုလ်ချုပ်အောင်ဆန်းက ကာယဗလ ဦးရှိန်ကို "အားကစားဆိုတာ တစ်နည်းတစ်ဆွယ်အားဖြင့် နိုင်ငံရေးဗျ ဦးရှိန်ရ"ဟု ပြောခဲ့ဖူးသည်။

**နိုင်ငံတစ်ဝန်း အားကစားပေါင်းစုံဖွံ့ဖြိုးရေးကျောင်းများမှ**

ကျွန်တော်သည် ၁၀ နှစ်သား ကျောင်းသားလေးဘဝမှ အားကစားလောကသို့ ရောက်ရှိလာပြီး သင်ကြား၊ လေ့ကျင့်၊ ယှဉ်ပြိုင်ခဲ့သည်။ ၁၉၄၈ ခုနှစ် မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးသည့်နောက် အမျိုးသားကိုယ်လက်ကြံ့ခိုင်ရေးကောင်စီ (NFC) ပေါ်ပေါက်လာခဲ့၏။ ကာယဗလဦးရှိန်၊ ကာယဗလ ဦးဇော်ဝိတ်တို့ပဲ ဦးစီးဦးဆောင်၍ ဖွဲ့စည်းပေးခဲ့ရာ ဦးဇော်ဝိတ်က ညွှန်ကြားရေးဝန်ဖြစ်လာသည်။

တစ်နိုင်ငံလုံးရှိ တက္ကသိုလ်၊ အထက်တန်း၊ အလယ်တန်းကျောင်းအသီးသီးတွင် အားကစားလှုပ်ရှားမှုများရှိလာသည်။ ကျောင်းအသီးသီး၌ အလေးမ၊ ဘောလုံး၊ လက်ဝှေ့(Boxing)၊ ပြေးခုန်ပစ်၊ ဘော်လီဘော၊ ဘတ်စကက်ဘော၊ ကြက်တောင်အားကစားပစ္စည်းများကို ဖဆပလအစိုးရက ဝယ်ပေးသည်။ နောက်ပိုင်း အားကစားနည်းပြဆရာများ ခန့်ပေးထား၏။

**ကျောင်းပေါင်းစုံပြိုင်ပွဲများရှိလာ**

မြို့နယ်ကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲ၊ ခရိုင်ပေါင်းစုံ အားကစားပြိုင်ပွဲ၊ တိုင်းအားကစားပြိုင်ပွဲ၊ တိုင်းနှင့်ပြည်နယ် အားကစားပြိုင်ပွဲ၊ နိုင်ငံလုံးကျွတ်အမျိုးသားအားကစားပြိုင်ပွဲ အဆင့်ဆင့်ပေါ်ပေါက်လာ၏။ အမျိုးသားအားကစားပြိုင်ပွဲမှ တကယ့်စွမ်းရည်ရှိသည့် အမျိုးသား၊ အမျိုးသမီးများကို ဗဟိုအားကစားနှင့်ကာယပညာဦးစီးဌာနက မြန်မာ့လက်ရွေးစင်အဖြစ်သတ်မှတ်ပြီး ရန်ကုန်သို့ခေါ်ကာ အောင်ဆန်းအားကစားကွင်း၌ နေ့စဉ်လေ့ကျင့်စေပြီး ပြည်ပနိုင်ငံသို့ ထွက်ရောက်ယှဉ်ပြိုင် အနိုင်လုစေသည်။ ထိုမြန်မာ့လက်ရွေးစင်အားကစားမောင်မယ်တို့ကို ရန်ကုန်တွင် အလုပ်အကိုင်ပေးထားခဲ့သည်။

တစ်ချိန်သောကာလက အလွန်စနစ်တကျလုပ်ဆောင်ခဲ့သဖြင့် အားကစားကဏ္ဍဖြင့် နိုင်ငံတော်၏ဂုဏ်ကို မြှင့်တင်ပေးနိုင်ခဲ့ကြပေသည်။

ယနေ့မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းအသီးသီးတွင် တစ်ချိန်တုန်းကလို ကျောင်းသား၊ ကျောင်းသူအားကစားသမား မရှိကြတော့ပါ။ အားကစားပစ္စည်းပစ္စယလုံးဝမရှိတော့ပါ။ အားကစားဆိုင်ရာ နည်းပြဆရာလည်း မရှိကြတော့ပါ။

❖ အားကစားသည် နိုင်ငံ့အရေးဖြစ်သည်ဆိုရခြင်းမှာ မြန်မာ့လက်ရွေးစင်အဖြစ်နှင့် နိုင်ငံတော်ကိုကိုယ်စားပြုကာ ပြည်ပနိုင်ငံများနှင့်ယှဉ်ပြိုင်အနိုင်လုကြရာဝယ် ကိုယ့်နိုင်ငံ၏ဂုဏ်မညှိုးရလေအောင် ကိုယ့်နိုင်ငံ၏အလံတော်ကို ထိပ်ဆုံးနေရာမှလွှင့်ထူနိုင်ရေးအတွက် မြန်မာ့လက်ရွေးစင်အားကစားချန်ပီယံတို့ ကြိုးပမ်းကြရသည်။ အားမာန်အပြည့်သွင်းကာပြရပြီ။ "ငါ့နိုင်ငံအတွက် ငါ့မှာတာဝန်ရှိသည်"ဆိုသည့် အမျိုးသားရေးစိတ်ဓာတ်ကို ရင်ဝယ်ပိုက်ရတော့သည်။ ❖

ထို့ကြောင့် ပြန်လည်တည်ရှိလာရေးအတွက် နိုင်ငံတော်အစိုးရက စီမံချက်ချဆောင်ရွက်မှုဖြစ်မည်ဟု ကျွန်တော်ယုံကြည်နေမိသည်။ ကျွန်တော်တို့ အားကစားကလောင်ရှင်များက ဝိုင်းဝန်းကူညီပေးမည်။ ကျွန်တော်တို့တွင်လည်း တာဝန်ရှိသည်။

**လူငယ်တွေမညံ့ပါ**

ကျွန်တော်တို့ မြန်မာတိုင်းရင်းသား အားကစားသမားလူငယ်လူရွယ်များ မညံ့ပါ။ ဥ၊ လုံ့လ၊ ဝီရိယ စွမ်းပကား ဇာတိသွေး၊ ဇာတိမာန်ရှိကြသည်။ ယနေ့ တကယ့်လိုအပ်ချက်မှာ နည်းပညာ၊ ခေတ်မီအားကစားပစ္စည်း၊ အားကစားပံ့ပိုးငွေ(လုံလုံလောက်လောက်)၊ ဝမ်းစာရေးအတွက်အလုပ်အကိုင်ပင်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် တစ်ဦးက ကျွန်တော့်ကိုပြောခဲ့ဖူး၏။ "ကျွန်တော် လေ့ကျင့်ရတာစိတ်မပါဘူးဗျာ။ ဘာလို့လဲဆိုတော့ မိန်းမနဲ့ကလေးတွေ ထမင်းမှ စားကြရရဲ့လားလို့ တွေးမိ၊ နောက်ဆံတင်းနေမိတယ် ဦးလေးရယ်"တဲ့။ မိသားစု၏ ဝမ်းစာရေးဖူလုံပါမှ နောက်ဆံမတင်းမှာပါ။ တော်တော်အရေးပါသည့်ပြဿနာဖြစ်သည်။

**အပူအပင်မရှိပါမှ**

မည်သည့်အားကစားမျိုးမဆို အားကစားသမားသည် ပြိုင်ပွဲမဝင်မီ လေ့ကျင့်ရေးဆင်းနေရသည့်ကာလ၌ဖြစ်စေ၊ ပြိုင်ပွဲဝင်ခါနီးဖြစ်စေ စိတ်ဆင်းရဲ၊ စိတ်ထိခိုက်၊ စိတ်အနှောင့်အယှက်တစ်စုံတစ်ရာဖြစ်လာပါက လေ့ကျင့်ရေးတွင် စိတ်မပါလျော့ရဲရဲဖြစ်လာတတ်သကဲ့သို့ ပြိုင်ပွဲဝင်ရာ၌ ရှုံးတတ်သည်။

အားကစားသမားဟူသည် စိတ်ဓာတ်တက်ကြွနေပါမှ မယှဉ်ပြိုင်ခင်ကတည်းက တစ်ဝက်နိုင်နေပြီဖြစ်သည်။ စိတ်ဓာတ်ကျနေပါသော် မယှဉ်ပြိုင်ခင်ကတည်းက တစ်ဝက်ကျရှုံးနေပြီဟု အားကစားပညာရှင်က သုံးသပ်ခဲ့၏။

အားကစားနယ်ပယ်တွင် စိတ်ဓာတ်သည် အလွန်အရေးကြီးလှသည်။ ထို့ကြောင့်လည်း ကျွန်တော်တို့ အားကစားနည်းပြဆရာအဖြစ်သင်တန်း(၁၉၆၆ ခုနှစ်) တက်ခဲ့စဉ်က စိတ်ဓာတ်ရေးရာကဏ္ဍသီးခြားသင်ကြားခဲ့ရသည်။

**ယနေ့လူငယ်များ အားကစားကိုပစ်ထား Games ကစား**

တစ်နိုင်ငံလုံးရှိ ယနေ့ခေတ် အချို့သောလူငယ်လူရွယ်များ အားကစားနှင့်ပတ်သက်၍ ဘာတစ်ခုမျှမလုပ်ကြ၊ မလေ့ကျင့်ကြ၊ ကစားပြိုင်မှုမပြုကြတော့ဘဲ တစ်နေကုန်တစ်နေခန်း ဖုန်းပွတ် Games ကစားနေကြတော့သည်။ ၎င်းသည် ခေတ်၏ Style တစ်ခုလိုဖြစ်နေပေပြီ။ အချို့သောလူငယ်လူရွယ်ကလေးများ မိဘကိုလည်း ဘာတစ်ခုမျှကူညီမှုလည်းမရှိတော့ပေ။ အားကစားလေ့ကျင့်မှု ကိုယ်လက်ကြံ့ခိုင်ရေး လုံးဝလျစ်လျူရှုထားလိုက်ကြတော့သည်။ ဘာသာရေး၊ လူမှုရေး လုံးဝနတ္ထိ။ ထိုသို့ တစ်နေကုန်တစ်နေခန်း Games ကစားနေမှုကို မိဘ၊ အုပ်ထိန်းသူများကလည်း ဟန့်တားမှုမရှိကြတော့ပေ။ "သူခေတ်နဲ့သူလေ ဘယ်တားလို့ရပါ့မလဲ"ဟု ကျွန်တော့်သမီးက ပြော၏။ ရက်ရက်စက်စက်ရေးရလျှင် သား၊ သမီးများကို မိဘများက မနိုင်ဘဲလွှတ်ထားလိုက်ရခြင်းဖြစ်သည်။ ကျွန်တော့်သမီးကိုယ်တိုင်ကအလိုတူအလိုပါ။ သူလည်း တစ်နေကုန်ဖုန်းတစ်လုံးနှင့်။ ကျွန်တော်တို့မြန်မာနိုင်ငံတစ်ဝန်းရှိ အချို့သောလူငယ်များသည် အနှစ် ၂၀ အတွင်းသေးကွေးသွားလေပြီ။ ကျားကျားလျားလျား မရှိတော့ချေ။ သည်အတိုင်းတော့ လျစ်လျူရှုထား၍ မရချေ။

လိုရင်းရေးရလျှင် ယနေ့လူငယ်လူရွယ်များ အားကစားကိုလိုက်စားကြဖို့အရေး နိုင်ငံတော်အစိုးရက စီမံကိန်းရေးဆွဲ၍ တစ်နိုင်ငံလုံးရှိ တက္ကသိုလ်များ၊ ကျောင်းများ၌ အားကစားဘာသာရပ်တစ်ခုကို မလုပ်မနေရပြဋ္ဌာန်းချက်ပေးမှသာလျှင် ဖြစ်ပေတော့မည်ဟု မြင်မိသည်။

**နိုင်ငံအချင်းချင်းပေါင်းသင်းဆက်ဆံခြင်း**

အားကစားသည် နိုင်ငံ့အရေးဖြစ်သည်ဆိုရခြင်းမှာ မြန်မာ့လက်ရွေးစင်အဖြစ်နှင့် နိုင်ငံတော်ကိုကိုယ်စားပြုကာ ပြည်ပနိုင်ငံများနှင့် ယှဉ်ပြိုင်အနိုင်လုကြရာဝယ် ကိုယ့်နိုင်ငံ၏ဂုဏ် မညှိုးရလေအောင် ကိုယ့်နိုင်ငံ၏အလံတော်ကို ထိပ်ဆုံးနေရာမှ လွှင့်ထူနိုင်ရေးအတွက် မြန်မာ့လက်ရွေးစင်အားကစားချန်ပီယံတို့ ကြိုးပမ်းကြရသည်။ အားမာန်အပြည့်သွင်းကာ ပြရပြီ။ "ငါ့နိုင်ငံအတွက် ငါ့မှာတာဝန်ရှိသည်"ဆိုသည့် အမျိုးသားရေးစိတ်ဓာတ်ကို ရင်ဝယ်ပိုက်ရတော့သည်။ အခြားနိုင်ငံက အားကစားလက်ရွေးစင်တို့ကလည်း သူ့နိုင်ငံမနိမ့်ကျရေးအတွက် နိုင်ငံချစ်စိတ်နှင့် ယှဉ်ပြိုင်ကြရမည်မှာ သေချာသည်။ ဘယ်နိုင်ငံဖြစ်ဖြစ် သူ့နိုင်ငံအတွက် ကစားနေကြခြင်းဖြစ်သည်။ ထို့ကြောင့် အားကစားသည် နိုင်ငံ့အရေးဖြစ်သည်။

တကယ့်ဖြစ်စဉ်တစ်ခုကို သက်သေပြရလျှင် ၁၉၅၉ ခုနှစ် ဒီဇင်ဘာလ ဒုတိယပတ်က ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ပထမအကြိမ် ကျွန်းဆွယ်အားကစားပွဲ(နောင် အရှေ့တောင်အာရှအားကစားပွဲဟု ခေါင်းစီးပြောင်းခဲ့ ၁၉၇၇ ခုနှစ်) မှာ မြန်မာ့လက်ရွေးစင်ဖြစ်သူ ကချင်တိုင်းရင်းသူ ခင်ခင်ထွေးက Final ပွဲစဉ်တွင် ထိုင်းနိုင်ငံက ချန်ပီယံမနှင့် လုံတံပစ်ဗိုလ်လုရတော့မည်ဖြစ်ရာ ခင်ခင်ထွေးက"ငါ့နိုင်ငံရဲ့အလံတော် ယိုးဒယားအလံရဲ့အပေါ်က ရပ်တည်ရမယ်။ အဲဒါငါ့တာဝန်။ ငါ့နိုင်ငံဘယ်တော့မှ အောက်တန်းမကျစေရဘူး"ဟု ပြောခဲ့သည်။ သူ့အားသူမာန်၊ သူ့ခံယူချက်အရ လုံတံပစ်ပြိုင်ပွဲမှ ခင်ခင်ထွေး ပထမရွှေတံဆိပ်ရ ချန်ပီယံဖြစ်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံ ထိပ်ဆုံးနေရာက ရပ်တည်လွှင့်ထူနိုင်ခဲ့၏။ မခင်ခင်ထွေးက ကချင်တိုင်းရင်းသူပါ။

တစ်ဖန် ထိုပထမအကြိမ် ကျွန်းဆွယ်လက်ဝှေ့ဗိုလ်လုပွဲ၏ Final ည ၁၉၅၉ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်မှာ မွန်တိုင်းရင်းသားကြီး မုတ္တမအောင်ထွန်း(ဖယ်သာဝိတ်တန်း)ပြောလိုက်ပုံက"ယိုးဒယားချန်ပီယံဆူကာနိုကို Knock-Out ချပြီး ငါ့နိုင်ငံကို ရွှေတံဆိပ်ရယူပေးမယ်ကွ"တဲ့ဗျ။ တကယ်ပါပဲ ယိုးဒယား(ထိုင်း)ချန်ပီယံဆူကာနိုကို ပထမအချီ Knock-Out ချပြီး အမိမြန်မာနိုင်ငံအတွက် ရွှေတံဆိပ်ရယူပေးခဲ့၏။

နိုင်ငံအချင်းချင်းယှဉ်ပြိုင်လာလျှင် ကိုယ့်နိုင်ငံဂုဏ်မငယ်စေရရေးအတွက် အမျိုးသားရေးသွေး၊ ဇာတိမာန်အပြည့်နှင့် ယှဉ်ပြိုင်ကြလေ့ရှိကြပေသည်။ ယနေ့တစ်နေကုန်တစ်နေခန်း Games ကစားနေကြသည့် လူငယ်လူရွယ်လေးတစ်တွေ ဒေါ်ခင်ခင်ထွေး၊ ဦးအောင်ထွန်းတို့ကဲ့သို့ နိုင်ငံ့တာဝန်ကို အားကစားကဏ္ဍကနေပြီး ရပ်တည်စေချင်စမ်းပါဘိ။

အားကစားနယ်ပယ်သည် ပေါင်းသင်းဆက်ဆံရေးမှာ အလွန်ကျယ်ဝန်း၏။ နိုင်ငံအချင်းချင်းအားကစားပြိုင်ပွဲမှရလဒ်မှာ နိုင်ငံ့လက်ရွေးစင်များ ပေါင်းသင်းဆက်ဆံရေးမိတ်သင်္ဂဟများဖြစ်ကုန်တော့သည်။

အားကစားပွဲတော်အပြီး၌ တစ်ဦးနှင့် တစ်ဦး လိပ်စာများတောင်းကြ၊ ရေးပေးကြ၊ ဖက်လဲတကင်းနမ်းကြနှင့် ရင်းရင်းနှီးနှီးဖြစ်ကုန်ကြသည်။ ဘယ်နိုင်ငံရောက်ရောက် ဤသို့ ကျင့်ကြံကြလေသည်။

**အားကစားသမားတို့၏ ကိုယ်ချင်းစာနာစိတ်**

ဝါရင့်အားကစားသမားတိုင်းလိုလိုတွင် ကိုယ်ချင်းစာနာစိတ်ရှိကြသည်ချည်းပါ။ ထိုကိုယ်ချင်းစာနာစိတ်သည် အားကစားလောက၌ အမြစ်တွယ်လျက်တည်း။ အငြိုးအတေးမရှိကြပေ။ ကြိုးဝိုင်းအတွင်းမှာ သွေးရွှဲ၊ ချွေးရွှဲ၊ နင်လားငါလား ထိုးသတ်ကြသော်လည်း လက်ဝှေ့ပွဲပြီးသည်နှင့် တစ်ဦးနှင့်တစ်ဦး မိတ်ရင်းဆွေရင်းဖြစ်သွားကြပေသည်။ အားကစားသမားကောင်းတို့တွင် အားကစားချန်ပီယံဖြစ်မှု၏ နောက်ထပ်စည်းကမ်းရှိမှု၊ အကျင့်စာရိတ္တကောင်းမှု၊ စိတ်ဓာတ်ကြံ့ခိုင်မှု၊ ကာယကြံ့ခိုင်မှု၊ ကိုယ်ချင်းစာနာမှု၊ တိုင်းပြည်နှင့်လူမျိုးကိုချစ်မှုများပါ ပူးတွဲရှိလာစမြဲဖြစ်သည်။ အားကစားသမားကောင်းပီသလျှင် ထိုအားကစားသမားကောင်းသည် နိုင်ငံအတွက် အလွန်အကျိုးရှိပေသည်။

ဗိုလ်ချုပ်အောင်ဆန်း၊ ကာယဗလ ဦးရှိန်၊ ကာယဗလ ဦးဇော်ဝိတ်ကြီးတို့ ၁၉၄၆ ခုနှစ် ဇူလိုင် ၂၇ ရက်က ၁၀ နာရီလုံးလုံး ဆွေးနွေးခဲ့ကြသည်မှာလည်း အားကစားသမားတို့၏တန်ဖိုးကို သိနေ၍ဖြစ်ပေသည်။

ယနေ့လူငယ်လူရွယ်များကို တန်ဖိုးရှိသောသူများဖြစ်စေချင်၍ ကျွန်တော်တို့ အားကစားကလောင်ရှင်များက စာများရေးပြီး သတိပေးခြင်း၊ အားပေးခြင်း၊ လမ်းညွှန်ပေးခြင်းဖြင့် အောင်ပွဲရအားကစားကျော်ကြီးများဖြင့် Proof လုပ်ရေးပြနေခြင်းဖြစ်သည်။ နိုင်ငံတော်အတွက် လူငယ်လူရွယ်လေးများကို အားကိုး၍ပါ။ အနာဂတ်နိုင်ငံတော်၏ တာဝန်ကို ယူကြရမည့် လူငယ်လူရွယ်များမဟုတ်ပါလား။

လူတိုင်းလူတိုင်းသည် မိမိကျွမ်းကျင်ရာပညာဖြင့် နိုင်ငံတော်ကို အလုပ်အကျွေးပြုရမည်။ ၎င်းမှာ မွေးရာပါတာဝန်ပင်ဖြစ်သည်။ ထို့ကြောင့် တာဝန်သိသူတိုင်း နိုင်ငံတော်အတွက် အလုပ်လုပ်ပေးကြရမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

# ဝက်လက်မြို့နယ်၌ ဆောင်းသီးနှံများ စတင်စိုက်ပျိုးနေပြီး နိုဝင်ဘာ ၈ ရက်ထိ သီးနှံစုံ ၉၁၀၁၇ ဧက စိုက်ပျိုးပြီးစီး



**ဝက်လက် နိုဝင်ဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်၌ ဆောင်းသီးနှံများ စတင်စိုက်ပျိုးလျက်ရှိရာ နိုဝင်ဘာ ၈ ရက်ထိ သီးနှံစုံ ၉၁၀၁၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဝက်လက်မြို့နယ်၌ သီးနှံစုံ ၃၅၅၀၅၅ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်၍ စိုက်ပျိုးခဲ့ရာ နိုဝင်ဘာ ၈ ရက်ထိ ၉၁၀၁၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဝက်လက်မြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးချိန်မှာ သီးနှံစုံဧကပေါင်း ၃၅၅၀၅၅ ဧက စိုက်ဖို့လျာထားတယ်။ အခုလက်ရှိမှာတော့ ၉၁၀၁၇ ဧက စိုက်ပြီးသွားပါပြီ။ ဆောင်းသီးနှံစိုက်ပျိုးမှုအနေနဲ့ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေတယ်။ စိုက်ပျိုးမှုကတော့ အကုန်လုံးအောင်မြင်တယ်။ အကုန်လုံးစိုက်လို့ရတယ်။ သီးနှံတွေအားလုံး မြေအလပ်မရှိစိုက်နိုင်တယ်။ သီးနှံတွေအတွက်နှုန်းတိုးအောင် ဆောင်ရွက်နေပါတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ယခုနှစ် ဝက်လက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးပြီးစီးမှုအနေဖြင့် ပဲမျိုးစုံ ၈၆၆၉ ဧက၊ ဆီထွက်သီးနှံ ၆၂၄၉၉ ဧက၊ စားဖိုဆောင်သီးနှံဧက ၈၃၀၊ အခြားသီးနှံ ၁၉၀၁၉ ဧက စုစုပေါင်း ၉၁၀၁၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ဝက်လက်မြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် နှမ်းပေါင်း ဧက ၃၁၇၀၀၊ ပဲမျိုးစုံ ၁၁၄၂၆၇ ဧက၊ ဆီထွက်သီးနှံ ၁၂၆၀၈၄ ဧက၊ ချက်ကြံနှံ ၃၆၁ ဧက၊ စားဖိုဆောင်သီးနှံ ၉၉၄၄ ဧက၊ အခြားသီးနှံ ၇၂၆၉၉ ဧက စုစုပေါင်း ၃၅၅၀၅၅ ဧက စိုက်ပျိုးရန် လျာထားကြောင်း သိရသည်။

ဝက်လက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးတောင်သူများအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဆောင်းသီးနှံအချိန်မီစိုက်ပျိုးရန်၊ လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ရန်၊ မျိုးကောင်းမျိုးသန့်များစိုက်ပျိုးရန်အတွက် ပညာပေးခြင်း၊ တောင်သူမှ တောင်သူမျိုးစေ့များ ဖလှယ်ခြင်း၊ မိုးသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန်၊ စီးပွားမျိုးများ စိုက်ပျိုးကြရန်အတွက် နည်းပညာပေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဝက်လက်မြို့နယ်၌ ယခင်နှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် နှမ်းပေါင်း ၇၆၆၃ ဧက၊ ပဲမျိုးစုံ ၁၁၅၆၂၄ ဧက၊ ဆီထွက်သီးနှံဧက ၁၄၇၁၈၀၊ ကြံ ၃၆၀ ဧက၊ စားဖိုဆောင်သီးနှံ ၉၉၄၄ ဧက၊ အခြားသီးနှံ ၇၄၄၁၅ ဧကတို့ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။ (၂၀၆)

# မြေပုံမြို့နယ် ဝက်ခေါင်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**မြေပုံ နိုဝင်ဘာ ၉**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြေပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများ၏ထုတ်ကုန်ထွက်ကုန်များ ရာသီမရွေး ဈေးကွက်သို့ အလွယ်တကူသယ်ယူပို့ဆောင်နိုင်ရန်ရည်ရွယ်၍ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဝက်ခေါင်းကျေးရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကုန်ထုတ်လမ်းဖောက်လုပ်နေမှုကို နိုဝင်ဘာ ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြေပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဘစောနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ကျေးရွာလမ်းကော်မတီဝင်များနှင့်အတူ ဝက်ခေါင်းကျေးရွာ ကုန်ထုတ်လမ်းဖောက်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ယူဆောင်ရွက်နေသော နေလအားမာန်ကုမ္ပဏီမှ တာဝန်ခံအင်ဂျင်နီယာက လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ ရှင်းလင်းတင်ပြမှုအပေါ် မြို့နယ်ဦးစီးမှူး ဦးဘစောက သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်မီစေရေး ဆောင်ရွက်သွားရန်နှင့် လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

မြေပုံမြို့နယ် ဝက်ခေါင်းကျေးရွာ၌ ကုန်ထုတ်လမ်းအရှည် တစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် နှစ်ပေ ကိုးလက်မရှိ ဖြန့်မြေကျောက်လမ်းခင်းခြင်း၊ Box Culvert တစ်စင်းတည်ဆောက်ခြင်း လုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၉၂ ဒသမ ၆၁၈ သန်းဖြင့် နေလအားမာန်ကုမ္ပဏီက ဇွန် ၆ ရက်က စတင်ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၈ ရက်ထိ ၈၀ ရာခိုင်နှုန်း ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၁၄၃ အိမ်၊ လူ ၆၇၇ ဦးတို့ကို အကျိုးပြုသွားမည်ဖြစ်ကြောင်း မြေပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဘစောက ပြောပြ၍ သိရသည်။

**ကိုသန်း**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၀-၁၁-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၂၅ | ၂၀၇၀ | ၂၀၆၅ | ၂၀၃၅ | ၂၀၇၀ | ၂၀၉၅ | ၂၀၈၀ | ၂၀၅၅ | ၂၁၅၀ | ၂၁၆၅ | ၂၀၆၅ | ၂၀၇၀ | ၂၁၀၅ | ၂၁၀၅ | ၂၁၁၀ | ၂၃၃၀ | ၂၉၂၀ |
| 95 Ron | ၂၁၄၅ | ၂၁၉၀ | ၂၁၉၀ | ၂၁၅၅ | ၂၁၉၀ | ၂၂၁၅ | ၂၂၀၀ | ၂၁၇၅ | ၂၂၇၀ | ၂၂၈၅ | ၂၁၈၅ | ၂၂၀၀ | ၂၂၂၅ | ၂၂၂၅ | ၂၂၃၀ | ၂၄၅၀ | ၃၀၀၀ |
| HSD (500 ppm) | ၂၆၂၅ | ၂၆၇၅ | ၂၆၇၀ | ၂၆၃၅ | ၂၆၇၀ | ၂၆၉၅ | ၂၆၉၀ | ၂၆၆၀ | ၂၇၇၅ | ၂၇၇၀ | ၂၆၆၅ | ၂၆၇၅ | ၂၇၁၀ | ၂၇၁၀ | ၂၇၁၀ | ၂၉၃၀ | ၃၆၄၅ |
| HSD (50 ppm) | ၂၇၀၀ | ၂၇၅၀ | ၂၇၄၅ | ၂၇၁၀ | ၂၇၄၅ | ၂၇၇၀ | ၂၇၆၅ | ၂၇၃၅ | ၂၈၄၅ | ၂၈၄၀ | ၂၇၄၀ | ၂၇၅၀ | ၂၇၈၀ | ၂၇၈၅ | ၂၇၈၅ | ၃၀၀၅ | ၃၆၇၅ |
| HSD (10 ppm) | ၂၇၀၀ | ၂၇၅၀ | ၂၇၄၅ | ၂၇၁၀ | ၂၇၄၅ | ၂၇၇၀ | ၂၇၆၅ | ၂၇၃၅ | ၂၈၄၅ | ၂၈၄၀ | ၂၇၄၀ | ၂၇၅၀ | ၂၇၈၀ | ၂၇၈၅ | ၂၇၈၅ | ၃၀၀၅ | ၃၆၇၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၂၆ | ၁၉၉၈ |
| 95 Ron | ၂၀၄၂ | ၂၁၁၇ |
| HSD (500 ppm) | ၂၅၁၁ | ၂၅၉၁ |
| HSD (50 ppm) | ၂၅၈၂ | ၂၆၆၃ |
| HSD (10 ppm) | ၂၅၈၂ | ၂၆၆၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ




STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊မန္တလေးမြို့
ဖုန်း - ၀၉ ၆၆၀၇၀၂၂၄၄

# မာဘယ်ကျောက်ပြားစက်ရုံ (မန္တလေး)

ပင်ရင်းအရောင်းဌာန - ဖုန်း- ၀၉၆၉၁၂၃၁၆၃၉

အီတလီနိုင်ငံထုတ် ခေတ်မီစက်ကရိယာများ အသုံးပြုကာ
အီတလီနည်းပညာဖြင့်ထုတ်လုပ်ထားသည့် အရည်အသွေးကောင်းမွန်သော
နေပူခံကျောက်ပြား၊ အိမ်တွင်းအလှဆင် ကျောက်ပြားနှင့်ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ....

CNC 3D ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍ ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ
ကျောက်ထွင်းပန်းချီကားများ၊လူသုံးကုန်ပစ္စည်းများအား ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။





STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မဝ်လာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၀၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၏ တည်ဆောက်ရေးလုပ်ငန်းများအတွက် လုပ်ငန်းတင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီးအတွင်း ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ရတနာပုံတက္ကသိုလ်မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့်ဆောင်ရွက်မည့် (၂၆၀ပေ × ၇၆ပေ) စားသောက်ဆိုင်ခန်း(၁)လုံး တည်ဆောက်ရေးလုပ်ငန်းများကို တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားတိုင်းရင်းသားလုပ်ငန်းရှင်များအား တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| (က) | တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက် | - (၁၁-၁၁-၂၀၂၂)ရက်မှ(၂၄-၁၁-၂၀၂၂)ရက် အထိ (ရုံးချိန်အတွင်း) |
| (ခ) | တင်ဒါလျှောက်လွှာ တင်သွင်းရမည့်ရက်/အချိန် | - (၁၁-၁၁-၂၀၂၂) ရက်နှင့် (၁-၁၂-၂၀၂၂)ရက် (ရုံးချိန်အတွင်း) |
| (ဂ) | တင်သွင်းဖွင့်ပွဲကျင်းပမည့် ရက်/အချိန်/နေရာ | - ထပ်မံကြေညာပါမည် |
| (ဃ) | တင်ဒါလျှောက်လွှာ ဝယ်ယူရမည့်နေရာ | - အင်ဂျင်နီယာဌာန၊ ရတနာပုံတက္ကသိုလ်။ |

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးအဖွဲ့**
**ဖုန်း ၀၉-၂၀၂၁၇၆၀၊ ၀၉-၄၅၂၅၂၇၁၉၁**

## ရာဇမဏိစူဠာ ကောင်းမှုတော်ဘုရားကြီး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းမြို့၊ ရာဇမဏိစူဠာ ကောင်းမှုတော်ဘုရားကြီး၏ ဓါတ်အားလိုင်းနှင့် ကွန်ကရစ်တိုင်များ အစားထိုးလဲလှယ်ခြင်းလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာရောင်းချမည့်ရက် - ၁၃-၁၁-၂၀၂၂ ရက်မှ ၁၉-၁၁-၂၀၂၂ အထိ

၃။ တင်ဒါတင်သွင်းရမည့်ရက် - ၂၀-၁၁-၂၀၂၂ ရက် (၉း၀၀ နာရီ မှ ၁၆း၀၀ နာရီ)

၄။ တင်ဒါတင်သွင်းရမည့်နေရာ - ရာဇမဏိစူဠာကောင်းမှုတော်ဘုရား ဂေါပကရုံးခန်း

၅။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များအား အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**ဂေါပကအဖွဲ့ရုံး**
**ရာဇမဏိစူဠာကောင်းမှုတော်ဘုရား**
**စစ်ကိုင်းမြို့။**
**ဖုန်း ၀၉-၄၄၄၀၀၁၉၃၁**

### ပျောက်ဆုံးကြောင်း

ပုသိမ်မြို့နေ မမြတ်မြတ်စိုး (ဘ) ဦးစစ်တွေ (၁၄/ပသန(နိုင်)၁၉၄၆၇၅) ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
၀၉-၂၅၃၀၀၀၆၄၅

### ပျောက်ဆုံးကြောင်း

ပုသိမ်မြို့နယ်နေ ဇော်ဖြိုးလင်း(ဘ) ဦးမြင့်သိန်း (၁၄/ပသန(နိုင်)၂၆၅၅၃၈) ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
၀၉-၇၈၀၁၆၅၀၁၅၇

### ပျောက်ဆုံးကြောင်း

မြန်အောင်မြို့နယ်နေ နေလင်းအောင် (ဘ) ဦးအောင်ချစ် (၁၄/မအန(နိုင်)၂၄၀၅၅၇)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
၀၉-၇၅၁၇၇၁၇၇၅

### ပျောက်ဆုံးကြောင်း

မြင်းခြံမြို့နေ တင့်နိုင်ဝင်း (ဘ) ဦးဝင်းကြည် (၉/မခန(နိုင်)၁၉၆၅၃၇) ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
၀၉-၂၅၆၁၁၅၂၄၃

### မိခင်အမည်မှန်

ပြည်ကြီးတံခွန်မြို့နယ်၊ အမှတ်(၂၉) အခြေခံပညာအထက်တန်းကျောင်း(ခွဲ) Grade-3 မှ မောင်ဇေယံနော်နှင့် Grade-8 မှ မောင်ထက်ဇော်အောင် တို့၏ မိခင်အမည်မှန်မှာ မှတ်ပုံတင်စာရင်းအရ ဒေါ်ခင်စန်းလှိုင် ဖြစ်ပါကြောင်း။
**ဒေါ်ခင်စန်းလှိုင်(၉/မမန(နိုင်)၂၉၀၃၇၄)**

### ပျောက်ဆုံးကြောင်း

မြင်းခြံမြို့နယ်နေ လှိုင်မင်း (ဘ) ဦးညီစိန် (၉/မခန(နိုင်)၂၁၈၃၄၇)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
၀၉-၄၀၂၇၂၈၇၇၄

### ပျောက်ဆုံးကြောင်း

ငါန်းဇွန်မြို့နယ်နေ ဆန်းမောင်(ဘ) ဦးချွေးနီ (၉/ငဇန(နိုင်)၀၇၁၂၀၇)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
၀၉-၄၀၂၇၂၈၇၇၄

### ပျောက်ဆုံးကြောင်း

ငါန်းဇွန်မြို့နယ်နေ နိုင်ဇော် (ဘ) ဦးသန်းအောင် (၉/ငဇန(နိုင်)၁၃၆၅၂၂)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
၀၉-၄၀၂၇၂၈၇၇၄

ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

➤ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်**

၁။ **နိုင်ငံရေး**
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

၂။ **စီးပွားရေး**
(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

၃။ **လူမှုရေး**
(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

❖ ဒေသနှင့်တိုင်းရင်းသားအကျိုးကို တရားဥပဒေနှင့်အညီ တောင်းဆိုဆွေးနွေးနိုင်ရေးအတွက် တိုင်းရင်းသားကိုယ်စားလှယ်များအနေဖြင့် နိုင်ငံရေးစင်မြင့်တွင် ယခုထက်ပိုမိုပါဝင်လာရန်လိုအပ်...

❖ အမိနိုင်ငံတော်တည်းဟူသော အရိပ်အာဝါသအောက်တွင် အတူတကွပေါင်းစည်းနေထိုင်ကြသူများဖြစ်သဖြင့် ပြည်ထောင်စုဖွားတိုင်းရင်းသားများအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆိုပါက တစ်သွေးတစ်သားတည်း၊ တစ်စိတ်တစ်ဝမ်းတည်းဖြင့် စိတ်တူကိုယ်တူသဘောထားတူညီစွာ အတူတကွလက်တွဲ၍ ကြိုးပမ်းဆောင်ရွက်သွားရန်လိုအပ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် ဩဂုတ် ၂၂ ရက်တွင် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO) ဥက္ကဋ္ဌ ခွန်သူရိန်လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU) ဥက္ကဋ္ဌ ကျာဆော်လမွန်နှင့်ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP) ဒုတိယဥက္ကဋ္ဌ ခေါမြရာဇာလင်းတို့ ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ကို တွေ့ဆုံဆွေးနွေးစဉ် ပြောကြားမှုမှ ကောက်နုတ်ချက်)

# နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် မွန်ပြည်သစ်ပါတီ(NMSP) ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၉**

နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် မွန်ပြည်သစ်ပါတီ (NMSP) ဒုတိယဥက္ကဋ္ဌ ဦးဆောင်သောငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး

စာမျက်နှာ ၁၈ ကော်လံ ၃ ☆





**နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် မွန်ပြည်သစ်ပါတီ(NMSP) ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးစဉ်။**

# ငပလီကမ်းခြေဆောင်းဦးပွဲတော်ကို စည်ကားသိုက်မြိုက်စွာဆင်နွှဲနိုင်ရန် ဖွင့်လှစ်သွားမည်



၂၀၂၁ ခုနှစ် ဆောင်းဦးပွဲတော်တွင် ငပလီကမ်းခြေ၌ အပန်းဖြေသူများကို တွေ့ရစဉ်။

**ရန်ကုန် နိုဝင်ဘာ ၉**

ခရီးသွားပွင့်လင်းရာသီသို့ ဝင်ရောက်လာချိန်တွင် ပင်လယ်ကမ်းခြေအပန်းဖြေခရီးစဉ်တို့၌ ခရီးသွားများဝင်ရောက်ရာ ငပလီကမ်းခြေတွင် ယမန်နှစ်ကဲ့သို့ ဆောင်းဦးပွဲတော်ကို အပန်းဖြေခရီးသွားများစည်ကားသိုက်မြိုက်စွာဆင်နွှဲနိုင်ရန် နိုဝင်ဘာလဒုတိယပတ်နှင့်တတိယပတ်တို့တွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ရခိုင်ပြည်နယ် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

စာမျက်နှာ ၁၉ ကော်လံ ၁ ☐

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌဟောင်း ဦးလှသိန်းနှင့် အဖွဲ့ဝင်ဟောင်း ဦးမြင့်နိုင်တို့၏ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ မဲမသမာမှုဖြစ်စဉ်နှင့်ပတ်သက်၍ ပြစ်ဒဏ်ကျခံရမှုအပေါ် ဖြေလျှော့ကင်းလွတ်ခွင့် ပြုခဲ့သည့် ထုတ်ပြန်ချက် စာမျက်နှာ - ၂၂




အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်

"ဆုံးရှုံးမှုအန္တရာယ်ဘေး မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ"

Hotline - 09-450450561, 09-450450562, 09-450450563